www.burmeseclassic.com

ရွှေပဒေသာစာပေ

# အလင်းသစ်

## လျှို့ဝှက်အချစ်



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
(၂၀၁၆၊ ဇန်နဝါရီလ)

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးနှင့် – ဦးအေးလွင် (၀၀၂၄၀)
အတွင်းပုံနှိပ်သူ – ရွှေပဒေသာအော့ဖ်ဆက်
အမှတ်(၃၃)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖြန့်ဈေး – ၁၅၀၀ ကျပ်

အုပ်ရေ – ၅၀၀ အုပ်

၈၉၅ . ၈၃

အလင်းသစ်

လျှို့ဝှက်အချစ်/ အလင်းသစ် – ရန်ကုန်။

ရွှေပဒေသာစာပေ၊ ၂၀၁၆၊ ရန်ကုန်။

၂၆၄ – စာ၊ ၁၂ . ၃ ၁၈ စင်တီ။

(၁) လျှို့ဝှက်အချစ်

# လျှို့ဝှက်အချစ်

အလင်းသစ်

www.burmeseclassic.com

www.burmeseclassic.com



"မိုးနဲ့မြေကြီး လက်ခုပ်တီးဆိုသလို မဖြစ်နိုင်တဲ့ အရာနှစ်ခုကိုထိစပ်ကြည့်တာ စိတ်ကူးယဉ်လို့ပဲ ကောင်းတာပါ။ နှောင်ကြိုးရယ် ဘယ်လိုမှ မဖြစ်နိုင်တဲ့ ဘဝနှစ်ခုကို ကြိုးဖန်ပြီး ပေါင်းစည်းပေးတာ ဝတ္ထုတွေထဲမှာပဲ ဖတ်လို့ကောင်းတာပါ။ အဲဒါက ဇာတ်လမ်းမို့လို့ စာရေးဆရာတွေက သူတို့လိုသလို ဆွဲယူပြီး ကြိုးဖန်ပေါင်းစည်းပေးတာလေ။ လက်တွေ့ဘဝက ကိုယ့်ကိုယ်တောင် ကိုယ်မပိုင် မပိုင်ဝက်မွေးအဖြစ်လို စိတ်ကူးယဉ်တိုင်း ဖြစ်လာနိုင်မှာမှ မဟုတ်တာ"

**မင်းဝသန့်**

နင် . . . မဖြစ်နိုင်တာကို မျှော်လင့်မနေနဲ့နော်။ နှောင်ကြိုး မဖြစ်နိုင်တော့ဘူးဆိုတာကို သိနေရင် ဖြစ်သင့်တာကိုပဲ လုပ်ရမှာ။ စိတ်ကူးနဲ့ ရေပေါ်အရုပ်ဆွဲနေရင်တော့ နင့်တို့ အနာဂတ်လှမှာ မဟုတ်ဘူး။ ငါက ဒါလုပ်ရမယ်မလို့ ဆုံးဖြတ်ချက်ချပြီးရင် မဖြစ်၊ ဖြစ်အောင်လုပ်တတ်တဲ့ကောင်၊ နင် . . . ဟိုကောင့်ကို လွမ်းပြနေလို့ ငါ . . . နောက်ဆုတ်လိမ့်မယ်လို့ မထင်နဲ့"

**ဘုန်းရှိန်ဝါ**



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ထဲမှာ ဆူးတွေစူးနေတယ် နင်သိလား ဝသန်။ အဲဒီ ဆူးကို ထွင်းထုတ်လို့တော့ ရပါတယ်။ ဒါပေမယ့် ဆူးစူးတယ်ဆိုတာ နဲ့ ဆူးကိုထွင်ထုတ်လို့ရပေမယ့် ဆူးထွင်ရာကတော့ ကျန်ခဲ့မှာပဲလေ။ နင် . . . အရမ်းရက်စက်တယ်။ နင် . . . ဘာလို့ မပွင့်လင်းနိုင်ရတာလဲ။ နင် . . . မပြောပေမယ့် နင် . . . ရင်ထဲမှာ ဘာရှိနေတယ်ဆိုတာ ငါ . . . သိပါတယ်ဟာ။

နှောင်ကြိုးခင်ခင်





## အခန်း (၁)

ကိုဇော်ဦး ကလေးတစ်ယောက်ကို လက်မှာဆွဲလျှက် ရန်ကုန် သို့ပြန်ရောက်ခဲ့ပြီလေ။ ကလေးက ငါးနှစ်သားလေးဆိုတော့ ကားဆင်း ကားတက်မှာတော့ ချီခေါ်ရတာပေါ့။ ဒီလိုနဲ့ လာခဲ့ရင်း ကိုယ့်အိမ်အနား ကိုရောက်လုနီးတာနဲ့ . . .

"ခင်ခင်ရေ . . . ခင်ခင်"

". . . . . . . . ."

"ခင်ခင်"

ခေါ်တာတော့ အိမ်ရှေ့ကတည်းကဖြစ်ပြီး အိမ်ပေါ်တက်မှပဲ ခင်ခင်က စက်ချုပ်တာရပ်ပြီး လှည့်ကြည့်သည်လေ။ စက်ချုပ်နေတဲ့ အသံကြောင့် သူ့ခေါ်သံကို မကြားတာထင်ပါရဲ့။ အခု . . . လှည့်ကြည့် ပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . ကိုဇော်ပြန်လာပြီ"

ထိုင်နေရာမှထသွားပြီး ခင်ပွန်းသည်၏ ပခုံးမှာ ချိတ်ထားတဲ့ ကျောပိုးအိတ်ကို လှမ်းအယူမှာ ကိုဇော်လက်ကို ဆွဲထားတဲ့ ကလေးငယ်ကို သတိထားမိသွားလေလျှင် . . . ခင်ခင် မျက်မှောင်လေးကြုတ်သွားလျှင်မှ . . .

"ကိုဇော် . . . ဒီကလေးက"

"ပြီးမှ ကိုယ်ရှင်းပြမယ်။ သားနဲ့ သမီးရော . . ."

"ရှိတယ် ကိုဇော်။ သမီးက ထမင်းဆာတယ်ဆိုလို့ သားက ခူးကျွေးနေတာ။ မီးဖိုချောင်ထဲမှာလေ . . ."

"အေး. . ."

"မောလာပြီမို့လား။ ခင်ခင် ရေချိုးပေးရမလား"

"ကောင်းတာပေါ့။ မိန်းမမျက်နှာမြင်လိုက်ကတည်းက အမော ကတော့ ပြေပြီးသားပါ။ ရေချိုးတိုက်တော့ ပိုတာပေါ့"

"ပြောတော့မယ်"

"တကယ် ပြောတာ ခင်ခင်ရဲ့။ သားနဲ့သမီးကိုပါ ခေါ်လိုက် ပါဦး"

ခင်ခင် ခေါင်းညိတ်ပြီး မီးဖိုချောင်ဘက်သို့ ဝင်သွားလေ၏။ ကိုဇော်ဦးကတော့ ကလေးကို ရင်ခွင်ထဲမှာထိုင်စေပြီး မျက်နှာလေးကို ငုံ့ကြည့်ကာ ကလေးက အိပ်ချင်နေသည့် ထင်ပါရဲ့။ မျက်ကျောလေး





စင်းနေသဖြင့် "သား အိပ်ချင်လို့လား" လို့ မေးတော့ ခေါင်းညိတ်ပြ တာနှင့် ခေါင်းအုံးတစ်လုံး သွားယူပြီး သူ့ဘေးမှာ သင်ဖြူးတိုရလေး ခင်းပေးကာ သိပ်လိုက်တော့ ခဏလေးနှင့် အိပ်ပျော်သွားရှာလေသည်။

ဪ . . . ကလေးဆိုတော့ ပူပန်ရကောင်းမှန်းမသိလို့သာ ပေါ့။ သူ့ဘဝကလေးက သနားစရာပါ။ မအေက ဒီကလေး တစ်နှစ် ကျော်ကတည်းက ဆုံးသွားခဲ့တာလေ။

အခု . . . အဖေလုပ်သူကလည်း ဆုံးသွားပြီလေ။ ဒီကလေးရဲ့ အဖေက ဇော်ဦးရဲ့ အချစ်ဆုံး သူငယ်ချင်းပါ။ သူငယ်ချင်းဆုံးတယ် ဆိုလို့သွားခဲ့တာလေ။ ဟိုရောက်တော့ ဒီကလေးကို တာဝန်ယူပြီး မွေးချင်သူက မရှိတာကြောင့် ကိုယ်ပဲမျက်စိ စုံမှိတ်ပြီး ခေါ်လာခဲ့တာပါ။ သူတို့လင်မယားအဖြစ်ကလည်း သူများကလေးကို မွေးစားဖို့နဲ့ တော်တော် အကျိုးပေးသလားတော့မသိပါဘူး။

အခု . . . လက်ရှိမှာ သားနဲ့သမီးတောင် သမီးကတော့ ကိုယ်နဲ့ခင်ခင့်ရဲ့ သမီးအရင်းဖြစ်ပြီး။ သားကတော့ ခင်ခင့်အချစ်ဆုံး သူငယ်ချင်းရဲ့ သားလေးပါ။ နာမည်ကတော့ ဘုန်းရှိန်ပါတဲ့။ ဒီနာမည် ကို သူ့အဖေကိုယ်တိုင် ပေးခဲ့တာလို့ ပြောတာပဲ။ သူ့အဖေက သူဌေး သားတဲ့လေ။ မအေက ဆင်းရဲတဲ့ အသိုင်းအဝိုင်းမှာ ကြီးပြင်းလာခဲ့သူ။

သူဌေးသားနဲ့ ဆင်းရဲသူမညားတော့ အိမ်ထောင်ရေးက အဆောက်ကမပေါ့လေ။ ပြည့်ပန်းညို ချိုချင်ပါလျက် ဆားကဖျက်သလို ချိုးဖြစ်ပါ။ ကလေးကိုမွေးပြီး တစ်နှစ်သားမပြည့်ခင်မှာ အောင်ဝေ့ ဝိုင်ရဲ့ မိဘတွေက သူတို့သားကို နိုင်ငံခြားလွှတ်ကြတယ်လေ။ အခြေ အတော့ သားတို့မိသားစုရဲ့ ဘဝရှေ့ရေးအတွက်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်စိုးကလည်း ကိုယ့်မှာသားလေးရှိလာပြီဆိုပြီး မိသားစုအတွက် သွားမယ်လို့ဆုံးဖြတ်ခဲ့တာတဲ့။ အောင်ကျော်စိုးလည်း နိုင်ငံခြားကို ထွက်သွားရော ယောက္ခမတွေက မြလေးနွယ်တို့ သားအမိကိုနှင်ချခဲ့တာဆိုပဲ။ ကလေးကိုလည်း ဆင်းရဲသွေးစပ်လို့ဆိုပြီး မချစ်ကြဘူးတဲ့လေ။ ဒါတွေ အားလုံး မြလေးနွယ် မသေခင်က ပြောပြလို့ သိခဲ့ရတာပါ။

"ဖေကြီး . . . ပြန်လာပြီ"

"ဖေကြီး"

"ဟော . . . ကွာ"

သားဘုန်းရှိန်ဝါနဲ့ သမီးလေး နှောင်ကြိုးခင်ခင်တို့မှာ သူ့အနား သို့လာတိုးကြပြီး . . .

"ဖေကြီး မီးလေးဖို့ မုန့်ပါလား"

"ပါတာပေါ့ သမီးရဲ့။ ဖေကြီးက သားနဲ့သမီးအတွက် မုန့် တွေဝယ်လာတာပေါ့"

"ဒါဆို ဘယ်မှာလဲ"

"သား"

"ဗျာ . . . အဖေ"

"အဖေ့ ကျောပိုးအိတ်ထဲမှာ မုန့်တွေပါတယ်ကွ။ အဲဒါ သွား ယူပြီး ညီမလေးကို ကျွေးလိုက်နော်။ သားလည်း စား"





"ဟုတ်ကဲ့ အဖေ"

ဘုန်းရှိန်ဝါ ထသွားလေတော့ . . .

"ဖြည်းဖြည်းနင်းသား ညီလေး နိုးသွားမယ်"

ကိုဇော်ဦး ပြောလိုက်တော့ ဘုန်းရှိန်ဝါက အိပ်နေတဲ့ ကလေး ကိုငုံ့ကြည့်ကာ . . .

"သူက ဘယ်သူလဲ အဖေ"

"ပြီးတော့မှ အဖေ ပြောပြမယ်ကွာ"

ဆိုတော့ ဘုန်းရှိန်ဝါ ဘာမှမပြောတော့ပေ။ ထိုစဉ် ခင်ခင် ရောက်လာပြီး ရေတစ်ခွက်ကမ်းပေးတော့ ကိုဇော်ဦးယူပြီး သောက်လိုက် ၏။ ရေတစ်ခွက်က ဘာမှမဟုတ်ဘူး ထင်ရပေမယ့် ချစ်ဇနီးက အလိုက် သိစွာ ခပ်ပေးလာတဲ့ ရေဟာအမောပြေဆေးပါ။

နှောင်ကြိုးလေးက အိပ်နေတဲ့ သူနဲ့ရွယ်တူ ကောင်လေးကို မျက်လုံးဝိုင်းလေးနဲ့ကြည့်ကာ ဖခင်၏ ပေါင်ကိုလက်ကုတ်၍ . . .

"ဖေကြီး"

"ဟော"

မေးချင်လို့ လက်ကုတ်ပြီးမှ မမေးဘဲရှိနေတာကို ကိုဇော်ဦး သဘောပေါက်ပါသည်။ ကလေးဆိုတော့ ဘယ်လိုမေးရမှန်း မသိလို့ဘဲ ဖြစ်မှာပေါ့။ ဘုန်းရှိန်ဝါက မုန့်ထုပ်တွေကို ကိုင်လာလေတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"သမီး . . . ဟိုမှာ ကိုကို မုန့်တွေယူလာပြီ။ သားရေ ညီမလေးကိုခေါ်ပြီး ကြိုက်တဲ့နေရာမှာသာ စားကြကွာနော်"

"ဟုတ်ကဲ့ ညီမလေး . . . လာ"

ဘုန်းရှိန်ဝါက နှောင်ကြိုးကို လက်ဆွဲပြီးခေါ်လေသ်လျှင် နှောင်ကြိုးလိုက်သွားလေတော့၏။ ဒီတော့မှ ခင်ခင် ခင်ပွန်းသည်၏ ဘေးမှာ ဝင်ထိုင်လိုက်ပြီး . . .

"ပြောပါဦး ကလေးကိစ္စ"

ကိုဇော်ဦး သက်ပြင်းချလိုက်ပြီး . . .

"ဝင်းမိုလ် ဆုံးသွားတော့ သူ့အမျိုးတွေရော ကလေးအမေဘက်က အမျိုးတွေရော ဒီကလေးကို မမွေးချင်ကြဘူး ခင်ခင်။ အဲဒါကြောင့် ကိုယ်ပဲခေါ်လာခဲ့တာ။ ကလေးက အရမ်းသနားဖို့ကောင်းပါတယ်။ ပြီးတော့ ခင်ခင့်လည်း ကြည်ဖြူမယ် ထင်လို့ပါ"

"ခေါ်လာတာကတော့ ဟုတ်ပါပြီ။ ကလေးတစ်ယောက်ရဲ့ ကရိကထက သေးတာမဟုတ်ဘူး ကိုဇော်။ သားရှိန်ဝါကို မွေးတုန်းက သမီးကိုတောင် မွေးသေးတာမဟုတ်ဘူး။ ကိုယ့်မှာ ကလေးမရှိတုန်းက မွေးခဲ့တာဆိုတော့ ပြဿနာ မရှိဘူးလေ။ အခုက ကိုယ့်မှာသားရော သမီးရော ရှိနေတော့"

"အဲဒီအတွက် ခင်ခင် ကရိမခံချင်နေပါ။ ဝသန်က ငါးနှစ်သားပဲဥစ္စာ။ ချေးကလု သေးကလု ခံနေစရာမလိုတော့ဘူးလေ။ သူ့ကို ပတ်သက်ပြီး ဘာဖြစ်ဖြစ် ကိုယ်ပဲတာဝန်ယူပါ့မယ်"





"ဘာထူးမှာလဲ ကိုဇော်။ ကိုဇော်က ဒီကလေးကို သွားလေရာကျော့ပိုး ခေါ်သွားနိုင်မှာမှမဟုတ်တာ။ ရှင်နဲ့ကျွန်မက အေးအတူပူအမျှ လင်မယားပဲလေ။ ခေါ်လာပြီးကာမှတော့ ဘာတတ်နိုင်မှာလဲ"

အဲဒီ ဘာတတ်နိုင်မှာလဲ ဆိုတာအတွက်ပဲ ကျေးဇူးတင်ရမှာပေါ့။ ဖြစ်နေပုံက ဘုန်းရှိန်ဝါသည် ခင်ခင့် အချစ်ဆုံးသူငယ်ချင်းရဲ့သား။ အဲဒီတုန်းက ကိုယ်လည်းကြည်ဖြူခဲ့တယ်လေ။ အခု မင်းဝသန်လေးကတော့ ကိုယ့်အချစ်ဆုံး သူငယ်ချင်းရဲ့သားပါ။

"ဒါနဲ့ နာမည်က ဘယ်သူ"

"ကလေးလား"

ကိုဇော်ဦး ကလေးကို ငဲ့ကြည့်လိုက်ကာ . . .

"မင်းဝသန်တဲ့"

"ဩော်"

သူတို့ ကြည့်နေစဉ်မှာပဲ မင်းဝသန်လေးက လူးလွန့်လာပြီး မျက်လုံးလေး ဖျတ်ခနဲဖွင့်ကြည့်ကာ ပြီးတော့ပြန်အိပ်သွားတာပါပဲ။ အိပ်ရေး အိပ်မက်လို့များ လန့်သွားလေသလား။

"သူ့မွေးသက္ကရာဇ်တွေ ဘာတွေ ရှင်မေးလာခဲ့သေးလား။ အရေးကြီးတာက အဲဒါနော်။ အဲဒါတွေကို သိမှလူတစ်ယောက်ရဲ့ ဇာတာဆိုတာ စစ်ကြည့်လို့ရတာ"

"မေးလာတာပေါ့။ ငါစာနဲ့ရေးပြီး မှတ်လာတယ်။ ပိုက်ဆံအိတ်ထဲမှာ ပြီးရင် ခင်ခင် ယူကြည့်လိုက်ပေါ့။ နေ့ကတော့ မှတ်ဘူး .



www.burmeseclassic.com

www.burmeseclassic.com



သာ။ အစက နာမည်ကို ဝသန်မင်းလို့ ပေးထားတာတဲ့။ နောက်မှ ခေါ်လို့ အဆင်မပြေသလိုဘဲဆိုပြီး မင်းဝသန်လို့ ခေါ်ဖြစ်သွားတာလို့ ပြောကြတာပဲ"

"ဒါဆို သားရှိန်ဝါနဲ့ အတူတူပေါ့"

မှန်ပါသည်။ ရှိန်ဝါကလည်း ဖွားဘူးသားပဲလေ။ ပထမ နာမည်ကို ရှိန်ဝါကျော်လို့ ပေးတာတဲ့။ ဒါကို သူ့အဖေက မကြိုက်ဘူးဆိုပြီး ရှေ့က ဘုန်းထည့်ကာ ဘုန်းရှိန်ဝါလို့ အတည်ပြုခဲ့တာတဲ့လေ။ ခင်ခင် ကလေးရဲ့မျက်နှာကို ထပ်ပြီးလှမ်းကြည့်လိုက်မိ၏။ သူမတို့ သားသမီးမွေး ကံကောင်းတယ်လို့ပဲ ပြောရမလား။

ကိုယ်ကိုယ်တိုင် မမွေးရပေမယ့် ကိုယ်တွေရဲ့ ရင်ခွင်ငွေ့မှာပဲ ခိုလှုံနေကြမှာပဲလေ။ ရှိန်ဝါက အသားဖြူပြီး ပိန်ပိန်သွယ်သွယ်နှင့် ချစ်ဖို့ ကောင်းသလို၊ မင်းဝသန်ကျတော့ အသားလေးဝါညက်ညက်နှင့် ပြည့်ပြည့်ဖောင်းဖောင်း ချစ်စရာကောင်းနည်း တစ်မျိုးပေါ့။ ကိုယ်တွေမွေးထားတဲ့ သမီးလေးနှောင်းကြူးခင်ခင်ကတော့ ပြောစရာမလိုတော့ပါဘူး။ ကိုယ်တွေ မျက်စိထဲမှာတော့ ကြွေရုပ်ကလေးအတိုင်းပါပဲ။

"အင်း . . . နေ့ချင်း အတူတူပေါ့"

"သူ . . . အိမ်ရာကနိုးရင် ကလေးချင်းတွေ သင့်မြတ်အောင် သေသေချာချာလည်း ပြောထားဦး"

"အေးပါ"

"ကဲ . . . ကိုဇော်လည်း အမောဖြေလိုက်ဦး။ ခင်ခင်လည်း





ချုပ်လက်စ အင်္ကျီလေးပြီးအောင် ဆက်ချုပ်လိုက်ဦးမယ်။ အဲဒီ ဝတ်စုံတွေ မနှစ်ဖြန်လာရွေးမှာ"

"ဟုတ်လား ဒါဆို သွားလေ"

"ရှင် . . . ထမင်းရော စားပြီးပြီလား"

"စားပြီးပါပြီ။ လမ်းမှာ စားလာတာ"

မစားရသေးရင် ခူးကျွေးမလို့ ခင်ခင် မေးတာပါ။ စားပြီးပြီဆိုတော့ပြီးတာပါပဲ။ ကိုဇော်က ခရီးသွားရင် ဆိုင်တွေမှာစားခဲ့တယ်လေ။ ဗိုက်ဆံ နှမြောလို့ဆိုပြီး တော်ရုံနေလို့ဖြစ်ရင် အိမ်ရောက်မှ စားတတ်လို့ မေးလိုက်ခြင်းပါလေ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ကကြီး"

"က ကြီး"

"ခကွေး"

"ခ ကွေး"

"ဂငယ်"

"ဂ ငယ်"

ရှိန်ဝါက ရှေ့မှသင်ပေးလေတော့ ဝသန်နဲ့နောင်ကြိုးတို့က လက်ကလေးတွေ ပိုက်ပြီး လိုက်ဆိုကြလေသည်။ ဒီနှစ်ရှိန်ဝါက လေးတန်းတက်ရမှာဖြစ်ပြီး နောင်ကြိုးနဲ့ဝသန်ကတော့ ဒီနှစ်မှ ကျောင်းစတက်ရမှာပါ။ ကျောင်းတွေက ဖွင့်ဖို့နီးပြီလေ။ ဒါကြောင့် ကလေးနှစ်





ယောက်ကို ကျောင်းမတက်ခင်ကတည်းက နည်းနည်းပါးပါး သိအောင် ရှိန်ဝါကို စာသင်ပေးခိုင်းတာက ကိုဇော်ဦးပါ။

အရင်က ကျောင်းသားတစ်ယောက်ရယ်။ အခုတော့ သုံးယောက်ဖြစ်တော့မှာလေ။ ရှိန်ဝါတုန်းက တစ်ယောက်တည်းမို့ ကျူရှင်ထားနိုင်ပေမယ့် အခု သုံးယောက်ဖြစ်လာပြီဆိုတော့ နည်းအမျိုးမျိုး အဝေးဆိုသလိုပါပဲ။ ဘယ်သူ့ကိုမှ ကျူရှင်ထားနိုင်မှာမဟုတ်ပေ။ ရပ်ကွက်ထဲက လူအချို့ကတောင် သူတို့ကို ပြောကြတယ်လေ။ ကိုယ်ကချမ်းသာနေတာ မဟုတ်ဘဲနဲ့ သူများသားသမီးတွေကို မွေးစားထားတော့။

လက်မရှိဘဲ ဖောင်တိန်ကိုင်တာမျိုး ဖြစ်နေပြီတဲ့။ ပြောကြသေး ကိုယ်တွေကတော့ ဒါ . . . ရေစက်ရှိလို့ ဆုံကြတာလို့ပဲ သတ်မှတ်ပြီး သံယောဇဉ်တွေက ခွေကာရစ်ကာနှင့်ပါ။

"ဃ ကြီး"

"ဒ ကြီး"

"န ကြီး"

"ဟာ . . . မဟုတ်ဘူးလေ။ ယကြီး . . . ယကြီး"

"ဒကြီး"

"နကြီး"

ယကြီးကျတော့ ထွက်လာတဲ့အသံက မညီတော့ပေ။ ဝသန့်ခံစက ဒကြီးလို့ ထွက်ပြီး နောင်ကြိုး ပါးစပ်က နကြီးတဲ့။

"မဟုတ်ဘူး။ ကြန်ခေါ် ယကြီး"



www.burmeseclassic.com

www.burmeseclassic.com



"နကြီး"

"ကျွတ်"

ရှိန်ဝါ စိတ်ပျက်သလို ခေါင်းညိတ်လိုက်ပြီး . . .

"နောင်ကြီး ခဏနေဦး။ ဝသန် မင်းတစ်ယောက်တည်း ဆိုကြည့်စမ်း ယကြီး"

"ဒ ကြီး"

"ယကြီးကွ ယကြီး"

"ဒကြီး"

"ဒေါက်"

"အာ"

မပီတာကိုပဲ စိတ်မရှည်စွာ ရှိန်ဝါ ခေါက်လိုက်တော့ ဝသန် ရှုံ့ရှုံ့မဲ့မဲ့လေးနှင့် အော်ပြီး ခေါင်းကိုပွတ်လေသည်။ ဒါကို ကိုဖော်ဦး မြင်တော့ . . .

"သာကြီး"

"ဗျာ"

"စာသင်တာ စိတ်ရှည်ရှည် ထားမှပေါ့ကွ။ ညီလေးက မပီ ဘူးလေကွာ။ ညီမလေးရော ပီလား ဆိုခိုင်းကြည့်ပါဦး"

ဖခင်ပြောတော့မှ ရှိန်ဝါ နောင်ကြီးကို ကြည့်လိုက်ကာ . . .





"နောင်ကြီး ဆိုကြည့်စမ်း ယကြီး"

ဝသန် အခေါက်ခံရတာကို ကြည့်ပြီး နောင်ကြီးက ချက်ချင်း ဆိုတဲ့ သူ့ကိုကြည့်နေလေလျှင် . . .

"ဆိုလေ"

"......."

"နောင်ကြီး ဆိုစမ်း ယကြီး"

ခပ်ငေါက်ငေါက်ကလေး ပြောလိုက်မှ . . .

"နကြီး"

"မဟုတ်ဘူး ပြန်ဆို ယကြီး"

"နကြီး"

"ယကြီး"

"နကြီး"

"တောက်"

ရှိန်ဝါတက်ခေါက်လိုက်တော့ နောင်ကြီးမျက်နှာလေး ငိုမဲ့မဲ့ ဖြစ်သွားလေသည်။

"ကလေးနှစ်ယောက်စလုံးက ပီမှမပီကြသေးပဲ သားကြီးရဲ့။ သူတို့ ဆိုတတ်သလို ဆိုပါစေကွာ။ ယကြီးမပီတော့လည်း 'ဂ'ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုဆက်သင်လေ။ ရှေ့ကအသံထွက်ခြင်းမတူလို့ ထပ်မပီတော့လည်း 'င'ပဲဆက်သင်ပေါ့။

ကိုဇော်ဦးပြောသလိုပဲ နောက်တော့ ရှိန်ဝါ မပီတာတွေကို ဖြည့်စွက်တွေးပြီး ဆက်သင်လေသည်။ ရှိန်ဝါအမြင်မှာ ဝသန်အပေါ် သိပ်မကြည်လင်ပေ။ ဒီကောင်လေး ရောက်လာကတည်းက အဖေက သူ့ကိုသိပ်ဂရုမစိုက်တော့ဘူးလေ။ အရင်ကဆို ဘယ်ကနေပြန်လာလာ ရှိန်ဝါနဲ့ ညီမလေးနှောင်ကြိုးကို ပွေ့ဖက်ပြီး နမ်းနေကျပေါ့။

အခုဆိုရင် . . . နှောင်ကြိုးနဲ့ဝသန်ကို နမ်းပြီးမှ သူ့ကိုနောက်ဆုံးမှနမ်းတော့။ ပြီးတော့ အစားအသောက်ဆိုလည်း သားကအကြီးလေ။ ညီလေးနဲ့ ညီမလေးကို ညှာရမယ်တဲ့။ ဗိုတူဗိုမျှဆိုပေမယ့် အရင် နှစ်ယောက်စားရမယ့်ဟာကို အခု သုံးယောက်မျှစားနေရတာ။ ကလေး ကလည်းကလေးအတွေးနဲ့ သိပ်မကျေနပ်ဘူးပေါ့လေ။

"ကိုဇော်"

"ဟာင်"

"ဒီဝတ်စုံလေး လမ်းထိပ်က ဖူးစံပယ်ကို သွားပို့ပေးစမ်းပါ။ ပြီးတာနဲ့ တစ်ယောက်ယောက်ကို လာပို့ခိုင်းလိုက်မယ်လို့ ခင်ခင် ပြောထားမိလို့"

"ခင်ခင်ကလည်းကွာ ဝတ်ချင်တဲ့လူက လာရွေးလိမ့်မှပေါ့။ ဘာလို့ သွားပို့နေရမှာလဲ"

"မဟုတ်ဘူးလေ ကိုဇော်ရဲ့။ ဒီဝတ်စုံကိုချိန်ပြီး လာရွေးလို့





မပြီးတာနဲ့ သူပြန်သွားရတာ နှစ်ခေါက်ရှိပြီ။ ပိုက်ဆံပေးပြီးသား။ အဲဒါကြောင့် အားနာလို့ပါ"

"ကဲ . . . ဒါဆိုလဲ ပေးကွာပေး"

ကိုဇော်ဦး ဖန်းလက်ထဲက အထုပ်ကိုယူပြီး ထွက်သွားလေတော့သည်။ ကိုဇော်ဦး ထွက်သွားတာနှင့် ရှိန်ဝါက ခင်ခင့်အနားသို့ ရောက်လာကာ . . .

"အမေ"

"ဟာင် . . . ဘာလဲသား"

"အမေ့ကို သားပြောစရာရှိတယ်"

"အင်း . . . ပြောလေ"

ခင်ခင် . . . ရှိန်ဝါ့ ပခုံးကိုဖက်ပြီး ဆံပင်လေးတွေကိုလည်း သပ်တင်ပေးလိုက်မိ၏။

"အဖေက ဝသန်ကို ဘာလို့ခေါ်လာတာလဲ"

"ဟာင်"

"ဝသန်ရောက်လာကတည်းက အဖေက သားကိုမချစ်တော့ သလိုပဲ။ နမ်းရင်လည်း နောက်မှနမ်းတယ်။ အရင်လို သားကိုဖက် ထားပြီး မအိပ်တော့ဘူး။ ဝသန်ကိုပဲ ဖက်အိပ်တယ်။ သားစာကျက် ရင်လည်း အရင်လိုအနားမှာထိုင်ပြီး ယပ်ခပ်မပေးတော့ဘူး"

"သား"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်ဝါ့ ပခုံးလေးကို ဆွဲလှည့်ပြီး ခင်ခင် ဝမ်းနည်းစွာ ထိုင်ချက်မိသည်။

"အဲဒီလို မတွေးရဘူးလေ သားရဲ့။ သား ဖေဖေက သားကို ချစ်ပါတယ်။ ဝသန်က အဖေရော၊ အမေရော မရှိတော့ဘူးလေ။ အဲဒါကြောင့် သူ့ကိုသနားလို့ပါ။ ပြီးတော့ သားက ဆယ်နှစ်တောင်ဖြစ်နေပြီ။ သားထက် ဝသန်ကငယ်တော့ တစ်ခုခုဖြစ်ရင် အမေတို့တာဝန်မကင်းဖြစ်မှာ စိုးလို့ပါ။ အဖေရော အမေရော သားကိုအရင်လိုပဲ ချစ်ကြပါတယ်ကွယ်နော် သား"

"တကယ်လား"

"တကယ်ပေါ့ သားရဲ့"

ပြောရင်း ခင်ခင်က နဖူးကိုနမ်းလိုက်မှပဲ ရှိန်ဝါ ကျေနပ်ဟန်နှင့် နှုတ်ခမ်းလေးက ပြုံးသွားလေသည်။ ကလေးကလည်း ကလေးနဲ့တန်တဲ့ အတွေးရှိနေတာ ဆန်းတော့မဆန်းပါဘူးလေ။

● ● ●



## အခန်း (၃)

"ဟိတ် . . . နောင်ကြီး"

"အမေ့"

အုပ်ဆောင်းကိုဖွင့်ပြီး ငါးကြော်ကိုလှမ်းနှိုက်လိုက်တဲ့ နောင်ကြီး လက်ကလေးကို အတင်းနောက်သို့ရုတ်ကာ အုပ်ဆောင်းကိုလည်း ဖွင့်ထားတဲ့ ထမင်းဝိုင်းပေါ် ပြန်အုပ်လိုက်၏။ လှမ်းပြောလိုက်တာက သန်လေ။ ကိုဇော်ဦးက ကုမ္ပဏီတစ်ခုမှာ ဝန်ထမ်းဆိုတော့ အလုပ်သွားပြီ။ ခင်ခင်ကလည်း စက်ချုပ်ဖို့လိုအပ်တဲ့ ပစ္စည်းတွေ သွားဝယ်နေတာလေ။ ရှိန်ဝါကတော့ . . .

ဟိုတက်အိမ်က သူ့သူငယ်ချင်းကောင်လေး ရောက်လာသည်နှင့် အဲဒီကောင်လေးမှာ ဟန်းဆက်ပါလာတော့ ဂိမ်းဆော့ကြလေသတည်းပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာလုပ်တာလဲ။ ငါးကြော်တွေ ယူစားမလို့ မဟုတ်ဘူး။ ငါ . . . ကိုကြီးနဲ့ ပြန်ပြောမှာနော်"

"ပြောပါလား။ ကိုကြီးက ငါ့ကိုဘယ်တော့မှ မရိုက်ဘူး"

"အမေသိရင်တော့ နင်အရိုက်ခံရမှာနော် နောင်ကြီး"

"နင်မပြောရင် မသိပါဘူး"

"ဟုတ်လား"

"ဟုတ်တယ်။ ငါစားချင်လို့ပါဟာ။ အမေနဲ့တော့ နင်ပြန် မပြောပါနဲ့နော်။ နင်ရော စားမလား"

"ဟင့်အင်း"

ဝသန် ခေါင်းခါလိုက်ပြီး . . .

"ငါက မစားပါဘူး။ နင်ပဲ စားပါ"

"နင် ပြန်မပြောရဘူးနော်"

"အေးပါ"

"တကယ်နော်"

"အေးပါဆို"

"အေး . . . ပြန်ပြောရင်တော့ နင့်ကို ငါလုံးဝမခေါ်ဘူး သိလား"

"နင်နဲ့ . . . ငါ့ကိုမခေါ်ဘဲတော့ မနေပါနဲ့ နောင်ကြီးရယ်။ ငါ တကယ်ပြန်မပြောပါဘူး"





နောင်ကြီး မျက်နှာလေးပြုံးသွားပြီး အုပ်ဆောင်းကို ပြန်ဖွင့်လိုက်၏။ ပြီး ငါးကြော်တွေ နှိုက်စားနေတာ စားကောင်းကောင်းနှင့် တစ်ကောင်ပြီးတစ်ကောင်ပါ။ ဝသန်ကတော့ ရပ်ကြည့်နေရုံပါပဲ။ နောင်ကြီးကတော့ မြိုမကျသလို ပြန်လှည့်ကြည့်ပြီး စားမလားလို့ မေးမယ့် . . .

ဝသန်က ခေါင်းလေး တခါခါနှင့်ပါ။ ကလေးဆိုပေမယ့် သူလည်း ဉာဏ်မီသလောက်တော့ သိသင့်တာကို သိမှာပေါ့လေ။ စားချင်ပေမယ့် သူစားလိုက်ရင် အဆူခံရမလား။ အရိုက်ခံရမလားပေါ့။ တစ်ယောက်ယောက်က သူ့ကိုမခေါ်မပြောမှာကိုလည်း စိုးရိမ်နေမိသည်။

ကိုကြီးဆိုရင် . . . ဝသန်ကို အမြဲလိုလိုပဲ ဆူလိုက်ခေါက်လိုက်နှင့်လေ။ ဒါကြောင့် ကိုကြီးရှေ့မှာဆိုရင် ဝသန်အမြဲတမ်း ငြိမ်ကုတ်နေရတာပါ။

"ဝသန်"

"ဟင်"

"ဘာကြည့်နေတာလဲ လာသွားမယ်"

"အင်း"

"ငါးကြော်က အရမ်းစားလို့ကောင်းတာပဲ"

ပြောပြီး နောင်ကြီးက အရင်ထွက်သွားလေလျှင် ဝသန်လည်း လိုက်ခဲ့တော့၏။ ပြီးတော့ နှစ်ယောက်သား အရုပ်ကလေးတွေနှင့် ကစားနေစဉ်မှာပဲ ခင်ခင်ပြန်ရောက်လာကာ မီးဖိုချောင်သို့ တန်းဝင်သွားလေသည်။ အတန်ကြာတော့ ထွက်လာသောအသံမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



"သားကြီးရေ"

"........."

"သားကြီး"

"ဗျာ"

"လာစမ်း . . . လာစမ်း။ ဒီမှာ ငါးကြော်တွေ မရှိတော့ဘူး။ ဘယ်သူ ယူစားတာလဲ"

"........."

"သားကြီး"

"လာပြီ အမေ"

ရှိန်ဝါ သုတ်ခနဲ ထပြေးသွားလေတော့၏။ အမေ့ဆီကိုရောက်တော့ အမေက အုပ်ဆောင်းကိုကိုင်လျက်မှ . .

"ဒီမှာ ကြည့်စမ်း ငါးကြော်တွေ တစ်ဝက်လောက် မရှိတော့ဘူး"

"သား မစားဘူး အမေ။ သား ထွန်းထွန်းဖော်နဲ့ ဂိမ်းဆော့နေတာ။ ဟိုနှစ်ကောင်တော့ အသံတိတ်နေတယ်"

"ဘယ်မှာလဲ အဲဒီနှစ်ကောင်"

ပါးစပ်ကမေးပြီး ခင်ခင် ခြေလှမ်းကျဲများနှင့် အပြင်သို့ထွက်လာခဲ့သည်။ အပြင်ကိုရောက်တော့ မောင်မင်းကြီးသားနှင့် မယ်မင်းကြီးမက အရုပ်တွေနှင့် ကစားနေတာကို မြင်လေလျှင် . . .





"ဟဲ့ . . . နှစ်ကောင်"

ခေါ်လိုက်တော့ မော့ကြည့်ကြသည်။

"ငါးကြော်တွေ ဘယ်သူစားတာလဲ ပြောစမ်း။ အဲဒီလို စည်းမဲ့ကမ်းမဲ့လုပ်တာ ငါမကြိုက်ဘူးနော်။ ဘယ်သူ စားတာလဲ ငါ့ကိုပြောစမ်း"

ခင်ခင်မေးတော့ ဝသန်နှင့်နှောင်ကြိုး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဘယ်သူမှမဖြေပေ။

"မေးနေတာ ကြားလား"

"........."

"ဟဲ့ . . . ငါမေးနေတယ်လေ။ ငါးကြော်တွေ ဘယ်သူစားတာလဲလို့။ ဘယ်သူမှ မစားဘူးလို့တော့ မပြောနဲ့။ စားသူမရှိဘဲ ဒီငါးကြော်တွေက ပျောက်မသွားဘူး။ မပြောရင် ငါ . . . နှစ်ယောက်စလုံး ရိုက်မှာနော်"

"ဝသန် စားတာအမေ"

"ဟင်"

"မဟုတ်ဘူး သား မစားဘူး အမေ"

နှောင်ကြိုးပါးစပ်က ဝသန်စားတာပါလို့ ထွက်လိုက်တော့ ဝသန်ကလည်း သူမှမစားတာ မစားဘူးပဲပေါ့။

"ဘာလို့ မစားရမှာလဲ။ နင်စားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်မှာစားလို့လဲ"

"စားပါတယ်"

"ဝသန်"

ခင်ခင် အဲဒီလို အကျင့်ပျက်တာကို မကြိုက်ပေ။ ဒါကြောင့် ဝသန့်ကို လက်ဆွဲပြီးထွက်လိုက်၏။ လူဆိုတာ အစကောင်းမှ အနှောင်းသေချာတာ။ ကလေးဘဝကတည်းက အကျင့်ပျက်နေရင် ဘယ်ကောင်းမှာလဲ။

ဒါကြောင့်. . .

"သားကြီး တုတ်ကောက်ခဲ့စမ်း"

"ဟုတ်. . .အမေ"

ရှိန်ဝါ ကြက်မွေးတံကိုပဲယူပြီး ပေးလိုက်စဉ် . . .

"နင်က အခုကတည်းက အကျင့်ပျက်နေတယ်ပေါ့လေ ဟုတ်လား ဝသန်။ အဲဒီလို အကျင့်ပျက်တာကို ငါမကြိုက်ဘူး သိလား နောက်ကို အဲဒီလိုမျိုး စားဦးမလား ပြောစမ်း"

"သား မစားပါဘူး အမေရဲ့"

"ဘာ မစားတာလဲ။ မင်းမစားဘဲနဲ့တော့ နှောင်ကြိုးက ပြော မလား။ အမေ အဲဒီကောင်ကို နာနာရိုက်"

"နောက် အဲဒီလို လုပ်ဦးမလား ဝသန်. . .ကဲ. . ."

"ဖြန်း"





"အား"

"ကဲ. . ."

"ဖြန်း"

"မလုပ်တော့ပါဘူး အမေရဲ့။ မစားတော့ပါဘူး"

"ကဲ. . .အကျင့်ပျက်ဦး"

"ဖြန်း"

"အား"

"အကျင့်ပျက်ဦး"

"ဖြန်း"

"အား"

"အမေ"

ကိုယ်အရိုက်ခံရမှာ စိုးလို့ ဝသန်စားတာပါလို့ပြောပြီး ဝသန် အရိုက်ခံရတော့လည်း နှောင်ကြိုး မကြည့်နိုင်။ မျက်ရည်တွေကျလာပြီး အမေ့လက်ကို ပြေးဆွဲကာ. . .

"တော်ပါတော့ အမေရဲ့ ဝသန့်ကိုမရိုက်ပါနဲ့တော့"

"သမီး. . .ဖယ်စမ်း"

"ဝသန်ကို မရိုက်ပါနဲ့တော့. . .အီး. . .ဟီး"

"အီး. . .ဟီး. . .ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး နင့်က ဘာလို့ငိုတာလဲ။ မငိုနဲ့"

"ဝသန်"

"ဟီး . . . ဟီး"

"ငါ့ မျက်နှာကို ကြည့်စမ်း"

ခင်ခင်ပြောတော့ မျက်ရည်တွေကြားမှ ဝသန် မော့ကြည့်လေလျှင် . . .

"အဲဒီလို လုပ်တာ ငါမကြိုက်ဘူး။ နောက်တစ်ခါ လုပ်ရဲရင် လုပ်ကြည့်။ နင် . . . အသေပဲ သိလား"

ဝသန် မျက်ရည်တွေ ကျရင်းပဲ နာကျင်မှုဝေဒနာတွေကို ခံစားကာ ခဏလှဲလိုက်တာနှင့် အိပ်ပျော်သွားလေတော့၏။ ကိုဇော်ဦး ပြန်လာတော့ ကလေးက ကိုယ်တွေပူနေသည်လေ။ ပွေ့ချီပြီး အိပ်ယာထဲမှာ သိပ်လိုက်စဉ် . . .

"ဖေကြီး"

"ဟင် . . . သြော် . . . သမီး"

"ဖေကြီးကို သမီးပြောစရာရှိတယ်"

"အင်း . . . ပြောလေ"

"သမီး ပြောရင် ဖေကြီး သမီးကို မရိုက်ပါနဲ့နော်"

"ဘာလို့ ရိုက်ရမှာလဲ သမီးရဲ့။ ဖေကြီးက သမီးကို မရိုက်ပါဘူး။ ဘာပြောမှာလဲ"





"ငါးကြော် နိုးစားလို့ အမေက ဝသန့်ကို ရိုက်တာပါ။ တကယ်က ဝသန် နိုးစားတာ မဟုတ်ပါဘူး။ သမီး နိုးစားတာပါ ဖေကြီး"

သူသိပြီးပြီလေ။ ခင်ခင်က ရောက်ရောက်ချင်းပဲ ပြောပြတာပါ။ ငါးကြော်နိုးစားလို့ သူမ ဝသန်ကို ရိုက်ထားသည်တဲ့။ အဲဒီကတည်းက အိပ်နေတာ။ ထမင်း နှိုးကျွေးတာတောင် မစားဘူးတဲ့လေ။ အခု သမီးက သူနိုးစားတာပါလို့ ဝန်ခံလာတော့ ဓားစာခံဖြစ်သွားတဲ့ ဝသန့် မျက်နှာလေးကို သနားကရုဏာ သက်စွာကြည့်လိုက်မိ၏။

"ကိုဇော်"

ခင်ခင် ခေါ်လိုက်တာမို့ လှည့်ကြည့်လိုက်တော့ . . .

"ရှင် . . . တော်တော် စိတ်မကောင်းဖြစ်နေတာလား။ ကျွန်မ ဘာလဲ မိခင်စိတ်နဲ့ပဲ သူ့ကိုဆုံးမလိုက်တာပါ။ အဲဒီလို အကျင့်တွေကို ခင်ခင် မကြိုက်တာ ကိုဇော်သိပါတယ်"

"သိပါတယ်။ ဖြစ်ပြီးမှတော့ ဘယ်သူ့အပြစ်လို့လည်း ကိုဇော် မပြောချင်ပါဘူး။ အခု ကလေး ဖျားနေပြီ"

"ဟင်"

"အခုပဲ သမီးက ကိုယ့်ကိုပြောတယ်။ ငါးကြော် နိုးစားတာ ဝသန်မဟုတ်ဘူး သူပါတဲ့"

ခင်ခင် သမီးကို ကြည့်လိုက်တော့ သမီးက သူမကိုကြောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသလို သူ့အဖေရင်ခွင်ထဲသို့ တိုးဝင်ပြီးမှ သူမကို ပြန်ကြည့်လေလျှင်၊ . .

"ဟုတ်လား သမီး"

"ဟုတ်"

ခင်ခင့်ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားရ၏။ ဝသန့်အပေါ်ကရထော သက်မိသွားခြင်းနှင့် အတူ ရိုက်မိတဲ့ သူမလက်တွေကိုပဲ ပြန်ငုံ့ကြည့်မိလိုက်၏။ လွှန်သွားတဲ့အရောက ချိန်ခွင်ထဲမှာ ပိုသွားတယ်ဆိုပြီး ပြန်နုတ်လို့ရတဲ့ စားသောက်ကုန်ပစ္စည်းမှ မဟုတ်ဘဲလေ။

"ဒါဆို ကျွန်မ မှားသွားပြီပေါ့"

"ခင်ခင် မမှားပါဘူး။ မိဘတစ်ယောက်အနေနဲ့ ကလေးကို ဆုံးမပိုင်ခွင့် ရှိပါတယ်။ ဒါပေမယ့် ကြောက်ရုံလန့်ရုံလောက်ပေါ့။ အခုကတော့ များသွားတယ်"

"သမီးစကားကို ခင်ခင် ယုံလိုက်မိတာပါ"

"နောက်ဆို ချင့်ချိန်ပေါ့ ခင်ခင်ရယ်"

ခေါင်းညိတ်ရင်း ဟင်းခနဲ သက်ပြင်းချလိုက်ကာ ပြန်ထွက်လာခဲ့တော့၏။ ကိုဇော် တော်တော်များ စိတ်မကောင်းဖြစ်သွားမလား။ သူ့သူငယ်ချင်းရဲ့သားဆိုတော့ သူငယ်ချင်းရဲ့ ကိုယ်ပွားသူချစ်ရှာမှာပေါ့လေ။ ကိုယ်တောင် ကိုယ့်သူငယ်ချင်းရဲ့သားလေးကို သူငယ်ချင်းရဲ့ ကိုယ်ပွားလေးအဖြစ် ချစ်ခဲ့သေးတာပဲ။





"သမီး"

"ရှင်"

"နောက်ကို မညာရဘူးနော် ကြားလား"

"ဟုတ် . . . ဖေကြီး"

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ဒီနေ့ လစာထုတ်တဲ့နေ့မို့ ကိုဇော့်လက်ထဲမှာ မိန်းမစားဖို့ ခေါက်ဆွဲကြော်နဲ့ ကလေးတွေစားဖို့ ကွက်ကီးထုပ်တွေပါလာသည်လေ။ အိမ်ကိုရောက်တာနှင့် . . .

"ခင်ခင် . . ."

". . . . . . ."

"ခင်ခင် . . ."

"ခင်ခင် ရှိပါတယ် ကိုဇော်ရဲ့"

"ကလေးတွေရော"

"ရှိတယ် ကိုဇော်"

"သားကြီး၊ သားငယ်၊ သမီး"





"ဖေကြီး ပြန်လာပြီ"

အသံပေးလိုက်တာနှင့် ရှိန်ဝါနဲ့နောင်ကြိုးက နောက်ဖေး ဘက်မှ ပြေးထွက်လာကြသည်။

"ဘာလုပ်နေကြတာလဲကွ"

"နောက်ဖေးဘက်မှာ မြက်တွေပေါက်နေလို့ ဖေကြီး။ အဲဒါ ဝသန့်ကို နုတ်ခိုင်းနေတာ"

"ဟုတ်လား သွားခေါ်လိုက်ပါဦး"

"ညီမလေး နင်သွားခေါ်ချေ"

"ဟုတ်"

နောင်ကြိုး ပြေးထွက်သွားပြီး ခဏကြာတော့ ဝသန့်နဲ့အတူ ပြန်ရောက်လာလေသည်။ ကိုဇော်ဦး ဝသန့်လက်ကို ကြည့်လိုက်တော့ ချေးကြီးတွေ ပေကျံနေတာကို မြင်လေလျှင် . . .

"လက်မှာ ပေကျံနေပါလား။ သွား . . . လက်သွားဆေးစမ်း သားငယ်"

"ဟုတ်"

"သေသေချာချာ စင်အောင်ဆေးနော်"

"ဟုတ်"

ဝသန့် မီးဖိုချောင်ဘက်သို့ ထွက်လာခဲ့ပြီး ကျောက်စည်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲကရေတွေကိုခပ်ပြီး လက်ဆေးလိုက်သည်။ ဆပ်ပြာတိုက်ဆေးတာမို့ ဆပ်ပြာရေစင်အောင် လက်ကိုအထပ်ထပ် ဆေးနေ၏။ ရေကအိမ်ရှေ့မှာကန်နဲ့ရှိသလို။ နောက်ဖေးဘက်မှာကျတော့ မီးဖိုချောင်အစွန်းမှာ ကျောက်စည်ပိုင်းနှင့်ရော ပုံးတွေနဲ့ရော ထည့်ထားတာပါ။

ဝသန် လက်ဆေးလို့ ပြန်လာတာနှင့် . . .

"ကဲ . . . ရော့ . . . ဒါက သားကြီးအတွက်၊ ဒါက သမီးအတွက်၊ ဒါက သားငယ်"

ကလေးတွေကို မုန့်ဝေပေးပြီးနောက် . . .

"ဒါက ခင်ခင့်အတွက် ခေါက်ဆွဲကြော်"

"ကိုဇော်ကရော ဘာစားလာလဲ"

"ကိုဇော်လား"

"ဘာမှ မစားလာခဲ့ဘူးမဟုတ်လား။ ခင်ခင်နဲ့ ခေါက်ဆွဲကြော် အတူတူစားမယ်နော်"

အမြဲတမ်း ကိုဇော်က ဒီလိုပါပဲ။ လစာထုတ်တိုင်း မိန်းမနဲ့ သားသမီးတွေအတွက်ပဲ ဝယ်လာတတ်တာ။ သူက ဘာမှစားသောက်လာတတ်သူမဟုတ်ပေ။

"ခင်ခင်ပဲ စားပါ။ ကိုယ်က ကိုယ့်မိန်းမနဲ့ သားသမီးတွေ စားနေရတာမြင်ရင် အလိုလို ဗိုက်ပြည့်နေတဲ့သူပါ။ ကိုယ်မစားပါဘူး"

"မဟုတ်တာ ကိုဇော်ရယ်။ နည်းအမျှ များအဝပေါ့။ အတူတူ စားမယ်"





ပြောပြီး ခင်ခင် ထသွားလေ၏။ ပြန်လာတော့ ခေါက်ဆွဲကြော်ကို ပန်းကန်နှစ်ချပ်ထဲမှာ ခွဲထည့်လာပြီး လင်မယားနှစ်ယောက် စားကြလေသည်။ ခင်ခင်က ယောက်ျားရ ကံကောင်းတဲ့ မိန်းမပါ။ ကိုဇော်က သူနိုင်တဲ့ဝန်ကို ထမ်းပြီးရုန်းကန်နေတာပဲလေ။ သောက်တာစားတာလဲ တစ်ခါတစ်လေမှပါ။ ဘယ်အချိန်ပဲ ဖြစ်ဖြစ် ခင်ခင့်ကို ဦးစားပေးခဲ့သူ။

ကံဆိုးနဲ့သူကတော့ . . . ရိုနီဝါရဲ့ အမေမြလေးနွယ်ပါ။ သူ့ချွေးသားကိုရပြီး အသိအမှတ်မပြု၊ ယောကျ်ားမ ပြုရသည့် မိန်းကလေး။ ယခုအခါ သားရဲ့ဆီကို မပြန်ဘဲ ကလေးတစ်ယောက်နဲ့ ဘဝကိုရုန်းကန်ရတော့ စိတ်ပင်ပန်း လူပင်ပန်းနှင့် နောက်ဆုံးရောဂါကပ်ပြီး အသက်ဆုံးရသည့်ဘဝပါ။

"ကိုကြီး"

ဝသန်ခေါ်တော့ ရိုနီဝါ လှည့်ကြည့်လေလျှင် ဝသန်က သူ့ မုန့်ထုပ်ကလေးကိုဖောက်ပြီး မုန့်တွေကို နှိုက်ယူကာ . . .

"ကိုကြီးက အကြီးဆိုတော့ ပိုစား"

ကလေးကလည်း ကလေးလိုပဲ မျက်နှာလုပ်တတ်သည်ပေါ့။ သား၊ သူ့လက်ထဲက မုန့်လေးကို ရိုနီဝါ ဖောက်စားနေသည့် မုန့်ထုပ်ထဲသို့ ထည့်ပေးလေ၏။ ပြီးတော့ နှောင်ကြိုးကိုလည်း . . .

"ရော့ . . . နှောင်ကြိုးက အငယ်မို့လို့ ပိုစား"

ကိုဇော် တစ်ချက်သာ လှည့်ကြည့်ပြီး ဘာမှမပြောချင်တော့



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ဝသန်ရဲ့ သိတတ်မှုတွေကြောင့် သူမွေးစားမိတာအတွက် နောင်တ ရတော့ပါဘူး။

"ခင်ခင်"

"ရှင်"

"ခင်ခင့်ကို တစ်ခုလောက် တောင်းဆိုပါရစေ"

"ဘာများလဲ ကိုဇော်"

"ဝသန်ကို ခင်ခင် ရှိန်ဝါလိုပဲ ဂရုစိုက်ပေးပါ။ ချစ်ပေးပါ ကွာနော်"

"ကိုဇော်ကလည်း အခု ခင်ခင်က ဝသန့်အပေါ် ဘာတွေများ မကြည်ဖြူရိပ်ပြနေလို့လဲ"

ဒါကတော့ ကိုယ့်စိတ်ကို ကိုယ်ပဲအသိဆုံး ဖြစ်မှာပါ။ ခင်ခင် ရှိန်ဝါ့အပေါ် ချစ်တဲ့အချစ်မျိုး ဝသန့်အပေါ် ချစ်နိုင်အောင် ကြိုးစားရ ဦးမှာပါ"

"မကြည်ဖြူရိပ်တော့ မပြပါဘူး။ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"အခြေအနေနဲ့ အချိန်အခါက တူမှမတူတာ။ ဝသန်တ သိတတ်ပါတယ်။ အခုပဲ ကြည့်လေ"

"အခုက ကလေးပဲ ရှိသေးတာကိုး။ ကလေးမဟုတ်တဲ့ အချိန် ကျရင် ခုလိုရှိနေဦးမှာလား"



"ဒါကတော့ တို့ကုသိုလ်ကံပေါ့ကွာ"

"ကဲပါ . . . စားစရာရှိတာစား။ ဘာလို့တောင်တွေး မြောက်တွေး တွေးနေရတာလဲ။ မဖြစ်သေးတာ ကြိုမတွေးနဲ့ ဖြစ်လာမှပြော"

လူကြီးတွေပြောတဲ့စကားကို ရှိန်ဝါက နားလည်ပေမယ့် ကျန် တဲ့နှစ်ယောက်ကတော့ နားမလည်ပေ။ နားလည်တဲ့ ရှိန်ဝါကတော့ ဒေါ်ကြီး ပါးစပ်က ဝသန့်အပေါ် ဂရုစိုက်ဖို့တွေ၊ ကြင်နာဖို့တွေ ပြော သာတိုင်း သိပ်မကျေနပ်ပေ။ သူတွေးသည်က ဝသန်ရောက်လာမှ ဒေါ်ကြီး သူ့ကိုသိပ်ဂရုမစိုက်တော့ဘူး ဆိုတာပါပဲ။

● ● ●

www.burmeseclassic.com



## အခန်း (၅)

တစ်ဒုတ်ဒုတ်နှင့် စက်ချုပ်နေတဲ့ ခင်ခင် စက်ချုပ်ခြင်းအလုပ်ကိုခဏရပ်ပြီး လျှော်ရမယ့်အဝတ်တွေကို ခြင်းထဲထည့်ကာ အိမ်ရှေ့ကရေကန်ဆီသို့ ထွက်လာခဲ့သည်။ သူများကို ငှားလျှော်ရင် ပိုက်ဆံအပိုကုန်မှာစိုးလို့ ကိုယ့်ဘာသာပဲ လျှော်တာလေ။ အထည်တွေ အရမ်းပွလာပြီးဆိုရင်တောင် ညညဉ့်နက်တဲ့အထိ ချုပ်။ မနက်စောစောထပြီး အိမ်မှုကိစ္စ အရင်ပြီးစီးအောင်လုပ်ပြီး ချုပ်တတ်သူပါ။

အဝတ်တွေ လျှော်နေစဉ်မှာပဲ အိမ်ရှေ့မှာ ကားတစ်စီးရပ်လာလို့ ကြည့်လိုက်တော့ . . . . ကားပေါ်က ဆင်းလာသူမှာ သူ့မအိမ်ကိုပဲ ဦးတည်လာပြီး . . .

"ဒီအိမ်က ကိုဇော်ဦး မခင်ခင်နွဲ့တို့ အိမ်ဟုတ်ပါသလားခင်ဗျာ"

"ဟင်"





ခင်ခင် အံ့ဩသလို ဖြစ်နေစဉ်မှာပဲ . . .

"ဟုတ်လား မသိဘူး။ ဒီအိမ်က ကိုဇော်ဦးနဲ့ မခင်ခင်နွဲ့တို့အိမ်လားလို့"

"ဟုတ်ပါတယ်ရှင်။ ဟုတ်ပါတယ်။ ဝင်ခဲ့လေ"

ဝင်ခဲ့ဆိုလို့ ဝင်လာတော့ . . .

"ကိုဇော်နဲ့ တွေ့ချင်လို့လား"

"မခင်ခင်နွဲ့နဲ့ တွေ့ရင် ပိုကောင်းမယ်။ ဒီက ညီမက မခင်ခင်နွဲ့လား မသိဘူး"

"ရှင်"

ခင်ခင်ကို တွေ့ချင်တယ်ဆိုတော့ ပို၍အံ့ဩသွားလေသည်။ ကိုယ့်ကိုတွေ့ချင်တယ်ဆိုတဲ့ လူကို ကိုယ်ကမှမသိပဲလေ။

"ဟုတ်လား ညီမက ခင်ခင်နွဲ့လား"

"ဟုတ်ပါတယ် . . . . ကျွန်မ ခင်ခင်နွဲ့ပါ။ အိမ်ထဲကို ဝင်ပါအစ်ကို"

ခင်ခင် လက်ကရေစိုနေတာတွေကို အိမ်ထဲရောက်မှ သုတ်သင်ပြီး ရှေ့မှဦးဆောင်၍ အိမ်ထဲသို့ဝင်လာခဲ့ကာ . . .

"ထိုင်ပါ အစ်ကို ခဏနော်။ ကျွန်မ လက်ကလေးသွား သုတ်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်. . .. သွားလေ"

ရေစိုနေတဲ့ လက်ကို လက်သုတ်ပုဝါနဲ့သုတ်ပြီး ခင်ခင် ပြန်ထွက်လာကာ. . .

"အစ်ကိုက ကျွန်မကို သိနေတာလား။ ကျွန်မနဲ့ တွေ့ချင်တာ ဘာကိစ္စလဲ မသိဘူး"

"နာမည်ကတော့ ရင်းနှီးနေတာကြာပါပြီ။ လူကတော့ ခုမှ တွေ့ဖူးတာပါ"

"ဗြော်"

"မြလေးက ခင်ခင့်အကြောင်း ခဏ ခဏ ပြောခဲ့တာပဲလေ"

"မြလေး"

မြလေးဆိုတဲ့ နာမည်ကိုခေါ်မိတော့ ရင်ထဲမှာ လွမ်းရိပ်တို့က ထင်ဟပ်လာသည်။ မြလေးနှယ်က ခင်ခင့်ရဲ့ အချစ်ဆုံး သူငယ်ချင်းပေါ့။ အခုမှ ခံစားချက်တွေက အသစ်တစ်ဖန် ပြန်လည်မွှေးဖွားလို့ပါ။ မြလေးက သေသွားတာကြာပြီပဲဥစ္စာ။ ဒီလူနဲ့ ဘယ်လိုပတ်သက် ရင်းနှီးခဲ့ဖူးလို့ပါလိမ့် ။

"အစ်ကိုက မြလေးကိုလည်း သိတယ်လား"

"ကျွန်တော်က မြလေးရဲ့ ခင်ပွန်း အောင်ကျော်စိုးပါ"

"ရှင်"

မြလေးရဲ့ ခင်ပွန်းအောင်ကျော်စိုးဆိုတာနှင့် ရင်ဝကို ဒိုင်းခနဲ



ထက်ဆောင့်ချသွားတာ ဘာကြီးလဲတော့ မသိပေ။ တစ်ခုခုကို ချက်ခြင်းပဲ သတိရမိပြီး စိုးရိမ်စိတ်နှင့် မျက်လုံးကရှာဖွေနေမိတာ ရှိန်ဝိုကိုပါ။ ဝသန်နဲ့ နှောင်ကြိုးကတော့ တီဗွီကြည့်နေရာကနေ လူကြီးတွေကို လုံးဝလှည့်မကြည့် စိတ်မဝင်စားပေ။ ရှိန်ဝိုက အိမ်မှာအချိန်ကုန်နေလို့ဆိုပြီး သူမ အဝယ်လွှတ်လိုက်သည်။

ဘယ်အချိန် ပြန်လာမှာလဲ။ ဖြစ်နိုင်ရင် ပြန်မလာခဲ့နဲ့ဦးသားရေလို့ ကြားနိုင်ရင် အော်ပြောလိုက်ချင်တာ။

"အစ်ကို မြလေးအပေါ် တာဝန်မကျေခဲ့ဘူး။ အဲဒီအတွက် ကိုယ့်ကိုယ်ကို မကျေမနပ်နဲ့ပဲ တစ်နုံ့နုံ့ ခံစားနေရတယ်။ အစ်ကိုက အစ်ကို့မိဘတွေရဲ့ စကားကိုယုံကြည်ခဲ့တာပါ။ မြလေးက အိမ်ထောင်ရေးဖောက်ပြန်ပြီး နောက်အိမ်ထောင်ပြုသွားတယ်ဆိုတာနဲ့ပဲ စိတ်နာပြီး အလုပ်ထဲမှာပဲ ကိုယ့်ဘဝကို နှစ်မြှုပ်ထားခဲ့တာ"

"ဗြော်"

ဗြော်. . . ဆိုတဲ့ အသံက အဖျားခတ်၍ တုန်ခါသွားလေသည်။

"စိတ်နာလွန်းလို့ မေမေ ဆုံးသွားတာတောင် အစ်ကို မြန်မာပြည်ကို ပြန်မလာခဲ့ဘူး။ သေတဲ့သူက သေပြီးပြီပဲဆိုပြီး နေခဲ့တာ။ အခု မေမေပါ ဆုံးသွားမှပဲ ပြန်လာဖြစ်တော့တယ်"

"ဗြော်"

ခင်ခင် ကိုယ့်ဘက်မှာလည်း ပြောစရာ စကားတွေများကြီးနဲ့ပေမယ့် ပြောမထွက်စွာပဲ "ဗြော်. . ." မိနေတာ ဘယ်နှကြိမ်

www.burmeseclassic.com

မှန်းမသိတော့ပေ။ ပြောလိုက်ရင် ရှိန်ဝါနဲ့ပတ်သက်ပြီး အစဖော်ပေး သလိုဖြစ်မှာစိုးလို့ပါ။ ဒါတောင် . . .

"အခု မြန်မာပြည်ရောက်မှပဲ အိမ်က ထမင်းချက် ဒေါ်ထွေး ပြောပြလို့ အကြောင်းစုံ သိရတော့တယ်။ မြလေးကို အစ်ကို့ မိဘ တွေက အစ်ကိုနဲ့သဘောမတူလို့ လှည့်ကွက်ဆင်ခဲ့တာတဲ့။ မြလေးက အရမ်းသနားဖို့ကောင်းတာပဲတဲ့လေ။ သူနဲ့မြလေး မဆုံးခင်အထိ အဆက်အသွယ် မပြတ်ခဲ့ဘူးတဲ့"

"အဲဒါကတော့ ဟုတ်ပါတယ်။ မြလေးက အရမ်းသနားဖို့ ကောင်းပါတယ်။ သူ့ဘဝကို ခက်ခက်ခဲခဲနဲ့ ရုန်းကန်ခဲ့ရရှာတာ"

"အခု အစ်ကိုလာခဲ့တာက"

ဘုရား . . . ဘုရား မဆက်သေးတဲ့ စကားအတွက်ပဲ ခင်ခင် ရင်ထဲကနေ ဘုရားတလိုက်မိ၏။ ဘယ်လိုပဲ ဘုရားတတ ကိုယ်က ပိုင်ရှင် အစစ်မဟုတ်တာမို့။

"အစ်ကို့ရဲ့ သားလေးကို မြလေးက ခင်ခင်တို့ဆီမှာ အပ် ခဲ့တယ်ဆိုလို့ပါ"

"ရှင်"

"ကလေးတစ်ယောက်ကို နှစ်တွေအကြာကြီး ပြုစုစောင့် ရှောက်လာရတာ ဘယ်လောက်တာဝန်ကြီးမလဲဆိုတာ အစ်ကို သိပါ တယ်"

"ဟင့်အင်း တာဝန်မကြီးပါဘူး။ ကျွန်မ လွယ်မမွေးရပေမယ့် ကျွန်မသားကို ကျွန်မသားအရင်းလို ချစ်ခဲ့တာပါ။ သူနဲ့ပတ်သက်ပြီး ကျွန်မ ဘာမှမငြိုငြင်ခဲ့ပါဘူး"

"ဟုတ်ပါတယ်။ ဒါပေမယ့် ခင်ခင်တို့က စီးပွားရေးအဆင် မပြေကြဘူးလေ။ ကလေးက သုံးနှယောက်ဖြစ်နေပြီ။ အခုနေကတော့ အကြောင်း မဟုတ်ဘူးပေါ့။ နောက်ဆိုရင် သူတို့ရဲ့ကျောင်းစရိတ်နဲ့ စားဝတ်နေရေးကြောင့် ခင်ခင်တို့ ဝန်မနိုင်ဖြစ်သွားလိမ့်မယ်။ ခင်ခင် သားအပေါ်ကို ဘယ်လောက် သံယောဇဉ်ကြီးနေမယ်မှန်း အစ်ကို သိပါတယ်။ ဒါပေမယ့် အစ်ကိုက ကလေးရဲ့ အဖေရင်းပဲလေ။ အစ်ကို ခင်ခင်တို့ကို ကျေးဇူးဆပ်မှာပါ"

ပြောပြီး အောင်ကျော်စိုးက ပိုက်ဆံအိတ်ကိုဖွင့်ပြီး အရာ တစ်ခုကိုထုတ်ယူလိုက်ကာ . . .

"ဒီစာရွက်ပေါ်မှာ ခင်ခင် လိုချင်သလောက် ငွေပမာဏကို ရေးလိုက်ပါ။ သိန်းနှစ်ရာအောက်ပေါ့"

"ကျွန်မတို့ စေတနာကို ငွေနဲ့တန်ဖိုး မဖြတ်ပါနဲ့ရှင်"

"မဟုတ်ဘူးလေ အစ်ကိုက"

"တော်ပါတော့"

"အမေ"

"ဟင်"

အမေဆိုပြီး ရှိန်ဝါက အချိုမှုန့်ထုပ်လေးကိုင်လို့ ပြန်ရောက် လာပြီလေ။ သားရေ မလာနဲ့ဆိုပြီး ဘယ်ပြေးရက်ထားရမှန်း မသိတော့

www.burmeseclassic.com



မါဘူး။ မပိုင်ဝက်မွေးဆိုသလို ဒီကလေးရဲ့ ပိုင်ရှင်က ကိုယ်တွေမှ မဟုတ်ဘဲလေ။ ခဏအပ်ထားသလိုမျိုးမို့ ပြန်ပေးရတော့မှာလား။

"ပိုက်ဆံ အကြွေမရှိလို့ ဆိုင်မှာ တစ်ရာ ထားခဲ့ရတယ် အမေ"

"သား"

သားလို့ခေါ်ပြီး မတ်တပ်ရပ်လိုက်တာသည် ဈေးဆိုင်မှာ ငွေ တစ်ရာထားခဲ့ရလို့ မဟုတ်ပေ။ ခင်ခင် ထရပ်တာနှင့် အောင်ကျော်စိုး ပါထရပ်ပြီ. . ..

"ညီမ. . ."

". . . . . . . ."

"ဒီကလေးက အစ်ကို့သား ဘုန်းရှိန်ဝါလား"

အောင်ကျော်စိုးက ဝမ်းသာအားရပာန်နဲ့ မေးပေမယ့် ခင်ခင် ကတော့ ရင်ထဲမှာ မျက်ရည်စီးကြောင်းနှင့် အသည်းတွေ နှလုံးသား တွေ နစ်နေပြီမလားမသိပါဘူး။

"အမေ"

". . . . . . ."

"အမေ ဘာဖြစ်နေတာလဲ"

ရှိန်ဝါ မေးလိုက်တော့ ငိုချင်လျှက် လက်တို့ဆိုသလို မျက်ရည် တွေက ကျလာ၏။ ရှိန်ဝါ့ ပခုံးကိုလည်း ဖက်ထားမိသည်လေ။ ရှိန်





ကတော့ ဘာကို နားလည်ရမှန်းမသိ။ သူတစ်ခါမျှ မမြင်ဖူးတဲ့ လူကြီး ကိုကြည့်လိုက် ခင်ခင့်ကို ကြည့်လိုက်နှင့်ပါ။

"သား"

". . . . . . ."

"သား. . . ဘုန်းရှိန်ဝါ ဟုတ်တယ်မို့လား"

"အမေ. . . ဒီဦးက ဘယ်သူလဲဟင်"

ခင်ခင်က မဖြေ။

"ဟုတ်လား သားက ဘုန်းရှိန်ဝါ မဟုတ်လား"

"ဟုတ်ပါတယ်"

"သား. . . ဖေဖေက သားရဲ့ဖေဖေလေ"

"ဗျာ"

"ဟုတ်ပါတယ် သားရယ်။ ဖေဖေက သားရဲ့ အဖေအရင်းပါ။ သားကိုသားမေမေက ခင်ခင်တို့ဆီမှာ အပ်ထားခဲ့တာ။ ခင်ခင်တို့က သားကို မွေးစားခဲ့ကြတာ။ အခု ဖေဖေ သားကိုလာခေါ်တာ။ ဖေဖေနဲ့ လိုက်မယ် မဟုတ်လားဟင်"

"ဟင့်အင်း"

အောင်ကျော်စိုး ရှေ့တိုးလိုက်တော့ ရှိန်ဝါက နောက်ဆုတ်ပြီး ခင်ခင် ခါးကိုဖက်ထားလေသည်။ သူ့ရင်ထဲမှာ စွဲမြဲနေသည်က ဦးဇော် ... သည် ရှိန်ဝါအဖေဖြစ်ပြီး၊ ဒေါ်ခင်ခင်နွဲ့က ရှိန်ဝါ့ အမေလေ။



www.burmeseclassic.com

"ဖေဖေနဲ့ ပြန်လိုက်ခဲ့နော်သား။ ဖေဖေ သားလိုချင်တာ မှန်သမျှ အကုန်ဝယ်ပေးမယ်။ သားဖြစ်ချင်တာ မှန်သမျှ အကုန်ဖန်တီးပေးမယ်"

"အမေ . . . သူပြောတာ ဟုတ်လားဟင်"

ဘယ်လိုညာရမလဲ။ အမှန်တရားဆိုတာ တစ်သက်လုံး ဖုံးကွယ်ထားလို့မှ မရတဲ့လေ။ ဒါကြောင့် ခင်ခင် ခေါင်းညိတ် လိုက်တော့ . .

"ဒါဆို သားက ဖေဖေလို့ ခေါ်ရမှာပေါ့"

"ဒါပေါ့သားရဲ့ ဖေဖေက သားရဲ့ အဖေပဲဥစ္စာ။ ဖေဖေနဲ့ ပြန်လိုက်မယ် မဟုတ်လား"

မဖြေခင် ရှိန်ဝါ့အကြည့်က လမ်းမှာရပ်ထားတဲ့ အနက်ရောင် ကားဆီသို့ ရောက်သွားလေ၏။ ရှိန်ဝါက ဗီဒီယိုတွေထဲမှာပါတဲ့ ကိုက်ကြီးတွေလိုမျိုးမှာ နေချင်ပြီး ဒီလိုကားစီးချင်သူ။ ဗီဒီယိုထဲက သူဌေးသား၊ သူဌေးသမီးတွေကို အားကျခဲ့သူလေ။ ဒါကြောင့် . . .

"ဟိုကားက ဖေဖေ့ ကားလား"

"ဟုတ်တယ်သား။ သား စီးချင်လို့လား။ ဖေဖေ ဒီကားထက် ကောင်းတဲ့ကား ဝယ်ပေးမယ်လေ"

ခင်ခင့်ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားရ၏။ သွေးကစကား ပြောတာပဲလား။ ဒါမှမဟုတ် အကောင်းစားကားကြီးကိုမြင်ပြီး ချက်ချင်း ဖေဖေ ခေါ်လိုက်တာလား။ အရင်က ရှိန်ဝါ ပြောခဲ့ဖူးသည်လေ။ ဒီ





ကြည့်ပြီးဆို ဗီဒီယိုထဲက မင်းသား၊ မင်းသမီးတွေကို ကြည့်ပြီး သူဌေးခန်းဆိုရင် သား အဲဒီလိုနေချင်တာတဲ့။ အခု သူ့အဖေက သူဌေးနော်တော့ . . .

"ခင်ခင်"

". . . . . ."

"အစ်ကို . . . သားကို ပြန်ခေါ်သွားပါရစေ။ ခင်ခင် သားကို အကယ် ချစ်တယ်ဆိုရင် သား ကောင်းစားတာကို မြင်ချင်မှာပေါ့။ မိခင်စိတ် တကယ်ရှိရင် ကိုယ့်သားသမီးရဲ့ဘဝကို ဘယ်သူက နှိမ်နင်းချင်မှာလဲ။ ခင်ခင် သားရဲ့ဘဝကို ခင်ခင်တို့ ဘဝထဲမှာဆွဲနှစ် မထားပါနဲ့။ အစ်ကိုလည်း သားကို ဒီဘဝမျိုးမှာ မထားနိုင်ဘူး။ သားကို ပြန်ပေးပါ"

"ကျွန်မ မပေးနိုင်ပါဘူး"

"ဘာ"

တီဗီအသံက တိတ်သွားသည်မို့ "ဘာ"သံသည် တိုးမေမယ့် ပြတ်ပြတ်သားသား ကြားလိုက်ရ၏။

"ပြန်မပေးဘူးဆိုရင် အစ်ကို တရားဥပဒေအရ စကားပြောရတော့မယ်"

"ရှင်"

"ခင်ခင် စဉ်းစားကြည့်လေ။ ခင်ခင်တောင် ဒီလောက်ချစ်

www.burmeseclassic.com



ရင် အစ်ကိုက အဖေအရင်းပါ။ သားအပေါ် ခင်ခင်တို့ထက် အများ ကြီးပိုတယ်"

"အမေ"

နောင်ကြီးက အနားရောက်လာပြီး ခေါ်လေလျှင် . . .

"သမီး . . . သွားထိုင်နေစမ်း"

ခင်ခင် အော်လိုက်တာနှင့် နောင်ကြီးက ကြောက်ရွံ့စွာ ပြ လှည့်သွားလေသည်။ ခင်ခင် ရှိန်ဝင်းသဘောကို မေးပြီး ဆုံးဖြတ် မလား။ အစကတည်းက ကိုယ်ကပိုင်ရှင်မှ မဟုတ်ပဲလေ။ ပိုင်ရှင်ပြ လာတောင်းရင် ပေးရမှာတဲ့လား။

"ဘုန်းရှိန်ဝါ"

"ဗျာ . . . အမေ"

"မင်း . . . အမေတို့နဲ့ ခွဲနိုင်လား။ သူနဲ့လိုက်သွားချင်လား" ရှိန်ဝါက ချက်ခြင်းမဖြေပေ။ သူလည်း ကလေးက ကလေးအတွေး ဉာဏ်မီသလောက် စဉ်းစားနေမှာပေါ့။ ဒါမှမဟုတ် ဝေခွဲမရဖြစ် တာလား။ နောက်မှ သူ့အမေကို ကြည့်ကာ . . .

"သား . . . ဒီအိမ်ကို ခဏခဏ ပြန်လာလို့ရမလား"

"ရတာပေါ့ သားရဲ့။ သား . . . ပြန်လာချင်ရင် လိုက်ပို့ပေး မယ်လေ"

ဒီလိုတွေ မေးလိုက်ပြီဆိုကတည်းက ရှိန်ဝါ ဘာတွေ စဉ်းစား ပြီး ဘယ်လိုတွေးလည်း ခန့်မှန်းလို့ရပါပြီ။





"အစ်ကို့ကို ကျွန်မ တောင်းပန်ပါတယ်။ ကိုဇော်နဲ့ ကျွန်မ တိုင်ပင်ပါရစေဦး။ သန်ဘက်ခါလောက်မှ အစ်ကိုပြန်လာခဲ့ပါ"

အောင်ကျော်မိုး ဒီလောက်တော့ နားလည်ပေးရမှာပေါ့လေ။ သူအာက်ကိုယ့်တက် မှုတွေးပြီး . . .

"ကောင်းပြီလေ။ ဒါဆို . . . သန်ဘက်ခါမှ အစ်ကို . . . ပြန် လာခဲ့မယ်"

● ● ●



www.burmeseclassic.com

## အခန်း (၆)

"ခင်ခင် . . ."

". . . . . ."

"ဒီလိုပဲ ငိုနေလို့ပြီးသွားမှာမှ မဟုတ်ဘဲ ခင်ခင်ရယ်။ [illegible]
ကလည်း မင်းတစ်နေ့လုံး ထမင်းမစားဘူး။ တော်ကြာ မင်းပဲ ဒု[illegible]
ရောက်သွားလိမ့်မယ်။ ကိုယ့်မှာ သမီးလေး ရှိတယ်ဆိုတာကိုလည်း
သတိရဦး။ မင်းတစ်ခုခု ဖြစ်သွားရင် ငါလည်း ရင်ကျိုးရမယ်။ သ[illegible]
လေးလည်း ဒုက္ခရောက်မယ်ဆိုတာကို ထည့်စဉ်းစားဦးမှပေါ့ကွ။ [illegible]
ထမင်းတစ်လုတ်နှစ်လုတ်လောက် စားလိုက်ပါကွာနော်"

အိပ်ယာထဲမှာ ခွေနေတဲ့ ခင်ခင့် အနားမှာ ဖော်ဦး ထမ[illegible]
ပန်းကန်လေးကို ကိုင်ပြီး ဖျောင်းဖျနေတာပါ။ နောက်ထမင်း ပန်းကန်[illegible]
ကို ဘေးမှာချလိုက်ပြီး . . .

"ခင်ခင်"





". . . . . ."

"ကိုယ်ပြောတာ ကြားရဲ့လား"

"ကြားပါတယ် ကိုဖော်ရယ်။ ခင်ခင်လည်း ဆုံးဖြတ်ပြီးပါပြီ။
[illegible]ယ့်ကိုယ်ကို ဒုက္ခမပေးပါဘူး။ တစ်ခုပဲ ဝမ်းနည်းနေတာ"

မျက်ရည်တွေသုတ်ပြီး ခင်ခင် ထထိုင်လိုက်၏။

"သားကြီးက ကျွန်မတို့ သံယောဇဉ်ရှိသလို သူက မခင်
[illegible]ယ်ဘူးနော်။ တိုက်နဲ့နေပြီး ကားစီးရမယ်ဆိုလို့ ပျော်တောင်နေ
[illegible]မသိပါဘူး။ ခင်ခင် ထင်ထားတာက သူ . . . ခင်ခင်တို့ကို မခွဲ
[illegible]လို့ မလိုက်ဘူးပြောပြီး ငိုလိမ့်မယ်လို့ ထင်ထားတာ"

"ဟိုက သူ့အဖေအရင်းပဲ ခင်ခင်ရယ်။ သွေးက စကားပြော
[illegible] သူ့စိတ်ထဲမှာ အလိုလိုရင်းနှီးချင် ရင်းနှီးနေမှာပေါ့။ ကိုယ်တို့မွေး
[illegible]ခဲ့တာ ဘယ်လောက်ပဲ ကြာခဲ့ကြာခဲ့။ ဖအေရင်းက ပြန်လိုချင်တယ်
[illegible]တော့ ပေးရတော့မှာပဲလေ။ သူက ပိုင်ရှင်ဖြစ်နေတာကိုး။ ပြီးတော့
[illegible]ပြောသလိုပဲ ဒီကလေးရဲ့ဘဝကို ကိုယ်တို့က သူ့လောက်တင့်တယ်
[illegible]အောင် ထားနိုင်မှာမှမဟုတ်တာ"

"ဟုတ်ပါတယ်။ ခင်ခင်လည်း တွေးမိပါတယ်။ တော်ကြာ
[illegible]တာပဲ သူ့ဘဝကို နစ်အောင်လုပ်သလို အပြောခံရရင် မကောင်း
[illegible]။ ပြီးတော့ သူကလည်း လိုက်ချင်နေတဲ့ပုံပဲဟာ။ ပြန်ထည့်ပေး
[illegible]ရတော့မှာပေါ့။ ကိုယ်ပိုင်ပစ္စည်းမှ မဟုတ်တာ။ ပိုင်ရှင်လက်ထဲ
[illegible]ထည့်ပေးရမှာပေါ့လေ"

ပြောရင်း ခင်ခင့်အသံလေး တိမ်ဝင်သွားလေသည်။ တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ် မဟုတ်ပါဘဲ နှစ်ပေါင်းများစွာ ပြုစုပျိုးထောင် ယုယလာခဲ့ပြီး လို့ ခွဲရတော့မယ်ဆိုတော့ ဘယ်သူက ကြည်ကြည်ဖြူဖြူနဲ့ ထည့်ပေးချင်ပါ့မလဲလေ။ သံယောဇဉ်ဆိုတာ နွယ်တစ်ပင် မြက်တစ်ပင်မှ မဟုတ်တာ။

သူ့လိုပဲ မွေးစားခဲ့တာ ဝသန်ရှိသေးတယ်။ ဝသန်ကတော့ ပိုင်ရှင်မဲ့ ပစ္စည်းလိုပါပဲလေ။ ဘယ်သူကမှ လာပြန်တောင်းမှာ မဟုတ်သလို၊ မိသားစုကလည်း တောင့်တောင့်တင်းတင်းမှ မရှိကြတာ။ ရှိသည်ထားဦးတော့ ကိုယ့်မိသားစုအရေးနဲ့ ကိုယ့် တူ/တူမရဲ့ တာဝန်ကို ဘယ်သူကများ ထမ်းဆောင်ချင်ကြလို့လဲ။

"လောလောဆယ်ဆယ်အဖို့ကတော့ နေတတ်ကြမှာ မဟုတ်ပါဘူး။ နောက်တော့လည်း နေသားကျသွားမှာပါ။ လူဆယ်ယောက်တိုးလာတာ မသိသာပေမယ့် လူတစ်ယောက် လျော့သွားရင် သိသိသာသာ ခံစားတတ်ကြရတာ မွေ့တာ၏ ခင်ခင်ရယ်။ တို့မှာဖြေစရာ သမီးနဲ့ ဝသန်ရှိပါသေးတယ်"

ဝသန်ဆိုတော့ ခင်ခင် ခင်ပွန်းသည်၏ မျက်နှာကို မော့ကြည့်မိလိုက်၏။ အမှန်ပြောရရင် အဓွန့်ကြီးသည်ပဲပြောပြော ခင်ခင့် ဝသန်ကို ရှိန်ဝါ့လောက် မချစ်နိုင်ခဲ့ဘူးလေ။

"ဝသန်က ဘယ်တော့မှ ပြန်မပေးရမယ့် ပစ္စည်းပါ"

ဒီလိုပြောတာ ကိုဇော်ဦး ရှိန်ဝါ့အပေါ် မချစ်လို့မဟုတ်ပေ။ ပြန်မပေးလို့မှ မရတော့တာ ဒီလိုပဲ ဖြေသိမ့်ရတော့မှာပေါ့။ ငယ်ငယ်လေးကတတည်းက သားအရင်းလို ကိုယ့်ရွှေးနဲ့ရင်းပြီး ရှာဖွေကျွေး





[illegible] ပျိုးထောင်လာခဲ့တာ မချစ်ဘဲနေပါ့မလား။ အခုပြောရင်း [illegible] မျက်ရည်တွေ ဝဲနေသည်ပဲလေ . . .။

"ကဲ . . . ထမင်းစားလိုက်ဦးနော်"

ထမင်းပန်းကန်ကိုယူပြီး ကိုဇော်က ပေးလေတော့ ခင်ခင် [illegible]အောင် စားဖို့ယူလိုက်စဉ် . . .

"ဖေကြီး . . . အမေ"

"ဟင်"

"ဖေကြီး . . . အမေ"

အခန်းဝမှာ လာရပ်ပြီး ခေါ်တာက နှောင်ကြိုးပါ။ ကိုဇော်ဦး [illegible] . .

"ဘာလဲ သမီး"

"သမီးတို့ အိမ်ရှေ့မှာ ကားနဲ့လာတဲ့ ဦးဦးတစ်ယောက် [illegible]နေတယ်"

"ဟင်"

လင်မယား နှစ်ယောက် အကြည့်ချင်းဆုံသွားကြပြီး . . .

"သူ . . . လာပြီထင်တယ်"

"အင်း . . . . သွားရအောင်"

ကလေးတွေကတော့ ကားကိုမြင်တာနှင့် ထူးဆန်းသလို

ကြည့်နေကြသည်လေ။ သူတို့မှာ မြင်သာမြင်ဖူးပြီး စီးမှမစီးဖူးကြတာ ။ ကိုအောင်ကျော်စိုး အိမ်ထဲကို ဝင်လာတာနှင့် . . .

"ဖေဖေ"

"သား"

ရှိန်ဝါက ပြေးသွားလေလျှင် . . .

"ရော့ . . . သား။ ဒါက သား ဖေဖေနဲ့လိုက်ရင်လဲ ဝတ်ဖို့ အဝတ်။ ဒါက သားရဲ့ ညီလေးနဲ့ညီမလေးအတွက် အဝတ်နဲ့မုန့်တွေ"

အောင်ကျော်စိုး ဟိုနေ့ကတည်းက တီဗီထိုင်ကြည့်နေတဲ့ ကလေးတွေကိုမြင်သွားခဲ့သည်ပဲလေ။ ဒီမိသားစု အကြောင်းကိုလည်း အားလုံး စုံစမ်းသိရှိပြီးပါပြီ။ ရှိန်ဝါကတော့ များပြားတဲ့ မုန့်တွေနဲ့ အဝတ်တွေကို ထုတ်ကြည့်နေလေရဲ့။ နောင်ကြီးနဲ့ ဝသန့်လည်း အပါ အဝင်ပေါ့လေ။

သူ့အတွက် အဝတ်အစားနဲ့ ဖိနပ်။ ခါးပတ်ကြိုးကအစ သူတစ်ခါမှ မဝတ်ဖူးတာတွေပါလာတော့ အကျေနပ်ကြီး ကျေနပ် နေလို့ပေါ့။

"ကိုအောင်ကျော်စိုး ရောက်လာပြီလား"

ကိုဇော်ဦး အသံပေးလိုက်တော့ အောင်ကျော်စိုးက ပြုံးပြ လေလျှင် ခင်ခင်ကပဲ . . .

"သူက ကျွန်မ ခင်ပွန်း ကိုဇော်ဦးပါ ကိုအောင်ကျော်စိုး"





တစ်ယောက်နဲ့တစ်ယောက် ခေါင်းညိတ်ပြုံးပြပြီး နှုတ်ဆက် ကြသည်လေ။ ထိုင်ပါလို့တော့ ဘယ်သူမှမပြောဖြစ်ကြပေ။ မပြော ဖြစ်တာက သူတို့လင်မယားလည်း ထိုင်ဖို့မေ့နေလို့ပါ။

"နောင်ကြီး . . . ရော့ . . . ဒါကနင့်အတွက်။ ဒါက ဝသန့် အတွက် . . . ရော့ . . . ဝသန့်"

"ကိုကြီး"

ဝသန့်က ခေါ်လေလျှင် . . .

"ဘာလဲကွ"

"ကိုကြီးက ဟိုဦးဦးနဲ့ လိုက်သွားမှာလားဟင်"

"အင်း . . . ဟုတ်တယ်။ ငါ မကြာခဏ ပြန်လာမှာပါ"

ခင်ခင်တို့ လင်မယား ရင်ထဲမှာ စူးခနဲ နင့်ခနဲ ဖြစ်သွားရ သည်။ သူကတော့ တိုက်ကြီးမှာနေပြီး ကားစီးရမယ်။ ဝတ်ကောင်း စားလှတွေနဲ့ လိုတရသာဝမျိုးမှာ နေရမယ်ဆိုတော့ ပျော်နေမှာပေါ့။ သူတို့လင်မယားမှာတော့ ရင်ထဲအသည်းထဲ စီးဝင်စွဲ ခံနေရသလိုပါပဲ။ ဒီအတွက် . . . အပြစ်မမြင်ပါဘူးလေ။ ကလေးဆိုတော့ သူနက်နက်နဲနဲ ...တွေးတတ်မှာလဲ။

"ကိုအောင်ကျော်စိုး သူ့ကို ခေါ်သွားပါတော့"

"ဟိုနေ့က ခင်ခင့်ကို ပြောတဲ့ကိစ္စ . . . သိန်းနှစ်ရာအောင်"

"ကိုအောင်ကျော်စိုး"

www.burmeseclassic.com



". . . . . . ."

"ကျွန်မတို့က အကျိုးလိုလို့ ညောင်ရေလောင်းခဲ့တာ မဟုတ်ပါဘူး။ အစကတည်းက မြလေးရဲ့တောင်းဆိုမှုကို လက်ခံခဲ့တာ မြလေးကိုသိပ်ချစ်လို့ပါ။ ဘာကိုမှ မမျှော်လင့်ခဲ့ပါဘူး။ ရှိန်ဝါနဲ့ ပတ်သက်ပြီး ထားခဲ့တဲ့ ကျွန်မတို့လင်မယားရဲ့ စေတနာ မေတ္တာတွေကို ငွေကြေးနဲ့တန်ဖိုး မဖြတ်ပါနဲ့"

ပြောပြီး ခင်ခင် ချာခနဲ လှည့်ထွက်၍ မီးဖိုချောင်ဘက်သို့ ဝင်သွားလေတော့သည်။

"သား . . . ဖေဖေတို့ သွားရအောင်"

"ကိုကြီး"

နောင်ကြိုးနဲ့ ဝသန်က ရှိန်ဝါ့လက်တစ်ဖက်စီကို ဆုပ်ကိုင်ထားကြပြီး မျက်ရည်လေးတွေ စီနေလေလျှင် . . .

"သားနဲ့သမီး လာစမ်း"

ကိုဇော်ဦးက ဝသန်နဲ့နောင်ကြိုးကို ဆွဲခေါ်သလို၊ ကိုအောင်ကျော်စိုးကလည်း ရှိန်ဝါ့ကို ဆွဲခေါ်လေသည်။ ရှိန်ဝါ စိတ်တော့ မကောင်းပါဘူး။

"ကိုကြီး"

"ကိုကြီး မသွားပါနဲ့ ကိုကြီး"

"ကိုကြီး လိုက်မသွားပါနဲ့"





ကိုဇော်ဦး ငိုပြီးပြောနေတဲ့ ကလေးတွေကို အတင်းပဲဆွဲခေါ်သွားခဲ့တော့၏။ ဒီကလေးလေးတွေကတောင် သံယောဇဉ်နဲ့ မခွဲနိုင်ကြတာ။ ကိုယ်တွေက ပိုဆိုးတာပေါ့။ ဒါပေမယ့် သူက ကိုယ်တွေနဲ့ ဆက်ဆိုင်ချင်တော့ပဲလေ။

ရှိုပါ . . .

ဒီလိုကျတော့လည်း ငိုချင်စိတ်ပေါက်မိ၏။ သူတို့ကို မခွဲချင်ပေမယ့် ကိုယ့် စိတ်ကူးယဉ်ထားတဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်ရဖို့ အတွက် . . .

"ကိုကြီး . . . ခဏခဏ ပြန်လာခဲ့မယ်"

● ● ●



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

အမေမရှိတော့ အဘနဲ့ပျော်ဆိုတာမျိုး ရှိနိုင်ပါမှကာတည်းက ဝသန်ကို အစားထိုးလို့ ဖြေသိမ့်ခဲ့ရသည်လေ။ တူတော့ မတူဘူးပေါ့။ ခဏခဏ ပြန်လာခဲ့မယ်ဆိုတဲ့လူက လိုက်သွားပြီးကာတည်းက အခု အချိန်အထိ တစ်ခေါက်မျှ သူမတို့ဆီကို ပြန်မလာခဲ့ပေ။ ရင်ဝကို ခြေ စုန်ကန်ပြီး ထွက်သွားတာ မဟုတ်ပေမယ့် ရင်တော့ နာခဲ့ရသည်လေ။

သူ့အတွက်တော့ ကိုယ်တွေရဲ့ ရင်ခွင်က ခရီးပန်းလို့ ခဏ ဝင်နားတဲ့ ဇရပ်တစ်ခုလိုပါ။

"ကဲ . . . သားနဲ့သမီးရေ အဝတ်လဲပြီး ကြပြီလား"

"ဟုတ်ကဲ့ ပြီးပြီအမေ"

အသံနှင့်ထပ်တူ ကျောင်းဝတ်စုံဖြူ အစိမ်းလေးနှင့် ခင်ခင့် အနားကိုရောက်လာသူက ဝသန်ပါ။ ဘယ်အချိန်ပဲ ကြည့်လိုက်ကြည့်





ထိုက် ဝသန့်မျက်နှာလေးက ပြုံးချိုနေတာပါပဲ။ ဒါကြောင့် ကျောင်းက ဆရာမတွေကတောင် ဗိုးပြုံးချိုလေးလို့ ခေါ်ကြတယ်တဲ့လေ။

"ညီမလေးရော မလာသေးဘူးလား သား"

"အင်္ကျီကြယ်သီး ပြုတ်သွားလို့ဆိုပြီး ပြန်လဲနေတယ်အမေ"

"ဟုတ်လား။ ရော . . . ဒီမှာ သားအတွက်မုန့်ဖိုး"

ခင်ခင်က နှစ်ရာတန်လေးကို အင်္ကျီအိတ်ထဲသို့ ထည့်ပေး သလျှင် ဝသန်က ပြန်ထုတ်လိုက်ပြီး . . .

"တစ်ရာတန် မရှိဘူးလား အမေ"

"မရှိဘူးလေ။ ဘာဖြစ်လို့လဲ"

"သားကို တစ်ရာပဲပေးပါ။ သားတစ်ရာနဲ့ မုန့်ဝယ်စားလို့ ရပါတယ်။ နေ့တိုင်းပေးရတော့ အမေတို့ ပိုက်ဆံကုန်တာပေါ့"

"အဲဒါ ဝသန် ညာတာအမေ။ ပိုက်ဆံပေးလည်း သူဘာမှ ဝယ်မစားဘူး။ ပိုက်ဆံတွေကို စာအုပ်ကြားထဲမှာပဲ ညှပ်ထားတာ"

"ဟုတ်လား ဝသန်"

"ဟုတ်"

မေးပြန်တော့လည်း မညာဘဲ ခေါင်းညိတ်သည်လေ။

"မုန့်ဝယ်စားဖို့ပေးတဲ့ ပိုက်ဆံကို မုန့်ဘာလို့ ဝယ်မစားရ တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သား ဝယ်မစားချင်လို့ပါ"

ခင်ခင် ဆက်မမေးတော့ပေ။ ကိုယ့်ဘက်က တာဝန်ကျေ အောင်ပေးတာပဲ။ သုံးတာမသုံးတာက သူ့အပိုင်းပဲပေါ့။

"ဒါက သမီးအတွက် နှစ်ရာ . . . ရော့"

နောင်ကြီးက နှစ်ရာတန်လေးကိုယူပြီး ကွန်ပါဘူးထဲသို့ ထည့် လေ၏။ ကိုယ့်သမီးက သမီးအရင်း။ ဝသန်က မွေးစားသားဆို ခင်ခင် ခွဲခြားစိတ်ဖြာတာတွေတော့ မရှိပေ။ တစ်ခါတစ်လေ ရှိကော ရှိနိုင်ပေမယ့် နည်းပါသည်။ ကိုဇော်က အဲဒီလို ခွဲခြားတာကို ကြိုက် မကြိုက်ဘဲလေ။

"အားလုံး အဆင်သင့်ဖြစ်ကြပြီလား"

"ဟုတ် . . . အမေ"

"ဒါဆို သွားကြမယ် . . . လာ"

ခင်ခင်ကလေးနှစ်ယောက်ကို လက်ဆွဲပြီး ကျောင်းလိုက် ခဲ့၏။ ကလေးတွေက အရမ်းငယ်သေးတော့ ဒီလိုပဲ အလုပ်မအား ကြားက အချိန်ပေးပြီး ကျောင်းပို့ကျောင်းကြို လုပ်နေရသည်သာ

● ● ●





## အခန်း (၈)

"ဟာ . . . မလုပ်နဲ့ နောင်ကြီး။ မလုပ်နဲ့နော် နာတယ်ဟာ [illegible]ရ . . ."

"နင် . . . ဘာလို့ ငိုကိုစလဲ"

"စတာ ဘာဖြစ်လဲ။ အဆုံးသတ်တာမှ မဟုတ်တာ"

"တွေ့လား ပြောရင်းက"

"အား . . . အမေရေ အမေ့သမီး"

အော်ရင်းပဲ ဝသန်က အိမ်ပေါ်သို့ ပြေးတက်လေလျှင် စက် ချုပ်နေတဲ့ ခင်ခင် စက်ချုပ်တာကို ရပ်ပြီးလှည့်ကြည့်ကာ . . .

"ဟဲ့ . . . ဘယ်လိုဖြစ်လာကြတာလဲ"

"အမေ့သမီး လိုက်ထုနေလို့ အမေ"



www.burmeseclassic.com

www.burmeseclassic.com



"နင်က စတာကိုး။ သူစလို့ အမေ"

"ဟုတ်လား။ ဝသန်က ဘယ်လိုစလို့လဲ"

"သမီးက ရုံးဆင်းကာနီး ဖုန်းကို ခဏဖွင့်ကြည့်တာပါ။ အဲ ကိုလိုင်းပေါ်တက်ပြီး ဖွန်ကြောင်မနေနဲ့ ယောကျ်ားလိုချင်ရင်ပြော ရှာပေးမယ်တဲ့"

"ဟယ်"

"ပြီးတော့ ပြောသေးတယ် အမေ။ သူသဘောကျတဲ့ လူ သမီးက ယူရမယ်တဲ့။ သမီးယူရမှာ သမီးသဘောကျမှ မဟုတ်ဘူး လား။ ခုတော့ သူယူမှာကျနေတာပဲ"

"သား . . ."

"ဗျာ . . . အမေ"

"ကိုယ့် ညီမလေးကို ဒီလိုမပြောရဘူးလေ။ ကိုယ်ကအကြီး ပဲဥစ္စာ။ အငယ်က ရှိသေခန့်ညားအောင် နေရမှာပေါ့"

"ဟုတ်ကဲ့ အမေ"

ဝသန်က နှောင်ကြိုးထက် သုံးလအသက်ကြီးသည်လေ ဒါလေးနဲ့များ အကြီးဖြစ်နေရတာ။ ပါးစပ်က ဟုတ်ကဲ့ဆိုပေမယ့် တကယ်တမ်း လက်တွေ့မှာက ဝသန် အဲဒီလို အခန့်သားကြီး မ ချင်ပါဘူး။ ဒါကြောင့် နှောင်ကြိုးကို လျှာထုတ်ပြီး ရွဲ့မဲ့ပြလေလျှင် . .

"တွေ့လား အမေ စနေပြန်ပြီ"





"ဟင် . . ."

နှောင်ကြိုးစကားကြောင့် ခင်ခင် . . . ဝသန့်ကို ဖျတ်ခနဲ ကြည့် လျှာတစ်လစ်နဲ့ မြင်ရလေလျှင် . . .

"ခက်တော့တာပဲ ဒီကလေးတော့"

"မျက်နှာကိုက တရော်ကို ဆီစွတ်ထားတဲ့ ရုပ်နဲ့"

"တရော်ဆီစွတ် . . . မြွတ် . . ."

"ဝသန် . . . ကွဲ"

"အား . . ."

နှောင်ကြိုးက ထမင်းချိုင့်နှင့်ပေါက်မယ်လုပ်မှ ဝသန် အားခနဲ ပြီး ကျောကော့ပြေးလေတော့သည်။ ရာသီတွေ အလီလီပြောင်း လို့ လူတွေရဲ့ပြောင်းလဲမှုနှင့် အခြေအနေ အရပ်ရပ်တို့သည်လည်း ပြောင်းလဲကုန်ပြီလေ။ အခုဆိုရင် ဝသန်နဲ့နှောင်ကြိုး နှစ်ယောက်စလုံး ယ်တန်းအောင်ပြီးလို့ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေကြသည်။

အဲဒီကုမ္ပဏီက ဆယ်တန်းအောင်လျှင် ဝင်လုပ်လို့ရသည် လေ။ နိုင်ငံခြားက အထည်တွေကို ပြန်ဖြန့်ရတာဆိုလား။ ဘာဆိုလား တော့ နားမလည်ပါဘူး။ လကုန်လို့ လစာထုတ်တဲ့နေ့ဆို ဝန်ထမ်း ကို မဲစနစ်နဲ့လက်ဆောင်တစ်ခုစီပေးသည်လေ။ ပြီးခဲ့တဲ့ နှစ်လ တော့ကဆိုရင် နှောင်ကြိုးက ဖုန်းတစ်လုံး မဲပေါက်လို့ အခုအဲဒီ ဖုန်းကိုပဲ ကိုင်နေတာပါ။ ကျန်တာကတော့ နှစ်ယောက်စလုံး ထ ပေါက်လိုက်၊ ပုဆိုးပေါက်လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဆို ဝသန်က မိတ်ကပ်ဗူးပေါက်လို့တဲ့လေ။ သူငယ်ချင်းတွေက ဝိုင်းပြီးမိတ်ကပ်တွေလိမ်း၊ နှုတ်ခမ်းနီတွေ ဆိုးပေးလိုက်တာ အိမ်ရောက်တော့ သူ့အဖေကကြည့်ပြီး ရယ်တာ မျက်စိပေါ်မပွင့်အောင်ပါပဲ။ လမ်းတစ်လျှောက်လုံးလည်း သူ့ကိုကြည့်ပြီး ရယ်သွားကြသည်တဲ့လေ။

"အမေ. . ."

"ဟင်"

နှောင်ကြိုးက မိခင် စက်ချုပ်နေတဲ့ အင်္ကျီကိုကိုင်ကြည့်ပြီး—

"ဒီဝတ်စုံက ဘယ်သူ့အစ်တာလဲဟင်"

"ဟိုဘက်လမ်းကလေ သမီးရဲ့။ အမေ့ဆီမှာပဲ အမြဲလာအပ်ပြီးဝတ်တဲ့ အေးအေးမော်ရဲ့ သမီး သိတယ်မဟုတ်လား"

"ဟုတ်"

"သူ အစ်ထားတာ"

"ဪ. . ."

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ ဖျင်သားက အရမ်းကောင်းပြီး ပုံစံလေးကလည်းလှလို့ပါ"

ဖေါ်ခင်ခင် စိတ်မကောင်းဖြစ်သွားရ၏။ ငါ့သမီးလေးလည်း ဝတ်ချင်မှာပဲလို့ တွေးမိလို့လေ။ ဖျင်သားကကောင်းဆို တန်ဖိုးကလည်း





[illegible]ကျော်တာကို။ ဝတ်ချင်တာတော့ ဝတ်ချင်မှာပေါ့။ ဒါပေမယ့် [illegible]က ပူဆာမှာမဟုတ်ပါ။ ကလေးတွေ အတန်းကြီးလာတော့ ကျူရှင်[illegible]နဲ့ ဘာနဲ့ သူတို့မှာ အုဆင်မပြေခဲ့ဘူးလေ။

ဒါကို ကလေးတွေ သိတာပေါ့။ ကိုဇော်ကလည်း တစ်နှစ်[illegible]လုံး ကျန်းမာရေးမကောင်းလို့ အလုပ်မလုပ်နိုင်သည့်အပြင် ဆေး[illegible]ကလည်း ကုန်တော့ ဘယ်လိုလုပ်ပြီး အဆင်ပြေမှာလဲ။ ဒါကြောင့်[illegible] ကလေးတွေက အလုပ်ထွက်လုပ်ပြီး ကျောင်းကို အဝေးသင်[illegible]တော့မယ်တဲ့လေ။

ကိုဇော်လည်း အလုပ်ပြန်ဆင်းနိုင်နေပါပြီ။ ဒါပေမယ့် အရင်[illegible]နေတဲ့ ကြွေးတွေကို ဆပ်နေရတုန်းပါပဲ။

"အမေ . . . သမီး ဗိုက်ဆာလို့ ဘာစားစရာရှိလဲ"

"အဲဒါလမ်းမှာ တစ်ခုခု ဝယ်စားခဲ့ရောပေါ့ သမီးရဲ့"

"အဲဒီလိုကျ ပိုက်ဆံကုန်မှာစိုးလို့"

"ဪ . . . သမီးရယ်။ အိမ်မှာစားတော့ရော ပိုက်ဆံမကုန်[illegible]ဘူးပြောပါဦး"

"အိမ်မှာဆို ထမင်းစားရင် အကုန်သက်သာတာပေါ့ အမေရဲ့။ [illegible]မှာ ဝယ်စားလည်း နှစ်ရာသုံးရာအတွက် အိမ်မှာ ထမင်းစားလို့[illegible]တစ်ပူးကုန်တာမှ မဟုတ်တာ"

"အဲဒီလောက်အထိ လိုက်တွက်မနေပါနဲ့ သမီးရယ်။ ဗိုက်ဆာ[illegible]သာစား။ သန်းခေါင်ထက်တိုးပြီး ညဥ့်မနက်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ပါများရင် တောင်ပို့ဖြစ်တယ်လေ အမေရဲ့"

"ဟုတ်ပါပြီ မတတ်ပရယ်။ အခု မိုက်ဆာနေတာမို့လား ထမင်းပဲစား။ ချဉ်ဟင်းချက်ပြီး ငါးနဲ့ရေတ်သီးကြော် ကြော်ထားတယ်"

"ဟုတ်"

စက်မုံပေါ်မှာ တင်ထားတဲ့ ထမင်းချိုင့်ကိုယူပြီး နှောင်ကြိုး မီးဖိုချောင်ဘက်ဆီသို့ ဝင်သွားလေလျှင် ဖေါ်ခင်ခင်လည်း ဝသန်ထော ခဲ့သည့် ထမင်းချိုင့်ကိုယူပြီး ထလိုက်လေလျှင် . . .

"ချိုင့်သွားဆေးမလို့လား အမေ"

"အေး . . . ဟုတ်တယ်"

"အမေ မဆေးပါနဲ့။ သား ဘာသာဆေးပါ့မယ် . . . ပေး"

ဝသန်ကလည်း ထမင်းချိုင့်ကိုယူကာ မီးဖိုချောင်ဆီကို ဦးတည်ခဲ့သည်လေ။

"ဟိတ်"

"အမေ့"

"ဘာတွေ နိုးစားနေတာလဲ"

"အောင်မယ် . . . ဘာမှ နိုးမစားပါဘူး။ မိုက်ဆာလို့ ပြောင် စားနေတာ"

"မသိဘူးလေ . . . ငါးကြော်ဆိုရင် နင်က နိုးစားတက်လို့"





နှောင်ကြိုး မျက်စောင်းထိုးပစ်လိုက်၏။ ဝသန်ပြောလည်း ပြောစရာပဲလေ။ ငါးကြော်ဆိုရင် နှောင်ကြိုးက ယူမစားဘဲကို မနေ နိုင်တာ။ ထမင်းနဲ့ကျတော့ သိပ်မစားချင်။ ခဏခဏ နိုးစားမိလို့ ဒီလို ပြောတာ လွန်တော့မလွန်ပါဘူး။ ငယ်ငယ်တုန်းကဆို ဝသန် စားပါ သယ်ပြောလို့ ဝသန်ကို မေမေရိုက်တာ မှတ်မိနေသေး၏။

အဲဒီတုန်းက ကိုကြီးဆိုတဲ့ တစ်ယောက်ရှိသေးသည်လေ။ အမေနဲ့အမေ့ ပါးစပ်က ခဏခဏပြောလို့ ဘုန်းရှိန်ဝါဆိုတဲ့ နာမည် ကိုရင်းနှီးနေပေမယ့် လူကတော့ ဗိုးတဝါးပုံရိပ်မျှသာ။ သူ့ကို နှောင်ကြိုး မှတ်မိတော့ပါဘူး။

"ကြောင်သေလို့ ဝင်စားသလား မသိဘူး"

"ဘာ"

"ငါးကြော် နိုးစားတဲ့ အကျင့်မပျောက်လို့ပြောတာ။ နောက် ထမင်းချိုင့်ပေး ဆေးမလို့"

ထမင်းချိုင့်ကို ယူပေးလိုက်ရင်း . . .

"ကိုယ့်အိမ်မှာ နိုးစားမိတာ ဘာဖြစ်လဲ။ သူများအိမ်မှာ နိုး စားတာမှ မဟုတ်တာ"

"အဲဒါလည်း သူခိုးပဲလေ"

"ဝသန် . . . အဟွတ်"

ဝသန်ကို ပြန်ပြောချင်ဇောနဲ့ ထမင်းသီးလေလျှင် သမင်းစေ့



www.burmeseclassic.com

www.burmeseclassic.com



တွေက ပါးစပ်ထဲကထွက်ပြီး ဝသန့် လက်မောင်းပေါ်သို့ ကျသွား ငသတော့ . . .

"ဟာ . . . ငါ့ကိုစင်ကုန်ပြီ။ ရွံ့စိုကောင်းလိုက်တာ"

"အဟွတ် . . . အဟွတ်"

"ဟာ . . ."

"အဟွတ် . . . အဟွတ် . . . အဟွတ်"

"နာသီး . . . နာသီး"

ထမင်းသီးပြီး နှောင်ကြိုးနှာခေါင်းဖျားလေးတွေ နီကာ မျက်ရည်ပင် ဝဲလာသည်အထိပါ။ ဝသန့် ကျောနဲ့ရင်ကို ညှပ်ဖိထားပေး ချင်ပေမယ့် ကြည့်သာနေပြီး မလှုပ်ဖြစ်ပေ။ မသင့်တော်ဘူးလေ။ မောင်နှမ အရင်းဆိုရင် ဟုတ်တာပေါ့။ အခုက သူတို့နှစ်ယောက် မောင်နှမ အရင်းမဟုတ်တာကို သူရောကိုယ်ရော ရပ်ကွက်ထဲက လူ တွေရော ကလေးကစ ခွေးကစ သိနေတာပဲဥစ္စာ။

အတန်ကြာလို့ နှောင်ကြိုး အသီးရပ်သွားတော့မှ . . .

"နှင်ကလေ တကယ်ပဲ သိလား"

"ဘာလဲဟ"

"ငါ . . . ဒီလောက်သီးနေတာကို ငုတ်တုတ်ကြီး ထိုင်ကြည့် နေတယ်"

"ငုတ်တုတ်ကြီး ထိုင်မကြည့်လို့ ငါကဝမ်းလျားမှောက် ကြည့် ရမှာလား"





"တော်စမ်းပါ။ ပြီးတော့ သူများကိုပဲ ရွံ့သလေး ဘာလေးနဲ့ ...ကာ ဘယ်လောက် သန့်နေလို့လဲ"

"ရွံ့လို့ရွံ့စိုကောင်းတယ် ပြောတာကို ထမင်းတွေနဲ့ ငရုတ်သီး ...တွေနဲ့ ကြည့်ပါဦး။ ပြောရင်းနဲ့ ငါ့ပါတောင် အန်ချင်လာပြီ"

"ထယ်နော် . . ."

ဝသန့်က ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောလေတော့ နှောင်ကြိုးမခံနိုင်စွာ ...လေတော့သည်။

"ပါးစပ်နဲ့စားတာကို ရွံ့စရာလား။ နှင့်ကို စင်တာ ပါးစပ်ထဲက ...တွေပါဟဲ့"

"အဲဒါဆို နင့်ကို ငါတ်တွေးနဲ့ တွေးမယ်လေ။ နင်ငြိမ်နေ ...ပြော . . ."

"အဲဒါတော့ ဟုတ်မလား။ တူမှ မတူတာ"

"ဟဲ့ . . . မီးဖိုချောင်ထဲက နှစ်ကောင် ဘာဖြစ်နေကြတာလဲ။ ...ရှည်နဲ့ ဘာဖြစ်နေကြတာလဲ"

"ဘာမှမဖြစ်ဘူးအမေ။ အမေ့ သမီး ထမင်းသီးလို့ ပြော ...တာ"

မျက်စောင်းက ဒိုင်းခနဲရောက်လာလေတော့၏။ ဝသန့်လည်း ...ပြောတော့ဘဲ ချိုင့်တွေကိုသာ ဆက်ဆေးနေလိုက်တော့သည်။ ...ပြောရင် နှောင်ကြိုးအသံက ဆက်ထွက်နေဦးမှာလေ။ ကိုယ်က ...ဆို သူကနှစ်ခွန်းပေါ့။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

ဒီနေ့ ရုံးပိတ်ရက်မို့ နောင်ကြီးနဲ့ ဈေးသွားရသည်လေ
ဒီလိုပဲတစ်ဖက်တစ်လက် ဝိုင်းလို့ကူပေါ့။ အမေ့ကို နောင်ကြီး သန
ပါသည်လေ။ သူ့ခမျာ တစ်နေ့နေ့ စက်ချုပ်ရတာနဲ့ အိမ်မှုကိစ္စ
လုပ်ရတာနဲ့ မအားလပ်နိုင်ရှာ။ ဒါကြောင့် ဒီလိုရုံးပိတ်ရက်ဆို အ
လုပ်ရမယ့် အလုပ်တွေကို ဝသန်နဲ့ နောင်ကြီး ဝင်ကူပြီးလုပ်တာ

ခုလောက်ဆို ဝသန်ကတော့ အဝတ်တွေလျှော်ဖို့ လု
လောက်ရောပေါ့။ နောင်ကြီး ဈေးသွားရင် စိတ်မချလို့ဆိုပြီး တ
တစ်လေတော့ လိုက်လာတတ်သည်သာ။ ပတ်ဝန်းကျင်ဆိုတာ နှ
တော့ အတူတူတော့ မသွားဖြစ်ပေ။ အပြန်ကျမှသာ လိုက်ကြိုတ
တာလေ။

"နောင်ကြီး"

"........"





"နောင်ကြီး"

"ဟင်. .. ."

နောင်ကြီး အသံကြားရာဆီသို့ ကြည့်လိုက်တော့ သူမတို့ လမ်းထဲက သစ်တူးပါ။ သူ့သူငယ်ချင်း ဖင်မိုးကလည်း ဘေးမှာ။ ရုပ်တွေက ပြုံတီတီနဲ့။

"နောင်ကြီး"

"ဘာလဲ"

"နင် . . . ဈေးသွားတာ မြင်လို့ ငါလိုက်လာတာဟ။ ခုလို နင် တစ်ယောက်တည်း သွားတာလာတာကို ငါ့မှာချောင်းရတာ ဘာနဲ့ တူနေမှန်းမသိဘူး"

"နင့်ဘာသာ ဘာနဲ့တူတူ နင့်ကို ဘယ်သူက ချောင်းခိုင်း လို့လဲ"

"ဘယ်သူကမှတော့ မချောင်းခိုင်းဘူးပေါ့။ ဒါပေမယ့် ငါ . . နင့်ကို ပြောစရာရှိလို့"

နောင်ကြီး မျက်မှောင်ကြုတ်ပြီး ကြည့်ပစ်လိုက်၏။ ခုခေတ် လူငယ်တွေက တုံးတုံးအအတွေမှ မဟုတ်ပဲလေ။ ဒီလိုပြောကတည်းက ဘာဆိုတာ နောင်ကြီးသိတာပေါ့။ ဒါကြောင့် ခြေလှမ်းကို သွက်ပစ် လိုက်လေလျှင် . . .

"နောင်ကြီး"

"........"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်နေတယ်လေ"

"သစ်ထူး နင်ဘယ်လိုဖြစ်နေတာလဲ။ ငါ့ကို မနှောင့်ယှက်နဲ့နော်"

"နှောင့်ယှက်တာ မဟုတ်ပါဘူး နှောင်ကြိုးရယ်။ ငါ နင့်ကို တကယ်ချစ်တာပါ"

"ဘာ"

"အမယ်လေး တိုးတိုးလုပ်ပါဟ"

"နင် နောက်လှည့်ပြန်ရင် ကောင်းလိမ့်မယ်နော်"

"အင် . . . မပြန်ပါဘူး။ ငါ့စကားမှ မဆုံးသေးတာ"

"မင်းကလည်း ပြောစရာရှိတာ မြန်မြန်ပြောတာ မဟုတ်ဘူး။ တော်ကြာ ပန်းစောင့်ဘီလူးနဲ့ တွေ့လို့ ဖနှောင့်နဲ့တင်ပါး ကပ်အောင် ပြေးနေရမယ်"

"ပြေးစရာလားကွ။ ရုပ်ကိုကြည့်ထား ပြေးမယ့်ရုပ်လား"

သစ်ထူး သူငယ်ချင်းဖြစ်သူ ဖင်မိုးကို လှည့်ပြောနေတုန်းမှာပဲ နှောင်ကြိုးက ရှေ့ကလူကိုမီအောင်လိုက်ပြီး အဒေါ်တစ်ယောက်နှင့် အဖော်ရသွားပြီမို့ –

"ကျွတ်"

"စိတ်မပျက်နဲ့ ဆက်လိုက်။ အပြန် စောင့်ကြတာပေါ့ကွာ"

ဖင်မိုး ပြောသလိုပဲ အပြန်ကိုစောင့်ရတော့မှာပေါ့။ နှောင်ကြိုး





...မှာတာတွေဝယ်ပြီး အပြန်ကျတော့ အဖော်ကမရှိပေ။ စောစောက ...လာတဲ့ အန်တီကြီးကလည်း ဘယ်ရောက်သွားလည်း မသိပါဘူး။ ...တော့ရှာကြည့်တာ မတွေ့ရဘူးလေ။ အမေ ဟင်းချက်နောက်ကျ ...လည်း စိုးတာကြောင့် တစ်ယောက်တည်းပဲ ပြန်လာခဲ့စဉ် . . .

"နှောင်ကြိုး"

"ဟင် . . . နင်တို့ အခုထိ မပြန်ကြသေးဘူးလား သစ်ထူး"

"နင့်ကို စောင့်နေတာ"

"နင်စောင့်လည်း စောင့်မောပဲ ဖြစ်မှာ"

"ဘာဖြစ်လို့လဲ"

"နင့်အတွက် မျှော်လင့်ချက်မှ မရှိတာ"

"ဟာ . . . အဲဒီလိုတော့ မလုပ်ပါနဲ့ နှောင်ကြိုးရယ်။ ငါမျှော် ...ရစေ။ မျှော်လင့်ခွင့်တော့ ပေးပါဟာ . . . နော်။ နင့်ကို ငါတကယ် ...တာပါ"

"နင့်ဟာနင် တကယ်ပဲချစ်ချစ် အလကားပဲ ချစ်ချစ် နင့်ကို ...မဝင်စားဘူး"

"နှောင်ကြိုး"

"ငါ့ နာမည်ကို မခေါ်နဲ့"

"ခေါ်မှာပဲ"

"ကျွတ် . . . စိတ်ညစ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မညစ်ပါနဲ့။ နင် . . . ငါ့ကိုပြန်ချစ်လိုက်ရင် ပျော်စရာတွေဖန်ဆင်းပေးမယ်"

"သေလိုက်ပါလား"

"သေလို့ မဖြစ်သေးဘူးလေ။ နင်နဲ့မှ ချစ်သူဖြစ်ခွင့်မရသေးတာ"

နှောင်ကြိုး ပြောင်ချော်ချော် မျက်နှာကိုပဲ မကြည့်ချင်စွာ မျက်နှာလွှဲ လျှောက်လာခဲ့၏။ ပြောပုံက နှောင်ကြိုးနဲ့ ချစ်သူဖြစ်ခွင့်ရရင်ပဲ သေဆိုသေတော့မယ့်အတိုင်းပဲ။ ယောကျ်ားလေးတွေက ဒီလိုပြောကြတာပဲလေ။ လျှာအရိုးမရှိပြောပြီး ပြီးတော့မှ ဘာမှဟုတ်ကြတာမဟုတ်ပဲနဲ့။

အစကတော့ ယောကျ်ားလေးတွေက မိန်းကလေးတွေအချစ်ကိုရဖို့ အသည်းအသန် လိုက်ကြတယ်လေ။ နောက်တော့ သူတို့က အေးစက်စက်ဖြစ်သွားတော့ မိန်းကလေးတွေက ပြန်လိုက်ရတဲ့အဖြစ်။ နှောင်ကြိုး သူငယ်ချင်းတွေဆို ဒီလိုပဲမို့ အချစ်ဆိုတဲ့ အရာကိုနှောင်ကြိုး စိတ်ပျက်ပါသည်လေ။

"နှောင်ကြိုး"

နှောင်ကြိုး ခေါ်သံကြားလို့ ဆတ်ခနဲ ခေါင်းမော့လိုက်မိမှပဲ . .

"နှောင်ကြိုး"

"ဟင်"





မာဆတ်ဆတ်အသံနှင့် ကပ်ခေါ်ပြီး ဆင်ကြည့်ကြည့်၍ ခါးထောက် ရပ်နေသူက ဝသန်ပါ။

"ဝသန်"

"နှောင်ကြိုး"

နှောင်ကြိုးလက်ကို သစ်ထူးက ဖမ်းဆုပ်ထားလေသတော့ . . .

"ဘာလုပ်တာလဲ လွှတ်စမ်း"

ဝသန်က အနားရောက်လာပြီး . . .

"ဟေ့ကောင် အခု လွှတ်စမ်း"

"မလွှတ်ဘူးကွာ။ မင်းနဲ့ ဘာဆိုင်လို့လဲ"

သစ်ထူးက ဝသန့်ရင်ဘတ်ကို တွန်းလွှတ်လေ၏။

"သူက ငါ့ ညီမလေး"

"ဘာ ညီမလဲ။ မင်းတို့နှစ်ယောက် ဘာမှမတော်တာ တို့တစ်ရပ်ကွက်လုံး သိတယ်ဟေ့ကောင်။ ဘာ မောင်နှမလဲ၊ ဘာလား မောင်နှမလား"

"ဟေ့ကောင် မင်း ခွေးစကားမပြောနဲ့"

"အလကားပါ သစ်ထူးရာ။ ဒီကောင်က ကောက်ရိုးပုံစောင့် ခွေး"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် တက်မခေါက်နဲ့"

"အေး . . . တက်မခေါက်ဘူး . . . ကဲ"

"ခွပ် . . ."

"ဟာကွာ"

"ခွပ် . . ."

"အား . . ."

"ဝသန်"

"ခွပ် . . ."

"လာကြပါဦးရှင်။ ဒီမှာ ရန်ဖြစ်နေလို့ လာကြပါဦး"

"ဟာ . . . ရန်ဖြစ်နေကြတယ်ဟ"

"ကယ်ကြပါဦး။ လာကြပါဦး"

နှောင်ကြိုး အော်တာကြောင့် ဘေးပတ်ဝန်းကျင်က လူတွေ ရောက်လာကြပြီး ဆွဲကြ၊ လွဲကြ။ နောက်ဆုံး ရပ်ကွက်လူကြီးအိမ် ရောက်ရသည့်အပြင် အချုပ်လည်း ရောက်ရသည်ပေါ့လေ။

● ● ●





## အခန်း (၁၀)

ဦးဖော်ဦး သားကို အာမခံနှင့် အချုပ်ထဲမှလိုက်ထုတ်ရသဖြင့် ဒီနေ့အလုပ်မဆင်းဖြစ်ပေ။ ဝသန်ရော၊ နှောင်ကြိုးရော ခေါ်ခဲ့ခင်ပါ အလုပ်ပျက်သည့်နေ့ဟာ ဒီနေ့ပါပဲ။ အိမ်ကိုရောက်တော့ ခင်ခင်က ဒိုးသာ . . .

"တစ်သက်လုံးက လူကြီးအိမ်တို့၊ ရဲစခန်းတို့ မရောက်ခဲ့ဖူး ဘာ အခုနင်နဲ့ကျမှပဲ ရောက်ရတော့တယ် ဝသန်ရယ်။ ကဲ . . . ဘယ် သူဖြစ်တာလဲ ပြောပါဦး။ လူမိုက်သား ရမ်းကား၊ လူလိမ္မာသား ယဉ်ပါး ဆို။ အခု နင့် အဖေက လူမိုက်မဟုတ်ဘဲ နင်က လူရမ်းကားဖြစ်လာ ပြီလေ"

"သားက ရမ်းကားတာ မဟုတ်ဘူး အမေ"

"ဒါဆို သူတို့က ရမ်းကားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စ သားမပြောချင်ဘူး။ အမေ့ သမီးကိုသာ မေးကြည့်ပေတော့"

"ငါ့ကို ပြောပြပါတယ်။ သစ်ထူးက သမီးကို ရည်းစားစကား လိုက်ပြောတာတဲ့။ အပျိုကို လူပျိုက ရည်းစားစကား လိုက်ပြောတာ ဘယ်သူမှ မကောင်းကြပါဘူးဟယ်။ ကိုယ့်ညီမကိုယ် ပြန်ခေါ်လာခဲ့ပြီး တာပဲ မဟုတ်ဘူးလား"

နောင်ကြီးခရာ ဝသန်ပါ ဘာမှပြန်မပြောဘဲ ငြိမ်နေကြသည်။ ဘယ်ပြောသိမ့်မလဲ။ သစ်ထူးတို့ပြောတဲ့ စကားတွေက နားဝင်ချိုအောင် ရွတ်ပြတဲ့ ကဗျာတစ်ပုဒ်၊ သီချင်းတစ်ပုဒ်မှ မဟုတ်တာ။ ပြောပြလို့ ကြားရင်ကြားတဲ့သူပါဆက်ပြီး အကုသိုလ်တွေများ ဒေါသတွေ ဆတ် ဖြစ်ဦးမှာလေ။

"မင်း တော်တော်လျှာရှည်ပါလား ခင်ခင်"

"ဘာရှင့်"

"ရန်ဖြစ်တယ်ဆိုမှတော့ မခံနိုင်စရာရှိလို့ပေါ့ကွ။ ဘယ်သူက အလကား ကိုယ့်အသားအနာခံပြီး ရန်ဖြစ်မှာလဲ။ မင်းပြောသလို ကိုယ့် ညီမကိုယ်လက်ဆွဲ ပြန်လာရုံနဲ့ မပြီးလို့နေမှာပေါ့"

"ရှင်။ ... ။ ဝင်မပြောပါနဲ့"

"မပြောလို့ မရလို့ပြောနေတာပေါ့။ မင်း အခုပြောနေပုံ ငါ့သားကပဲ သစ်ထူးကို နားရွက်တံတွေးစွတ် ရန်စလာခဲ့သလိုပဲ။ သမားတွေ မိုက်တဲ့ကောင်ထွက်ခဲ့ စိန်ခေါ်ရင် ဘယ်ကောင်ထွက်



ရှိနိုင် ဖြစ်မှသာ ရပ်ကွက်လူကြီး ပြေးတိုင်ကြတာ။ အခု သစ်ထူးက သလို၊ သားကလည်း မမူးဘူး။ မမူးတဲ့ကောင်ချင်း ရန်ဖြစ်တာ နိုင်စရာရှိလို့"

"အဲဒါတော့ ရှင်ပြောမှလား။ ကိုယ်ကတတ်နိုင်သလောက် ညီခံပြီး ရန်ရှောင်လာဖို့ပြောတာ။ အခုဖြစ်တော့ နှစ်ယောက်နဲ့တစ် ယောက်။ ရှင့်သား မျက်နှာက ဒဏ်ရာတွေကိုလည်း ကြည့်ပါဦး။ တည်း ဖအေက ဆုံးမယ်တော့မရှိဘူး။ မြောက်ထိုးပင့်ကော် နေသေးတယ်"

ကိုယ့်မိန်းမကို အတွေးတိမ်လိုက်တာလို့ မပြောချင်တော့ ရန်ဖြစ်လာတယ်ဆိုကတည်းက တစ်ဖက်က ဘယ်လိုစကား ပြောလို့လဲဆိုတာ သူခန့်မှန်းကြည့်ပြီးပါပြီ။ နှစ်ယောက်စလုံး က သစ်ထူး နောင်ကြီးကို ရည်းစားစကားလိုက်ပြောလို့ ဆိုတာက အပိုစကားမှ ထွက်မလာတာ။

အဲဒီလို ထွက်မလာတာကိုက မိဘတွေကို ပြန်မပြောချင်လို့ ကို ခန့်မှန်းလို့ရပါသည်။ အခြေအနေနဲ့ အချိန်အခါအရ ထွက် တဲ့ စကားလုံးတွေကိုပဲ ကိုဖော်ဦး သိတာပေါ့။

"ငါက မြှောက်ထိုးပင့်ကော် လုပ်တာပဲထားပါတော့။ သဘာဝ သူများအိမ်ကခွေးနဲ့ ကိုယ့်အိမ်ကခွေးကိုက်ရင် ကိုယ့်အိမ်က ပဲ နိုင်စေချင်တယ်တဲ့။ အခု ငါ့သားကလူ။ သူများနဲ့ ရန်ဖြစ်ရင် နိုင်တာပဲ လိုချင်တယ်။ ခေါင်းငုံ့ခံလာလို့ကတော့ ငါ့လက်သီး ယ်သာမှတ်"

"မပြောတော့ဘူး။ ရှင့်ကို ပြောကိုမပြောတော့ဘူး"

www.burmeseclassic.com



ဒေါ်ခင်ခင် ဆောင့်ဆောင့်အောင့်အောင့်နှင့်ပဲ ထသွားပြီး ရှိုးကေ့စ်ထဲက ချုပ်ရမယ့် ပိတ်စတွေကိုပဲ ဆွဲထုတ်ကာ စက်ပေါ်တင်လိုက်၏။ ဦးဇော်ဦးကတော့ လိမ်းဆေးတွေ ထယူကာ ဝသန့်မျက်နှာက ဒဏ်ရာတွေကို ဆေးလိမ်းပေးလေသည်။ သမီးကို ခိုင်းဖို့ကျတော့ မသင့်တော်တော့ဘူးလေ။ ငယ်ငယ်တုန်းကတော့ အဟုတ်သားပေါ့။

အခု . . . အရွယ်ရောက်လာတာနဲ့အမျှ ပတ်ဝန်းကျင်က ပွစိ ပွစိနဲ့တစ်ခွန်းတစ်စ ပြောလာကြတာ မသိတာမှမဟုတ်တာ။ လူတွေက အဲဒီလိုပဲလေ။ သူများကို ဝေဖန်ပြောဆိုရမယ်ဆိုရင် ထမင်းစားဖို့နောက်မှ လောလောဆယ်ဆယ် ပြောပါရစေဦး ဆိုတာမျိုးပေါ့။

"အား . . . နာတယ် အဖေရဲ့"

"မင်းကလည်း . . . ယောက်ျားပဲကွာ တောင့်ခံပေါ့ကွ"

"ယောက်ျားက ယောက်ျား။ နာတာက နာတာပဲ အဖေရ"

"ငါတော့ ဘယ်လိုမှမနေဘူး"

"ဘာ"

ဆတ်ခနဲ ကြည့်လိုက်တော့ နောင်ကြီးက ရယ်နေလေသည်။ သူခံရတာ ကိုယ်ကနာစရာ အကြောင်းမှမရှိပဲလေ။ ဒါကိုပဲ တမင်စလိုက်တာ . . .

"နင် . . . ဝေးဝေးနေရင် ကောင်းလိမ့်မယ်"

"မနေတော့ ဘာဖြစ်လဲ"





"ရန်ဖြစ်တာ နင့်ကြောင့်လေ"

"မျက်နှာက ဒီဘက်လှည့်ကွ။ မင်းမျက်နှာက ဟိုဘက်လှည့် ...ည်သွားတော့ ငါက ဘယ်နေရာကို လိုက်ပြီးဆေးလိမ်းပေးရမှာလဲ"

ဦးဇော်ဦးက ဝသန့်မျက်နှာကို သူ့ဘက်ဆွဲလှည့်ပြီး ပြော...လေ၏။

"သမီး . . . နောင်ကြီး"

"ရှင် . . . အဖေ"

"လာစမ်း။ အမေ ပိတ်စကိုက်တုန်း ဒီ . . . ထဘီကိုချုပ်ပေး...ပါ"

"ဟုတ် . . . အဖေ"

နောင်ကြိုး ထသွားလိုက်၏။ ဖြစ်ဖြစ်မြောက်မြောက်ကြီး ...ောင်ကြိုး မချုပ်တတ်ပေမယ့် အမေက ကိုက်ပေးရင် အကျီတွဲရုံ ...ဘီချုပ်ရုံလောက်တော့ ချုပ်တတ်သည်လေ။ နေ့တိုင်းက ကိုယ့် ...လုပ်နဲ့ကိုယ်မို့ထားတော့။ ဒီနေ့က အလုပ်မှမရှိတာ အမေ့ကိုပဲ ဝိုင်း ...ရတော့မှာပေါ့။

နောက်နေ့ အလုပ်ပြန်ဆင်းကြတော့ နောင်ကြိုး သူငယ်ချင်း ...တွက စကြသည်လေ။

"ဘယ်လိုဖြစ်တာလဲ ယောက်မရယ်။ ငါ့ ဝသန့်လေး သနား ...တယ်။ မျက်နှာချောချောလေးမှာ ညိုညိုကွက်တွေထင်လို့။ မြင်ရ ...ဘ စိတ်မချမ်းသာလို့ ငိုချင်လိုက်တာ . . . အဟင့် . . . ရှုတ် . . . ဖူဘ်"



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ ယုရယ်။ တော်ကြာ ပကတိအတိုင်း ပြန်ဖြစ်လာမှာပေါ့. . . တွတ်. . . တွတ်"

ဝေဝေဦးက မျက်ရည်သုတ်ပေးဟန် ပြုလေလျှင်. . .

"ဟင်. . . ငါက ဘာကိုတွတ်ရမှာလဲ"

"ဝသန့်ကို သွားတွတ်လေ"

"နှာခေါင်းနဲ့လား"

"အေး. . . အဟီး"

"ဘာတွေ မျက်နှာကိုလိမ်းထားတာလဲ မသိဘူး။ ဘာမှမလိမ်းလည်း 'မွှေးနေမှာပဲနော်။ အချစ်ရနံ့တွေနဲ့ ထုံသင်းကြိုင်နေလို့ပေါ့"

"ကောင်မတွေ မျက်နှာပိုးကို မသေဘူး"

"မှန်းစမ်း"

နှောင်ကြိုးစကားကြောင့် ဝေဝေဦးက ယုမျက်နှာကို ဟိုကြည့်ဒီကြည့် ကြည့်လေလျှင်. . .

"ဘာလဲ"

"မျက်နှာပိုး မသေဘူးဆိုလို့ ပိုးရှာတာပါဟ"

"ပိုးက ဒီမှာ"

"ဘယ်မှာလဲ"





"နှာသီးဖျားမှာလေ။ ဝသန့်ပါးပြင်လေးကို တွတ်လိုက်ရမှာ ကြောင့်မှာ"

"နှာဘူးမ"

သုံးယောက်သား ရယ်လိုက်မိကြစဉ်မှာပဲ. . .

"ကောင်မလေးတွေ"

ဝန်ထမ်းတွေထဲမှာ သူတို့ထက် ရာထူးလည်းမြင့်၊ အသက်လည်းအကြီးဆုံးဖြစ်သော မမသန်း လှမ်းအော်မှပဲ ရယ်သံတွေ တိတ်ဆိတ်သွားကြသည်မိကြလေလျှင်. . .

"အဲဒါ ဘာလုပ်နေတာလဲ"

"ယုရယ် ဝသန့်ကို ဘူးနေတာ မမ"

"ဟယ်. . . ဝေဦး"

ယု ဝေဦးလက်မောင်းကို မနာအောင် ထုပစ်လိုက်၏။

"မိန်းကလေး ဖြစ်ပြီးတော့နော် ဣန္ဒြေရရ မနေဘူး။ လုပ်စရာရှိတာ လုပ်လေ"

"ဟုတ်"

ပြောပြီး မမသန်း ဟိုဘက်လှည့်သွားလေတော့ ယုနှာခေါင်းလေးရှုံ့ပြကာ. . .

"အဲဒါ မနာလိုတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် . . . ဝသန့်ကို ဘူးနေတယ်ဆိုလို့လား"

"ဟုတ်ချင်ဟုတ်မှာပေါ့။ သူ့အတွင်းစိတ်ကို ဘယ်သူမြင်နိ
တာမှတ်လို့"

"နင်တို့ဟယ် . . . နေရင်းထိုင်ရင်း သူများကို ပုတ်ခတ်
တယ်။ အပျိုကြီး ကြာသွားလို့ကတော့ . . . ဟွန်း"

နှောင်ကြိုးစကားကြောင့် ရယ်မိကြပြန်၏။ သူများအကြော
လည်း မပြောတတ်ပါ။ စပ်မိစပ်ရာ ဘာညာကွိကွဆိုတာ မျိုးပေ
စောစောကတော့ ဝသန့်အကြောင်း။ အခုတော့ အပျိုကြီး သန်းသ
ဆင့်အကြောင်းပေါ့လေ။

"ဟဲ့"

"ဟင် . . . ဘာတုန်း"

"မမသန်းက ဒီလောက်တောင် ဖြောင့်ပြီးချောနေတာ
ဘာလို့ အပျိုကြီးဖြစ်နေတာလဲ မသိဘူးနော်။ ကြိုက်သူမရှိလို့တော
မဖြစ်နိုင်ဘူးဟနော်။ မယူချင်လို့လား ဒါမှမဟုတ် . . ."

ဝေဦးစကားကြောင့် ယုက . . .

"နင် သွားမေးပါလား"

"အမယ်လေး ကျားမြီးပဲ ပြေးဆွဲလိုက်ပါ့မယ်ဟယ်"

"ဝေဦးပြောတော့ ဟုတ်တယ်နော်ယု။ မမသန်းက ဒီလော
ချောတာကို ဘာလို့အပျိုကြီး ဖြစ်နေတာလဲ မသိဘူး"





"လိုတာမရ . . . ရတာမလို ဖြစ်နေလို့နေမှာပေါ့"

"အေးနော်"

"အေးနော် လုပ်မနေနဲ့ ဟိုမှာပြန်လာပြီ"

ဒါမျိုးကျ ကြောက်တတ်လိုက်တာ။ မမသန်း ပြန်လှည့်လာတာ မြင်တာနှင့် အပြေးအလွှားပဲ ကိုယ့်နေရာ ကိုယ်ယူကြသည်သာ။ မမသန်းက အလုပ်ကို လေးစားပြီး အချိန်ကိုတန်ဖိုးထားသူ။ ဒါကြောင့်ပဲ သူ့ငွေးက အားကိုးနေတာပေါ့။

"နှောင်ကြိုး"

"ရှင် . . . မမသန်း"

"ဟိုမှာ . . . ကောင်လေးတွေ ချပေးထားတဲ့ ပစ္စည်းတွေကို သွားစစ်။ ပြီးရင် စာရင်းလုပ်ထား ကြားလား"

"ဟုတ်ကဲ့"

နှောင်ကြိုးကို ဦးတည်ပြီး ပြောလိုက်ပေမယ့် နှောင်ကြိုး တစ်ယောက်တည်းကို ခိုင်းတာမဟုတ်ဘူးဆိုတာ အားလုံးသိပါသည်လေ။ ဒါကြောင့် ကိုယ်စီကိုယ်စီပဲ ကိုယ့်တာဝန်ကိုယ်ကျေဖို့ ထွက်ခဲ့ကြတော့၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

နှောင်ကြိုးနဲ့ ဝသန် ထမင်းချိုင့်ကိုယ်စီ လက်မှာဆွဲလို့ အလုပ်သွားဖို့ အိမ်ထဲကထွက်လာပြီး ဖိနပ်စီးနေကြစဉ် . . .

"ဟင်. . ."

ကားသံကြားလို့အကြည့် အနက်ရောင် ပြောင်လက်နေသည် ကားတစ်စီးက အိမ်ရှေ့မှာရပ်သွားလေလျှင် . . .

"ဘယ်သူပါလိမ့်"

နှောင်ကြိုး ခပ်တိုးတိုး ရေရွတ်မိတော့ ဝသန်က ပြန်ဖြေသည်မှာ. . .

"မသိဘူးလေ"

"တို့အိမ်ရှေ့မှာ ကားရပ်ပုံထောက်တော့ တို့အိမ်လာတာလားမသိဘူး"





"ဘယ်က ဆွေတော်မျိုးတော်တွေများလည်း မသိဘူး။ လာနိုင်လည်း နှစ်မယ့်သူတော့ မလာပါနဲ့ မမယ့်စမယ့်သူပဲ လာပါ"

"မတာက ဟုတ်ပါပြီ။ စတာက ဘာလဲ"

"ဒီလိုလေ"

ဝသန်က လျှာထုတ်ပြတော့ နှောင်ကြိုးက မျက်စောင်းထိုးလေသည်။ ကားပေါ်က ဆင်းလာသူမှာ သူတို့ခြံထဲသို့ပဲ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာ၏။ သူ့ကိုမြင်တော့ ဝသန်နဲ့နှောင်ကြိုး အံ့ဩစွာနဲ့ပဲ ငေးကြည့်မိကြ၏။ အသားဖြူဖြူနှင့် အရပ်မြင့်မြင့် ကိုယ်ခန္ဓာ အချိုးအစားက ပိန်ပိန်သွယ်သွယ်။

မျက်မှန်တပ်ထားလို့ မျက်လုံးကိုမမြင်ရပေမယ့် သူဟာ ချောမောသူတစ်ယောက်ပါပဲ။ အောက်နှုတ်ခမ်းထူပြီး အပေါ်နှုတ်ခမ်းက ခပ်ပါးပါးမို့ သူ့နှုတ်ခမ်းသားတွေက "ဗ"လက်ချိုက် ဆန်ဆန်ပါ။ သူဝတ်ထားတဲ့ ဘောင်းဘီအရောင်က အနက်ရောင်ဖြစ်ပြီး ရှူးဖိနပ်အနက်ရောင်ကလည်း ပြောင်လက်လို့ပါ။ အင်္ကျီကအတွင်းမှာ တီရှပ်အနီရောင်ဖြစ်ပြီး အပေါ်မှာထပ်ဝတ်ထားတာက ဂျာကင်အနက်ရောင်ပါပဲ။

ဘယ်လိုပဲ ကြည့်ကြည့် ဒီလူကိုမြင်တဲ့ သူတိုင်းက သူ့ကို ချောလိုက်တာလို့ပဲ ပြောကြမှာ အသေအချာပါ။

"ဒီအိမ်က ဦးဇော်ဦးနဲ့ ဒေါ်ခင်ခင်နွဲ့တို့အိမ် ဟုတ်ပါတယ်နော်"

"ဪ. . . ဟုတ်ပါတယ် ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဝသန်က ဟုတ်ပါတယ်ဆိုတာနှင့် မျက်မှန်မချွတ်သေးဘဲ ကြည့်တဲ့ မျက်လုံးက ဝသန်ဆီတစ်လှည့်ရောက်လိုက် နောင်ကြီးဆီ တစ်လှည့်ရောက်လိုက်နှင့်ပါ။ ပြီးမှ . . .

"မင်းတို့က ဝသန်နဲ့နောင်ကြီး မဟုတ်လား"

"ဗျာ"

"ရှင်"

သူ့နှုတ်ခမ်းက လွန့်ခနဲပြုံးပေမယ့် ဝသန်နှင့် နောင်ကြီးကတော့ မျက်လုံးအဝိုင်းသားနှင့်ပါ။

"ဟုတ်တယ်မို့လား"

ထပ်မေးမှပဲ ဝသန်က . . .

"ဟုတ်ပါတယ်။ ဒါနဲ့ အစ်ကိုက . . ."

"ကိုကြီးလေ . . . ငါ . . . ဘုန်းရှိန်ဝါပါကွ"

"ဗျာ . . ."

ဟုတ်မှဟုတ်ပါ့မလားလို့ တွေခနဲ ဖြစ်သွားပြီးမှ . . .

"ကိုကြီး ဟုတ်လား"

"ဟုတ်တယ်"

"ကိုကြီး"

"ဝသန်"





ဝမ်းသာအားရဟာန်နှင့် ရှေ့တိုးသွားတော့မည့် ဝသန့်လက်ကို နောင်ကြီး ဆွဲထားလိုက်၏။ ဘုန်းရှိန်ဝါဆိုတဲ့ နာမည်ကို မိဘတွေနှုတ်များက ခဏခဏကြားပြီး ဝသန့်စိတ်ထဲမှာ မပီဝိုးဝါးပုံရိပ်တွေကိုပဲ သတိရပြီး ရင်းနှီးနေပေမယ့် နောင်ကြီးကတော့ ဝိုးတဝါးကို ဝိုးတဝါး အတိုင်းပဲ ထားခဲ့သူ။ ဒါကြောင့် . . .

ရှိန်ဝါ့ကို လူစိမ်းတစ်ယောက်အဖြစ်ပဲ မြင်ကာ . . .

"အလုပ်နောက်ကျ နေမယ်"

"နောင်ကြီး"

နောင်ကြီး နာမည်ကို ခေါ်တော့ နောင်ကြီးမျက်ခုံး မော့ကြည့်ကာ . . .

"နောင်ကြီးတို့ အလုပ်နောက်ကျမှာစိုးလို့ ခွင့်ပြုပါဦးနော်။ အမေရေ . . . ညွှီသည်လာတယ်"

ရှိန်ဝါ့ကိုလည်း နှုတ်ဆက်၊ အမေ့ကိုလည်း လှည့်ပြောကာ နောင်ကြီး ထွက်လာခဲ့တော့ ဝသန်လည်း . . .

"ခွင့်ပြုပါဦးနော်"

ကမန်းကတန်း နှုတ်ဆက်ပြီး နောင်ကြီးနောက်သို့ လိုက်ခဲ့ရတော့၏။ ဒေါ်ခင်ခင်ကတော့ သမီးလှမ်းပြောသွားတာနှင့် ဧည့်သည် ဆီလို့ ထွက်လာခဲ့ကာ . . .

"ဟဲ့ . . . သွားကုန်ကြပြီလား။ ဧည့်သည်ဆို ဘယ်သူတုန်း"

"အမေ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရှိန်ဝါ့ကိုမြင်တော့ ဒေါ်ခင်ခင် တစ်ခါမှမမြင်ဖူး မသိဖူးတဲ့ လူလိုကြည့်နေသည်။ အဲဒီ အကြည့်စိမ်းစိမ်းတွေကြောင့် ရှိန်ဝါ စိတ်မကောင်းဖြစ်မိ၏။ သူ့အဖေနဲ့လိုက်သွားပြီးကတည်းက ပြန်လာခဲ့မယ် ဆိုပြီး တစ်ခေါက်မျှ ပြန်မလာဖြစ်ခဲ့ပေ။ ပြန်မလာဖြစ်တာက ကိုယ့် အကြောင်းနဲ့ကိုယ်မို့လေ။

ဒေါ်ခင်ခင်မှာလည်း ကိုယ့်ရှေ့မှာရပ်ပြီး ကိုယ့်ကို အမေလို့ ခေါ်နေတာ ဘယ်သူမှန်း ဘယ်ဝါမှန်း မသိပေ။ ကွဲကွာသွားတဲ့ အချိန် တွေမှာ ရှိန်ဝါက အပြောင်းလဲကြီးပြောင်းလဲသွားခဲ့ပြီကို။

"အမေ"

"မင်း . . . မင်းဘယ်သူလဲ"

"ရှိန်ဝါပါ"

"ရှိန်ဝါ"

"ဟုတ်ပါတယ် အမေ။ ကျွန်တော် ဘုန်းရှိန်ဝါပါ"

"သား"

ဘုန်းရှိန်ဝါဆိုတာနှင့် ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာသွားပြီး ပြုံးလိုက်မိတဲ့ နှုတ်ခမ်းက ခဏတာပါ။ ပြန်လာမယ်ဆိုပြီး တစ်ခါလေးမှ ပြန်မလာခဲ့တဲ့ အဖြစ်ကြောင့် သူမ ဘယ်လောက်ရင်နာခဲ့ရသလဲ။ ဒါကို တွေးမိတော့ မာနနှင့်စိတ်ကို တင်းလိုက်သည်လေ။ သူတောင် နေနိုင် သေးတာပဲဆို။ ပြီးတော့ . . .





သူ့ဘဝနဲ့ ကိုယ့်ဘဝက မတူညီကြတော့ဘူးလေ။

"ကျွန်တော့်ကို အိမ်ထဲဝင်ပါလို့ မခေါ်တော့ဘူးလားအမေ"

"မင်း . . . ပြန်လာသေးတယ်နော်"

"ပြန်လာတာပေါ့ အမေရဲ့။ သားအမေတို့ကို အမြဲတမ်း သတိရပါတယ်"

"ကြော် . . . ဟုတ်လား"

"ဖေဖေနဲ့ လိုက်သွားပြီးကတည်းက ဖေဖေ နိုင်ငံခြားကို သွားတော့ ကျွန်တော်ပါ လိုက်သွားခဲ့ရတယ်။ အခု ပြန်ရောက်ရောက် ချင်းပဲဆိုပါတော့။ မနေ့ကရောက်လို့ ဒီနေ့လာခဲ့တာ။ လာသာလာရ တယ် အမေတို့ ဒီနေရာမှာ ရှိမှရှိပါ့ဦးမလားလို့ စိတ်ပူလိုက်ရတာ။ ဒီလမ်းထဲရောက်မှ စုံစမ်းကြည့်မှ ရှိတယ်တဲ့။ အဲဒါကြောင့် ကျွန်တော် လာခဲ့တာပါ"

ရှိန်ဝါကပဲ အပြောကောင်းတာလား။ ဒေါ်ခင်ခင်ကပဲ စိတ် ပျော့တာလား မသိပေ။ ပြောပြတော့လည်း သူလည်း သူ့အခက်အခဲ နဲ့သူပါလားဆိုပြီး ခွင့်လွှတ်ခြင်းများနှင့်သာ။

"အမေတို့ကတော့ ဒီအတိုင်းပါပဲ။ ဘာမှမပြောင်းလဲပါဘူး"

"ဒါနဲ့ အဖေရော . . . အမေ"

"ထုံးစံအတိုင်း အလုပ်သွားတယ်"

"အခုထိ အနားမယူသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျန်းမာရေး ကောင်းတုန်း လုပ်ရတာဆိုပြီး လုပ်နေတာပဲလေ"

"ကဲ . . . လာ . . . လာ အိမ်ထဲဝင်"

အိမ်ထဲကို ဝင်ခဲ့ကြပြီး ရှိန်ဝါ ဟိုကြည့်ဒီကြည့်ပါ။ ပစ္စည်းတွေ ထားတာသိုတာ နေရာပြောင်းသွားတာကလွဲပြီး အိမ်လေးကတော့ ဟိုအရင်အတိုင်း ဘာမှမပြောင်းလဲပါ။ အမေ အထည်ချုပ်တဲ့ အပ်ချုပ်စက်က အရင်နေရာမှာပါပဲ။

"အမေလည်း အခုထိ စက်ချုပ်နေတုန်းပဲနော်။ ကျန်းမာရေး ရောကောင်းရဲ့လား။ မျက်စိတွေ ဘာတွေရော ဘာမှမဖြစ်ဘူးမို့လား"

"မျက်စိကတော့ ဘာမှမဖြစ်ပါဘူး။ နောက်တော့လည်း မသိဘူးပေါ့။ ကျန်းမာရေးကတော့ ဒီလိုပါပဲ။ ဖက်ကြောတက်လိုက် ခေါင်းမူးလိုက်နဲ့။ ခါးကလည်း အရင်လိုအကြာကြီး မထိုင်နိုင်တော့ဘူးလေ။ ဒါပေမယ့် စီးပွားရေးက အဆင်မပြေတော့ မလုပ်နိုင်တဲ့အချိန်မှာနား။ လုပ်နိုင်တဲ့အချိန်တော့ လုပ်နေရတာပေါ့"

ရှိန်ဝါ စိတ်မကောင်းလိုက်တာ။ ကိုယ်က အရာအားလုံးပြည့်စုံ သလောက်ဘဝမှာနေရပြီး အမေတို့ကတော့ အဆင်မပြေဘူးတဲ့။ စီးပွားရေးကိုပြောတာပါ။

"အခု ဝသန်နဲ့ နောင်ကြီး ဆယ်တန်း အောင်ကြပြီလား အမေ"

"အင်း . . . အောင်ပြီလေ။ သူတို့ကျောင်းစရိတ်နဲ့ မင်းအဖေ



ကျန်းမမာဖြစ်လိုက်တာမှာ ပိုက်ဆံက တော်တော်ကုန်သွားတယ်။ အဲဒါကြောင့် စီးပွားရေးက အဆင်မပြေဖြစ်သွားတာပေါ့။ ကလေးတွေ ကလည်း သိတတ်ကြပါတယ်။ သူတို့ဆယ်တန်းအောင်တာနဲ့ ကုမ္ပဏီ တစ်ခုမှာ အလုပ်ဝင်လုပ်နေကြတာလေ။ ကျောင်းကိုတော့ အဝေးသင် တက်တော့မယ်တဲ့"

"မဟုတ်တာ အမေရဲ့။ ကျွန်တော် တစ်ယောက်လုံး ရှိနေတဲ့ ဟာ"

ရှိန်ဝါ့စကားကြောင့် ဒေါ်ခင်ခင် ကိုယ်ပြောတဲ့စကားတွေ မှားသွားပြီလားလို့ တွေခနဲဖြစ်သွားရ၏။ ကိုယ်ကသာမားရိုးကျ ပြောလိုက်တာပါ။ ဒီယုန်မြင်လို့ ဒီချုံထွင်တာ မဟုတ်ခဲ့ပါဘူး။ သူ့ကိုမွေးစားခဲ့ရ တာအတွက် ဘာမှမမျှော်လင့်ခဲ့ဘူးလေ။ အခု သူနဲ့ကိုယ်တွေက မသက် ဆိုတော့သည့် သူစိမ်းတွေ . . .

ရှိန်ဝါ . . .

ပိုက်ဆံအိတ်ကိုဖွင့်ကာ တစ်သောင်းတန် ဆယ်ရွက်ကိုယူ လိုက်ပြီး ဒေါ်ခင်ခင် ရှေ့သို့ကမ်းပေးကာ . . .

"ရော . . . အမေ။ ဒါ . . . ကျွန်တော် အမေ့ကို ကန်တော့ တာပါ"

"ဟင်"

ဒေါ်ခင်ခင် ပိုက်ဆံတွေကိုကြည့်ပြီး ရင်ထဲမှာဆို့နင့်ကြေကွဲ သွားရ၏။ ဒါ . . . ကန်တော့တာတဲ့လား။ သူ့ရဲ့ကန်တော့မြင်းက

www.burmeseclassic.com

www.burmeseclassic.com



ကန်တော့သည့်အရာရော ဖြောက်ရဲ့လား။ ငွေစက္ကူရွက်တွေ ကမ်းပေးပြီးကန်တော့တာမျိုး သူမ လက်မခံနိုင်ပေ။ သူမ လိုချင်တာက သိတတ်လို့လက်အုပ်ချီပြီး ကန်တော့ခြင်းပါ။

ထို့ကြောင့် ရှိန်တို့ လက်ကို ပြန်တွန်းလိုက်ပြီး . . .

"မလိုပါဘူး သားရယ်။ အမေ အဆင်မပြေတာတွေ ပြောပြတာကွဲကွာသွားတဲ့ သားကိုပြန်တွေ့လိုက်ရလို့ သိစေချင်ရုံ သက်သက်ပါ။ ရင်ဖွင့်တယ်ဆိုရင် မမှားဘူးပေါ့။ ဒီငွေတွေ အမေတို့အတွက် မလိုပါဘူး"

"မဟုတ်တာ အမေရဲ့"

"အမေ ဒီယုန်မြင်လို့ ဒီချုတ္တင်ခဲ့တာ မဟုတ်ဘူးသား။ အမေ လိုချင်တာက ဒီငွေတွေမဟုတ်ဘူး"

သူ သဘောပေါက်ပေါက်၊ မပေါက်ပေါက် ကိုယ်ပြောချင်တာတော့ပြောပြီးပြီ။ ဒါကြောင့် သူကမ်းပေးတဲ့ ပိုက်ဆံနဲ့ဝေးရာဆီသို့ ထသွားပြီး စက်ခုံပေါ်မှာ တင်ထားတဲ့ ပိတ်စကိုသာ ဆွဲယူပြီး ကတ်ကြေးနှင့်ကိုက်နေလိုက်၏။

နောက်ထပ်ပြောစရာရှိရင် ဒီလိုပဲ ပြောကြရုံပဲပေါ့။

● ● ●



## အခန်း (၁၂)

ဒေါ်ခင်ခင် မနက်က စျေးမသွားဖြစ်တာမို့ ကိုယ့်လမ်းထဲက …ဆိုင်မှာပဲ ညစာအတွက် ကြက်ဥပဲ ကြော်တော့မယ်ဟု ကြက်ဥ …ချိန် ထွက်လာခဲ့သည်။ စျေးဆိုင်ကိုရောက်တော့ . . .

"ခင်ခင် ဘာယူမလဲ"

"ကြက်ဥ လေးလုံးပေးပါ အစ်မ"

"ဒါပဲလား ဘာယူဦးမလဲ"

"အဲဒါပါပဲ အစ်မရယ်"

"နင်တို့ ပိုက်ဆံမရှိရင်လည်း ယူစားနော် ခင်ခင်။ နင်တို့ …တော့ ငါယုံပါတယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အရင်ကတည်းက ယူစားလို့ ငါပြောပါတယ်။ နင်တို့ ယူမစားတာ။ အဆင်ပြေနေကြတယ်လား"

"အဆင်ပြေတယ်လို့တော့ မဟုတ်ပါဘူး အစ်မရယ် ကိုဇော်က အကြွေးယူတာမကြိုက်လို့ပါ။ ရှိတာလေးနဲ့ ချွေတာ တတ်နိုင်သလောက် အကြွေးကင်းအောင်နေ ဆိုလို့ပါ"

"ြော်. . .အေး. . .အေး ကောင်းပါတယ်"

ဆိုင်ရှင် ဒေါ်ညွန့်ညွန့်က ကြက်ဥလေးလုံးကိုယူပြီး ခင်ခ လက်ထဲသို့ ထည့်ပေးလေသည်။ ခင်ခင် ပါဆယ်အိတ်နှင့်ထုပ် သည့် ကြက်ဥလေးလုံးကိုယူပြီး ပိုက်ဆံပေးလိုက်လေ၏။

"ခင်ခင်"

"ရှင်"

"နင့်ကို ငါပြောစရာရှိသေးတယ်ဟဲ့ သိလား"

"ဘာများလည်း အစ်မ ပြောလေ"

"အခြားတော့ မဟုတ်ပါဘူး။ နင်တို့ မွေးစားသား ဝသ လေးက လိမ္မာတယ်နော်။ ရုပ်ကလေးကလည်းချော လူကလည်း သားတယ်။ ငါ့မှာ သမီးမရှိလို့သာပေါ့။ ရှိများရှိရင် ပေးစားပြီး သားမ တော်ထားတယ် သိလား"

အဲဒါတော့ မှန်ပါသည်။ ဝသန်က လူချစ်လူခင်လည်း ေ များသည်လေ။ ကိုယ့်လမ်းထဲမှာရှိတဲ့ သမီးရှင် အချို့က ဝသန်နဲ့





သူ့သမီးကို သဘောတူကြတာ စကားပြောကြည့်ရင် သိပါတယ်။ အချို့ ဆို ခင်ခင့်ကို ခမက်လို့တောင်ခေါ်ပြီး စကြတာ။ ဝသန်ကတော့ သူ့ အလုပ်နှင့် မိသားစုကလွဲရင် ဘာကိုမှစိတ်မဝင်စားပေ။

"နင့်ကို ငါပြောရမှာ အားတော့ နာပါတယ်ဟယ်"

"ဘာကိုလဲ အစ်မရဲ့"

"ဝသန်က နင့်သားအရင်း မဟုတ်ဘူးဆိုတာ တစ်ရပ်ကွက် လုံး သိနေတာပဲလေ"

"ဟုတ်တယ်လေ ဘာဖြစ်လဲ"

"ြော်. . . ဘာဖြစ်ရမလဲ လောကကြီးမှာ ယောကျ်ားတွေ ပေါပေမယ့် လင်ကောင်းရှားတယ်တဲ့။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ဆိုတာမျိုးပေါ့။ အခုကတော့ စောပါသေးတယ်။ နောက်ကျရင် နှောင်ကြိုးနဲ့ပဲ နေရာထားပေးလိုက်ပါလား"

"ဟင်"

ကြားရတဲ့စကားက နားထဲကို ကျင်ခနဲဖြစ်သွားစေ၏။ ကိုယ့် အိမ်ကကြက် ကိုယ်ရိုက်ချက်စားတာမျိုး ဝသန်ကို သူမ မွေးစားခဲ့တာ ကိုယ့်သမီးအတွက် ရည်ရွယ်ပြီး မွေးစားဖို့ မဟုတ်ပေ။ စေတနာသန့် သန့်နဲ့ လူတစ်ယောက်ရဲ့ဘဝကို ကယ်တင်စောင့်ရှောက်ခဲ့တာ။

"ငါက စေတနာနဲ့ပြောတာပါ။ ဝသန်နဲ့နှောင်ကြိုးဆိုရင် နေနဲ့လ၊ ရွှေနဲ့မြ"

"တော်ပါတော့ အစ်မရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အတွင်းသိ အစင်းသိတွေဆိုတော့ ဘာမှစိုးရိမ်စရာမလို တော့ဘူးပေါ့။ နင်က သမီးမွေးထားတဲ့သူဆိုတော့ ကိုယ့်သမီးလေး အတွက်. . ."

"အစ်မ"

"ဟင်"

တော်ပါတော့ ပြောနေတဲ့ကြားက ဆက်ပြောနေတာမို့ ဒေါ်ခင်ခင် သမီးရှင်တစ်ယောက်အနေနဲ့ ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ်မိသည်။ လူတွေက အဲဒီလိုပါပဲ။ အားအားယားယား ဘာလို့သူများ အကြောင်းကို စပ်စုချင်ကြတယ် မသိပါဘူး။ ဝသန့်ကို သူချစ်ပါတယ်။ သားတစ်ယောက်လိုပဲလေ။

သားမက်တစ်ယောက်အဖြစ်တော့ လက်မခံနိုင်ပါဘူး။ ကိုယ့် သမီးလေးက နုနုသားသား လှလှပပလေးမို့ သူမ မျှော်လင့်ထားခဲ့တာ ဝသန့်လို အဆင့်အတန်းမျိုးမှ မဟုတ်တာ။ ကိုယ်တွေရဲ့ အဆင့်အတန်း မျိုးမှ လွတ်မြောက်စေချင်ပါသည်။ ဒါမိခင် တစ်ယောက်ရဲ့အတွေးပါပဲ။

ထို့အတူ ဝသန့်ကိုလည်း ကောင်းကောင်းမွန်မွန် တင့်တင့် တယ်တယ်ဘဝမျိုးကိုမရောက်စေချင်တာ။

"ကျွန်မ ဝသန့်ကို သားတစ်ယောက်လိုပဲ ချစ်တာ။ အဲဒါ ကြောင့် ကျွန်မ သမီးနဲ့ပတ်သက်ပြီး တော်ရမယ့် သားမက်လောင်းဟာ ဘယ်တော့မှ ဝသန့် မဖြစ်စေရဘူး"

"စိတ်ကူး မလွဲနဲ့လေ ခင်ခင်ရဲ့"





"အဲဒီ အကြောင်းနဲ့ ပတ်သက်ပြီး ကျွန်မကို ဘာမှ ထပ် မပြောပါနဲ့"

ချာခနဲ ပြန်လှည့်ထွက်သွားတဲ့ ဒေါ်ခင်ခင်ရဲ့ နားထဲမှာ ဒေါ်ညွန့်ညွန့်ရဲ့ စကားတွေက ပဲ့တင်ထပ်လို့သာ။ ဒါကြောင့် မခံမရပ် နိုင်ခြင်းတွေက ကြိမ်မီးအုံးပေါ့လေ။ ရင်ထဲပေါ့သွားအောင် သူများကို ရင်ဖွင့်ပြလို့လည်း မဖြစ်။

ယုတ်စွအဆုံး ခင်ပွန်းသည်ကိုတောင် ရင်ဖွင့်ပြောပြတိုင်ပင် လို့မဖြစ်တဲ့ အရေးပါ။ ကိုဇော်သိရင် ဘယ်လိုနေမလဲ။ သူရော ရှက် ဒေါသဖြစ်မလား။ ဒါမှမဟုတ် ဒေါ်ညွန့်ညွန့်လိုပဲ တွေးမလား။ သူမ အတော့ လုံးဝ လက်မခံနိုင်ပါ။ ပတ်ဝန်းကျင်က လူတွေထဲမှာ ဒေါ်ညွန့် ညွန့်လို ဘယ်နှစ်ယောက်တောင် တွေးနေကြမလဲ။ ရှက်ဖို့ကောင်း လိုက်တာ။

မဖြစ်သေးပါဘူး။ ဝသန့်နဲ့နှောင်ကြိုးကို ဒီလိုပဲ အတူသွား အတူလာ လွှတ်ထားလို့ မဖြစ်သေးပါဘူး။ မောင်နှမ အရင်းမဟုတ် ဘူးဆိုတာ သူတို့လည်း သိနေတော့. . .

ဟူး. . .

"အန်တီခင်"

". . . . . ."

"အန်တီခင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး နေပါဦး"

နောက်ကနေ ခေါ်ရင်းလိုက်လာတာက ဖြူဖြူသွယ်ပါ။ ထို တလောက ဝသန်နဲ့ရန်ဖြစ်တဲ့ သစ်ထူးရဲ့အစ်မလေ။

"ဘာလဲ ဖြူဖြူ"

"ဟိုလေ. . . ဖြူလေး ဝတ်စုံအပ်ချင်လို့"

"ဟဲ့. . . အပ်ချင်တာ လာအပ်ပေါ့။ နင့်ကို ဘယ်သူက တာ ဆီးပိတ်ပင်နေလို့လဲ"

ဒေါ်သက ကူးစက်တာ မဟုတ်ပေမယ့် အရှိန်မလျော့သေ တော့ လေသံက ခပ်မာမာပဲ ဖြစ်နေသည်။

"ဘယ်သူမှတော့ မတားပါဘူး အန်တီခင်ရယ်။ ဒါပေမယ့် ဝသန်နဲ့ သစ်ထူး ရန်ဖြစ်တဲ့ ကိစ္စကြောင့် မျက်နှာပူပြီး မလာရဲတာ"

"ရပါတယ်။ အဲဒီကိစ္စ ပြီးသွားပြီပဲ ဥစ္စာ"

"သစ်ထူးက အိမ်မှာတော့ ပြောပါတယ်။ အဲဒီတုန်းက သူ ဝသန်ကို ပြောလိုက်တာ လွန်သွားတယ်တဲ့။ ဝသန် မခံနိုင်အောင် ပြောလိုက်မိလို့ ရန်ဖြစ်တာတဲ့လေ"

"သစ်ထူးက ဘာပြောလိုက်လို့လဲ"

မျက်မှောင်ကြုတ်ပြီး ဒေါ်ခင်ခင် မေးလိုက်တော့ အရပ်ပု ဖြူဖြူတစ်ယောက် ဒေါ်ခင်ခင့်ကို မရဲတရဲ မော့ကြည့်ကာ . . .

"သစ်ထူးကလေ. . ."





"အင်း. . ."

"ဝသန်နဲ့ နှောင်ကြိုးကို ဘင်္ဂလားမောင်နှမလို့ ပြောလိုက် တာတဲ့"

"ဘာ"

"ဝသန့်ကို ကောက်ရိုးပုံစောင့်တဲ့ ခွေးလို့လည်း ပြောလို့ န် မခံနိုင်ဖြစ်ပြီး ထိုးတာတဲ့"

ဒေါ်ခင်ခင် တစ်ကိုယ်လုံး တဖျင်းဖျင်းဖြစ်လာပြီး ပိုးကောင် တက်နေသလိုပါပဲ။ ကြားရတဲ့စကားတွေက ကိုယ့်ကိုရိုက်နှက် ဆောင်းနေတဲ့ တုတ်တွေလို။ ပထမ ကြက်သေသေနေမိချိန်မှာ တာ သူမ ရှေ့မှထွက်သွားပြီမို့. . .။

သူမလည်း ထွက်လာခဲ့သည့်တိုင် ခြေလှမ်းတွေက နှေးကွေး လို့သွား။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

အတွေးတွေ ကစဉ့်ကလျားနှင့် ဒေါ်ခင်ခင် အိပ်လို့မပျော်ဘ… ကိုဇော်ကတော့ ဘာမှမသိရှာတော့ အိပ်တာပေါ့။ သူမ အတွေးထဲ… စိုးမိုးနေတာ ဝသန်နဲ့ နောင်ကြီး အရေးပါပဲ။ သူတို့နှစ်ယောက်… တစ်အိမ်တည်းမှာ အတူတူထားလို့ မဖြစ်တော့ပါဘူး။ ဘယ်လိုခွဲထု… ရမလဲ။ ဝသန်ကို တခြားဝေးတဲ့နေရာ တစ်ခုခုဆီ အလုပ်လုပ် လွှ… ရမလား။

ဒါမှမဟုတ် အလုပ်ထဲမှာပဲ ညအိပ်ရမယ့် အလုပ်တစ်ခု… ရှာပေးရမလား။ အခုက အလုပ်လုပ်တာကအစ ကုမ္ပဏီတစ်ခုထဲ… အတူတူလေ။

"အင်း . . . ဟင်း"

". . . . . . . . . ."

"အင်း . . . ဟင်း"





ကိုဇော်ဦး ယောင်ပြီးညည်းမိပြီးမှ ဖျတ်ခနဲ လန့်နိုးလာတော့ အာခေါင်ခြောက်တာနှင့် မီးဖွင့်လိုက်မိသည်။ ရေသောက်မလို့လေ။ သူမီးဖွင့်လိုက်တော့ ခင်ခင် မအိပ်သေးတာကို မြင်လေလျှင် . . .

"ဟင် . . . ခင်ခင် အခုထိ မအိပ်သေးဘူးလား"

"အင်း"

"ဘာဖြစ်လို့လဲ။ အိပ်မပျော်လို့လား"

"ဟုတ်တယ်။ အိပ်မပျော်သေးတာပါ"

ကိုဇော်ဦး ထသွားပြီး ပလုတ်ကျင်းကာ ရေသောက်ပြီး ပြန်လာတော့ . . .

"ဘာတွေများတွေးပြီး အိပ်မပျော် ဖြစ်နေရတာလဲ ခင်ခင်ရဲ့။ ပြောပါဦး"

"ဒီလိုပါပဲ ကိုဇော်ရယ်"

"ဘာ ဒီလိုပါပဲလဲ"

"ဘာမှ မဟုတ်ပါဘူး"

"ညာမနေနဲ့ ခင်ခင်ရယ်။ ကိုယ့်မိန်းမအကြောင်း ကိုယ်သိတာပေါ့ကွ။ ခင်ခင် အိပ်မပျော်ဘူးဆိုရင် စိတ်ညစ်စရာတွေ တွေးစရာတွေ ရှိနေလို့ဆိုတာလေ။ ပြောစရာရှိရင်ပြော၊ မျိုသိပ်ပြီး တစ်ယောက်တည်း ကျိတ်ခံစားမနေနဲ့ မိန်းမရဲ့။ ခင်ခင် ဘာဖြစ်ချင်တယ်၊ ဘာခံစားနေရတယ်ဆိုတာကို ခင်ခင်ပြောပြမှ ကိုယ်ကသိမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဇနီးခါးကို ဖက်လိုက်ကာ . . .

"သိမှလည်း ဘာလုပ်သင့်တယ်ဆိုတာကို ကိုဇော်က စဉ်းစား အကြံပေးလို့ရမှာလေ။ အဲဒါကြောင့် ခင်ခင် ဘာဖြစ်နေသလဲ ကိုဇော့်ကိုပြော"

ခင်ခင် သက်ပြင်းချလိုက်မိ၏။ တိုင်ပင်စရာဆိုလို့ ဒီယောက်ျားပဲရှိတာ။ ဖွင့်ပြောရင် ကောင်းမလား။ မပြောရကောင်းမလား။ ကိုဇော်က ဝသန့်အပေါ် ကရုဏာသက်ပြီး ကိုယ့်ထက်ပိုချစ်သည်လို့ ထင်ရသည်လေ။ ပြောလိုက်မိမှပဲ သူများတွေ တွေးသလိုတွေးနေရင် ဒုက္ခ။

စိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုတာမျိုး။ ဒါပေမယ့် ရင်ထဲမှာ မွန်းကြပ်လွန်းတော့ ပြောတော့ပြောကြည့်မှာပဲပေါ့။

"ခင်ခင်"

"ဟင်"

"ပြောလေ"

"ကိုဇော်"

"ဟင်"

"ဝသန့်နဲ့ နောင်ကြိုးတို့က အရွယ်ရောက်ကုန်ကြပြီနော်"

"အင်းလေ . . . အဲဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ကိုဇော်ရဲ့။ ရပ်ကွက်ထဲက လူတွေက သူတို့





စ်ယောက်ကို အမျိုးမျိုး ပြောနေကြတယ်။ ဝသန့်က ခင်ခင်တို့ သားအရင်းမဟုတ်ဘူးဆိုတာကို အားလုံးက သိနေကြတော့လေ"

"ခင်ခင်က အဲဒါတွေကို တွေးနေတာလား"

"အင်းပေါ့။ ကိုယ်မွေးထားတာ သမီးလေ ကိုဇော်ရဲ့"

ဒီတစ်ခါ သက်ပြင်းချရသူက ဦးဇော်ဦးပါ။ ပတ်ဝန်းကျင်ဆိုတာ တ်သားလား။ ကိုယ့်အကြောင်းမဟုတ်တာကိုပဲ ဦးနှောက်ထဲထည့်ပြီး ာစ်စိတ်ကို တစ်အိတ်လုပ်နေကြတာ။ သူလည်း ကြားသင့်သလောက် ာော့ ဒီစကားမျိုးတွေ ကြားရတာပဲလေ။ ကလေးနှစ်ယောက်က ွယ်တူ။

ပြီးတော့ အတူသွား။ အတူလာ တစ်အိမ်တည်းမှာ အတူနေ ာ်တော့ ပိုဆိုးတာပေါ့။ သူတို့နှစ်ယောက် ရင်ထဲမှာရော ဘယ်လို ိတ်တွေရှိနေသလဲဆိုတာ ဘယ်သူမှမသိနိုင်ဘူးလေ။ မောင်နှမဆိုတဲ့ ိတ်ပဲရှိနေရင်လည်း ပတ်ဝန်းကျင်ကတော့ စကားကိုငွေပေးပြီး မဝယ် ာိုင်း သို့လောသို့လော ထင်ကြေးတွေပေးပြီး အမျိုးမျိုးပြောကြ ာပေါ့။

"ကိုဇော်"

"တစ်ခုခု ပြန်ပြောဦးလေ"

"ဒါကတော့ ခင်ခင်ရယ်။ လူတွေအားလုံးက ကံစီမံရာဆို ာလို ကံကြိုးဆွဲသမျှ ကနေရတဲ့ လောကဇာတ်ခုံပေါ်က ရုပ်သေး ာ်တွေပါ။ ဘယ်သူတွေ ဘယ်လောက်ပဲတားတား ဖူးစာပါရင်တော့ ာကြမှာပဲလေ။ ဖူးစာ မပါရင်တော့ လက်ထပ်ခန်းရောက်မှတောင်



www.burmeseclassic.com

www.burmeseclassic.com



ဖွန်းတစ်ချောင်းကြောင့် ကွဲကြသေးတာပဲ။ ပတ်ဝန်းကျင်ဆိုတာတဲ
လေမဝယ်ရတိုင်း ပြောကြမှာပေါ့"

"အဲဒီလို ပြောနေကြတော့ ဘယ်သူရှက်ရလဲ။ ကျွန်မ ‌ေ
ထားတာက သမီးလေ။ သမီးနဲ့ ကျွန်မတို့လင်မယား အရှက်
မဟုတ်ဘူးလား"

"ကိုယ်ကောင်းရင် ခေါင်းမရှော့ပါဘူး မိန်းမရာ။ တစ်
အဖြေမှန် ပေါ်လာမှာပါ"

"ဘယ်လို"

ခင်ခင် လက်ထောက်ကာ ချက်ခြင်းထထိုင်လိုက်မိ၏။ သူ
ယောက်ျားမို့ သည်းခံပါရမီ ပြည့်ချင်ပြည့်လိမ့်မယ်။ ဖြည့်စွက်တွက်ချ
တွက်လိမ့်မယ်။ ခင်ခင်က မိန်းမလေ။ မိန်းမဆိုတာ အူတိုတတ်
အမျိုးမို့လို့ ဘယ်ရက်မှန်းမသိတဲ့ တစ်နေ့ကိုစောင့်ကြည့်မနေနိုင်
ဖူးစာဆိုတာကိုလည်း အခုတော့ အယုံအကြည်မရှိသလို၊ ပတ်ဝန်းကျ
ရဲ့စကားတွေ ရိုက်ခတ်မှုကြောင့် အဖြူရောင်စိတ်တွေ အရောင်ပြော
သွားမှာ စိုးရသည်လေ။

"အဖြေမှန် ပေါ်လာတဲ့နေ့ကို ကျွန်မ မစောင့်နိုင်ဘူး ကို
ပတ်ဝန်းကျင်ရဲ့ ဂယက်ကြောင့် သူတို့စိတ်မပြောင်းဘူးလို့ ပြော
မလား။ ပတ်ဝန်းကျင်ပြောသလို ကျွန်မ အဖြစ်မခံနိုင်လို့ ခုလို
မပျော်တာ ရှင်းပြီလား"

ပြောပြီး ခင်ခင် ထသွားပြီး ရေသောက်လိုက်သည်။ မျ
သေးတာကို ကြုံတွေ့ပြီး ရင်ပူနေရသည်လေ . . .။





"အဲဒါဆို ခင်ခင်က ဘာဖြစ်စေချင်တာလဲ"

"စဉ်းစားနေတာပဲ"

"စဉ်းစား . . . စဉ်းစား . . . ကိုယ်တော့အိပ်ပြီ"

ဦးဇော်ဦးကို ဒေါ်ခင်ခင် လှည့်မကြည့်တော့ပေ။ အပြင်သို့
လာခဲ့ပြီး တစ်ယောက်တည်း ငုတ်တုတ်ထိုင်ကာ အတွေးနယ်ချဲ့
နောက်မှ အိပ်ချင်လာလို့ နာရီကိုကြည့်လိုက်တော့ နှစ်နာရီ
နေပါပြီ။ အိပ်မှဟု အိပ်ယာထဲပြန်လာပြီး အိပ်တော့မှ အိပ်ပျော်
လတော့သည်။

မနက်မိုးလင်းတော့ ခါတိုင်းလို စောစောမနိုးဘဲ နောက်ကျ
ထမင်းချက်ရပြီးမှာပါလားလို့ ကမန်းကတန်း ထလာခဲ့တော့–

"ဟင်"

မီးဖိုချောင်ထဲမှာ ဝသန် တစ်ယောက် ကုန်းကုန်းကွကွနှင့်
နေပါလိမ့်။

"ဝသန်"

"ဟော . . . အမေ နိုးလာပြီလား"

"အေး . . . နိုးလာပြီ။ နောက်တောင်ကျသွားတယ်။ ထမင်း
တင်းချက်ဖို့နဲ့ နင်တို့တစ်တွေ ထမင်းချိုင့်ထည့်ပေးဖို့ မီတောင်
လား မသိဘူး"

"အဲဒီအတွက် စိတ်ပူမနေပါနဲ့ ့မေရာ။ ထမင်းအိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျပြီ။ ဟင်းက ဘာချက်ရမှန်းမသိလို့ သားကြက်ဥတွေ တွေ့တာနဲ့ကြော်ထားတယ်။ အခု ထမင်းချိုင့်တွေ ထည့်မလို့ ပြင်နေတာ အမေရဲ့"

"ဟုတ်လား"

"ဟုတ်ကဲ့"

"ဖယ် . . . ဖယ် ငါထည့်ပေးမယ်။ နင်လုပ်စရာရှိတာ လုပ်"

"ဘာမှ လုပ်စရာ မရှိပါဘူး။ သွားကာနီးကျမှ အဝတ်လဲရုံပါပဲ"

"ဒါနဲ့ နောင်ကြီးရော နိုးပြီလား"

"နိုးပြီအမေ။ ရေချိုးသနပ်ခါးလိမ်းပြီးလို့ အိမ်သာတက်နေလေရဲ့။ အမေ့ သမီးက အမေသိတဲ့အတိုင်းပဲ။ အိမ်သာတစ်ခါတက်ရင် အီပင်ပေါက်တော့မယ့် အတိုင်းပဲဥစ္စာ"

ဒေါ်ခင်ခင် ထမင်းချိုင့်တွေထဲသို့ ထမင်းဟင်းတွေ ဝင်ထည့်ပေးနေချိန်မှာ ဝသန်က နောက်ဆုတ်မတ်တတ်ရပ်ပြီး ပြောနေတာပါ။ ဝသန့်စကားကြောင့် ဝသန့်ကိုလည်းပင်းလိမ်ကာ တစ်ချက်ပြုံးကြည့်ပြီး တွေခနဲဖြစ်သွားရ၏။ သူမ အတွေးထဲမှာ ဖြစ်တည်သွားတာသည်

သမီးရေချိုးတာကို ဝသန်မမြင်သင့်သလို သမီး အိမ်သာတက်တာကိုလည်း ဝသန်သိစရာ မလိုဘူးဆိုတာပါပဲ။ ဒီဘက်သို့ ပြန်လှည့်လိုက်တဲ့ မျက်နှာက ဟန်မလုပ်နိုင်တဲ့ အပြုံးရိပ်နဲ့ပါ။ မကြိုက်တာတွေကို မကြိုက်တဲ့အတိုင်း အခုချက်ခြင်း ပြောဖို့ မဖြစ်နိုင်သေးတာကြောင့် . .





"မင်းရော ရေချိုးပြီးပြီလား"

"အခု သွားချိုးလိုက်မယ် အမေ"

"ဒါဆို သွားလေ"

"ဟုတ်ကဲ့"

ဝသန်ထွက်သွားတော့ နောင်ကြီးက အိမ်သာထဲမှ ထွက်လာသည်လေ။ အိမ်သာထဲက လူကိုမမြင်ရပေမယ့် အိမ်သာတက်တာဆင်းတာတော့ မီးဖိုချောင်ထဲက လူကမြင်နေရတာပါပဲ။ ဝသန်က မီးဖိုချောင်ထဲမှာ နောင်ကြီးက အိမ်သာတက်။ ဟူး . . . မဖြစ်သေးပါဘူး။

"အမေ နိုးပြီလား"

"ဟုတ်တယ် နိုးပြီ"

"ဝသန်က အမေလည်း စက်ချုပ်တစ်ဖက်နဲ့ အိမ်အလုပ်တွေလုပ်နေရတာ ပင်ပန်းပါတယ် မနိုးပါနဲ့။ ငါပဲ ချက်မယ်ဆိုတာနဲ့ သမီးလည်း အမေ့ကို မနိုးပဲထားတာ"

"နောက်ကို ဘာပဲဖြစ်ဖြစ် မနိုးရင် အမေ့ကိုပဲ နိုးပါ။ သမီးနဲ့ သန်နှစ်ယောက်ထဲ ထပြီးဘာမှ လုပ်စရာမလိုဘူး"

"ဘာဖြစ်လို့လဲ အမေရဲ့"

"အမေ မကြိုက်ဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင် ခပ်ပြတ်ပြတ်ပဲ ပြောလိုက်၏။ နှောင်ကြိုးက ကိုယ့်သမီးအရင်းဆိုတော့ ပြောရတာ ဘာမှအားနာနေစရာ မလိုဘူး လေ။ အခုကာစလို့ ပြင်ဆင်နိုင်းမှ . . .

"အမေကလည်း ခါတိုင်းလဲ ဒီလိုပဲ ဥစ္စာ"

"ခါတိုင်းနဲ့ မတူတာတွေ ရှိလို့ပြောနေတာပေါ့။ သမီးကို အမေတစ်ခါတည်း ပြောထားမယ်။ ဒီလကုန်လို့ လစာထုတ်ပြီးတာနဲ့ သမီး အလုပ်ကထွက်လိုက်တော့"

"ရှင်"

"အိမ်မှာပဲ အမေစက်ချုပ် သင်ပေးမယ်။ စက်ပဲချုပ်"

နှောင်ကြိုးအမေ့ကို နားမလည်နိုင်တော့ပေ။ အမေ ဘာဖြစ် နေပါလိမ့်။ နှောင်ကြိုးတို့ မနေ့က အလုပ်ကပြန်လာကတည်းက အမေ့ မျက်နှာမကောင်းတာကို သတိထားမိတာ။ ဝသန်က ပြောတာတော့ အဖေနဲ့ စိတ်ကောက်တာ ဖြစ်မှာပေါ့တဲ့။

အဖေကတော့ ပုံမှန်ပါပဲ။ ဘာတွေဖြစ်နေပါလိမ့်နော်။

● ● ●



## အခန်း (၁၄)

"အမေ . . ."

"ဟင်"

နောက်ကနေ ခေါ်လိုက်သံကြောင့် လှည့်ကြည့်လိုက်တော့ ရွှန်းနီဝါ။ လက်ထဲမှာ ဆွဲလာတာ အထုပ်တွေပြည့်လို့ပါပဲ။ သူ့ ...နဲ့အမေ့ကို ကန်တော့ဖို့ အဝတ်အထည်နှင့် စားစရာတွေဝယ် ...ခဲ့တာလေ။ ဝသန်နဲ့ နှောင်ကြိုးအတွက်ပါပေါ့။ ဝသန့်အတွက်ပါ ...ယ်ဆိုတာကတော့ မကောင်းတတ်လို့ ဝယ်လာရခြင်းပါပဲ။

ဒေါ်ခင်ခင် . . . ရွှန်းနီဝါကို မြင်တာနဲ့ထရပ်လိုက်မိ၏။ အရင်က ...ာရက်စက်စွာ ပြန်မလာခဲ့တာ သူ့အကြောင်းနဲ့သူပေါ့လေ။ အခု ...တော့ လာရှာသားပဲ။

"လာ . . . ထိုင် . . . သား"

www.burmeseclassic.com

www.burmeseclassic.com



ရှိန်ဝါက ဟိုကြည့် ဒီကြည့်. . .ကြည့်ကာ. . .

"အမေရော. . .အမေ"

"ရှိတယ်သား။ နောက်ဖေးဘက်က ထောင်ထားတဲ့ ပျဉ်တွေ ကွာလို့ဆိုပြီး ပြန်ရိုက်နေတာ"

ဟုတ်သားပဲ။ အခုမှပဲ နောက်ဖေးဘက်က တဒုန်းဒုန်းသံကို ရှိန်ဝါ သတိထားမိ၏။

"နောင်ကြီးရော. . ."

"အဝတ်တွေ မီးပူတိုက်နေတယ်သား။ နောက်ဖေးခန်းထဲ မှာလေ။ အပြင်မှာဆို အဝတ်တွေ ရွှေ့ရပွေ့ရ ဖြစ်မှာစိုးလို့တဲ့"

"ဪ. . ."

"ကိုဇော်ရေ . . . ကိုဇော်"

". . . . . . . ."

"ကိုဇော်"

"ဟေ"

"ဒီမှာ ရှင့်သား ဘုန်းရှိန်ဝါ ရောက်နေတယ်"

"အေး. . .အေး"

အေးဆိုတဲ့ အသံနဲ့အတူ တဒုန်းဒုန်းသံက ပျောက်သွား၏





"ဒီနေ့ အလုပ်ပိတ်ရက်ကိုပဲ ရွေးပြီးလာခဲ့တာ အမေရဲ့။ အဲဒါမှာ ဒီအိမ်မှာရှိနေတဲ့ လူအကုန်တွေ့ရမှာလေ။ ခေါ်ခင်ခင် ခေါင်းညိတ်ပြီး. . .

"သမီး. . .နောင်ကြီး"

"ရှင်. . .အမေ"

"အဝတ်တွေ မီးပူတိုက်တာမပြီးသေးဘူးလား"

"မပြီးသေးဘူး အမေ"

"မပြီးလည်း ထားခဲ့။ ဒီကိုလာပါဦး"

"ဟုတ်ကဲ့"

ရှိန်ဝါ သူဆွဲလာခဲ့သော အိတ်ကြီးအိတ်ငယ် အသွယ်သွယ်ကိုဘေးမှာချပြီး ထိုင်စောင့်နေလိုက်သည်။ သိပ်ကြာကြာ မစောင့်လိုက်ရပါဘူး။ ဦးဇော်ဦး၊ ဝသန်နဲ့ နောင်ကြီးတို့ အားလုံး ရောက်လာကြတာ. . .

"မတွေ့ရတာ ကြာလို့လားမသိဘူး။ သားကြီးက ချောလို့နော့လိုပါလားဟေ့"

"အမေ"

ကိုယ်စီထိုင်ကြတာနှင့် ရှိန်ဝါ သူ့အတွက်၊ သူ့အတွက်ဆိုပြီး ကြိုး စိတ်ကူးထားသည့်အတိုင်း. . .

"ရော့. . .နောင်ကြီးအတွက်။ ဒါက ဝသန့်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး မယူဘဲ ခပ်တွေတွေလေးရှိနေကြစဉ် လက်ကမ်းနေတဲ့ ရှိန်ဝါကို အားနာစွာနှင့် ဒေါ်ခင်ခင်က . . .

"ဟဲ့ . . . ယူကြလေ"

ဆိုမှပဲ ယူဖြစ်ကြ၏။

"အဖေနဲ့ အမေ့ကိုလည်း ကျွန်တော် ကန်တော့ပါရစေ"

ပြောပြီး ရှိန်ဝါ ဦးဖော်ဦးနဲ့ ဒေါ်ခင်ခင်ရှေ့မှာ ဒူးထောက်ပြီး ကန်တော့လေတော့ ဆုတွေပေးလိုက်တာ တစ်သီကြီးပါပဲ။ ဆုဆိုတာ တောင်းတိုင်းမရ ပေးတိုင်းမပြည့်ပေမယ့် ထုံးတမ်းစဉ်လာအရတော့ ပေးကြတာ ပါပဲလေ။ ဆုတောင်းသတိုင်း ပေးတိုင်းသာ ပြည့်မယ်ဆိုရင် . . .

လောကကြီးထဲက လူတွေအားလုံး သာယာချမ်းမြေ့ကြမှာပေါ့။ ကန်တော့ခြင်း အလုပ်ပြီးဆုံးသွားပြီးနောက် . . .

"အဖေနဲ့အမေ့ကို ကျွန်တော်တစ်ခုလောက် ပြောချင်တယ်"

"ပြောစရာရှိရင် ပြောလေကွာ။ သူစိမ်းတွေမှ မဟုတ်တာ ဘာလို့ရကား ပလ္လင်ခံနေရတာလဲ"

"အခြား မဟုတ်ပါဘူး အဖေ။ နောင်ကြိုးရဲ့ ပညာရေးအတွက် ပြောချင်တာပါ။ ကျွန်တော် တစ်ယောက်လုံးရှိနေတာပဲ။ နောင်ကြိုးကို အဝေးသင်တက်ခွင့် မပေးနိုင်ဘူး။ ဖြစ်နိုင်ရင် အားလုံးကို ကျွန်တော့် အိမ်မှာ လိုက်နေစေချင်တယ်"

"ဘယ်လိုသား"





"ဟုတ်တယ် အမေ။ ဖေဖေက နိုင်ငံခြားကို ပြန်သွားပါပြီ။ အခုအိမ်မှာ ကျွန်တော်နဲ့ ထမင်းချက် ဒေါ်ဦးတို့လင်မယားပဲ ရှိတာ။ သူ့ယောက်ျားက ခြံစောင့်ပေါ့"

"သော် . . ."

ကိုဖော်ဦးကတော့ ဘယ်လိုစဉ်းစားနေလဲ မသိရပေ။ ဒေါ်ခင်ခင်အတော့ နောင်ကြိုးဆီသို့ အကြည့်ရောက်ပြီး စဉ်းစားထားလိုက်သည်။ ကိုယ့်သမီးကောင်းစားဖို့နဲ့ ဝသန်နဲ့ အနီးကပ်ရှိမနေဖို့ပါပဲ။ ရှိန်ဝါက သမီးလေးကို ကျောင်းထားပေးချင်တယ်တဲ့။ ကောင်းတာပေါ့။ ရှိန်ဝါကို ရှုစားခဲ့တာအတွက် သူ့ဆီက ဘာမှမမျှော်လင့်ခဲ့ပေမယ့် . . .

နောင်ကြိုးကို ကျောင်းထားပေးဖို့နဲ့ သူ့အိမ်မှာ ခေါ်ထားဖို့ ဆိုတော့ လက်ခံချင်သည်။ ဒါမှသမီးလေး အမြင်ကျယ်သွားမှာ။ ဝသန်နဲ့လည်း မနီးစပ်တော့ဘူးပေါ့။

"ငါ့သား အခုလို သိတတ်တာအတွက် အဖေ ဂုဏ်ယူပါတယ်ကွာ။ ဒါပေမယ့် အဖေတို့က အကျိုးလိုလို့ ညှာင်ရေလောင်းခဲ့ကြတာမှမဟုတ်တာ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်သရွေ့တော့ ကိုယ့်အားပဲ ကိုယ်ကိုးချင်တယ်။ ဒါကြောင့် အဖေတို့သားနဲ့အတူ လိုက်နေဖို့ကိစ္စကိုတော့ နောက်ထပ်မတောင်းဆိုပါနဲ့။ အဖေ သေတဲ့အထိ ဒီအိမ်လေးမှာ နေသွားဖို့ဆုံးဖြတ်ထားတယ်"

"ဟုတ်တယ်သား။ အမေလည်း ဒီလိုပဲ တွေးတယ်။ ငါ့သားကြီးတာ ကိုယ်ပြုစုခဲ့ရပါလားလို့ ဘယ်သားသမီးဆီကမှ ဘာကိုမှ မမျှော်လင့်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမေကလည်း . . ."

"နောင်ကြီးကိုတော့ ကျောင်းထားပေးဖို့ သားခေါ်သွား လိုက်ပါ။ အဲဒါမှ သူ့အနာဂတ် လှပလာမှာလေ"

"အမေ . . ."

ဒေါ်ခင်ခင် သမီးကိုလက်ကာပြလိုက်၏။ မျက်စောင်းတ ချက်ခဲလိုက်တာနဲ့ နောင်ကြီး ဘာမှပြန်မပြောရဲပေ။

ဦးဇော်ဦး . . . ဖနီးဇေါ်စိတ်ကို နားလည်ပါသည်လေ။ သူ့ရင်ထဲ မှာ နေ့နေ့ညညရှိနေတာသည် ဝသန်နဲ့သမီးဝေးဖို့။ သူတို့သာ ဘုန်း ရှိန်ဝါနဲ့လိုက်နေရင် ဝသန့်ဘဝက ဘာဖြစ်သွားမလဲ။ ကိုယ့်ခြေထောက် ပေါ်ကိုယ်ရပ်တည်နိုင်ပြီ ဆိုပေမယ့် စိတ်ဒဏ်ရာရပြီး။ တိမ်းချော်သွား တာမျိုး အဖြစ်မခံနိုင်ပါဘူးလေ။

ကိုယ်ပျိုးတဲ့ပန်း အရိုးသန် အပွင့်လန်းနေမှ လိပ်ပြာနမ်းမှာ စိုးလို့ဆိုပြီး အရိုးကိုချိုးချလိုက်တဲ့ အဖြစ်မျိုးတော့ အရောက်မခံနိုင် ဒါကြောင့် လိပ်ပြာကလည်း ဒီထက်လန်းတဲ့ ပန်းရဲ့ရနံ့နဲ့ ပျော်မွေ့ စေ။ ပန်းကလည်း သူ့ရနံ့နဲ့သူ မွေးပျံ့ဆဲမွေးပျံ့ပါစေပေါ့။

"အမေက ကောင်းမယ်ထင်လို့ စီစဉ်ရင် လက်ခံရမယ် သမီး ဘယ်မိဘကမှ ကိုယ့်သားသမီးကို ချောက်ထဲတွန်းမချဘူး။ သမီးရဲ့ ပညာရေးအတွက် သမီးတို့ဘဝ တိုးတက်ရေးအတွက် သားကြီးနဲ့ လိုက်သွားပြီး နေရမယ်။ ချေးထဲကလောက် ချေးထဲပဲ မပျော်ချင်နဲ့ လူဆိုတာ မျှော်လင့်ချက် ပန်းတိုင်တစ်ခု စိုက်နိုင်မှ တိုးတက်တာ"





"အခုလည်း သမီးမှာ ရည်မှန်းချက်ပန်းတိုင် ရှိတယ်လေ အမေရဲ့။ အလုပ်လုပ်ရင်း အဝေးသင်တက်မှာပဲဟာ"

"ဆင်ခြေဆင်လက်တွေ ငါမလိုချင်ဘူး နောင်ကြီး။ နင့်ကို ငါကအလုပ်မလုပ်စေချင်လို့ ထည့်တာ။ အခု မလွှဲသာလို့ နင့်လစာ ကိုသုံးနေရပေမယ့် ငါ့ရင်ထဲမှာ သာယာဝပြောနေမယ်လို့ နင်ထင် သလား။ သားကြီးက အခြားသူမှမဟုတ်တာ။ နင့်အစ်ကိုပဲလေ။ သူနဲ့ နေမှ နင့်ဘဝ အရောင်ဆန်းပြီး နန်းထိုက်တော်ဝင်ဖြစ်မှာ။ နင်လိုက် သွားရမယ်။ ဒါ . . . ငါ့အမိန့်ပဲ"

နောင်ကြီးရင်ထဲမှာ တစ်ခုခုကို ဆွဲထုတ်ခံလိုက်ရသလို ခံစား ရ၏။ ဝသန့် ရင်ထဲမှာလည်း ထို့အတူပါ။ ဘယ်တုန်းကမှ အမေ့ကို ဆန့်ဆန်ဘူးတဲ့ နောင်ကြီး။ အခုလည်း အမေ့အမိန့်ပဲ နာခံရဦးတော့ မှာလား"

"အမေ . . ."

အမေ့ကို အားကိုးတကြီး ကြည့်လိုက်တော့ အမေက မျက်နှာ လွှဲသွားလေသည်။ အမေ့ ဆန္ဒကလည်း ဒီအတိုင်းပဲလား။ ဝသန့် မျက်နှာကိုကြည့်လိုက်တော့ မျက်လွှာချလို့ ခေါင်းငိုက်စိုက်ပါ။ သွား အတူ၊ လာအတူ စားအတူရှိခဲ့ကြပြီးမှ ခွဲရမယ်ဆိုတော့ ရင်ဘတ် ကိုယ်စီမှာ မီးမကျွမ်းရင်တောင် နွမ်းနေမှာပဲလေ။

ဒီလို ခွဲခွာကြရလိမ့်မယ်လို့ ဘာကြောင့်များ မတွေးမိခဲ့ကြ ပါလိမ့်။

"ဝသန်"



www.burmeseclassic.com

www.burmeseclassic.com



"မှာ. . . . .အမေ"

"မင်း . . . ကိုကြီးအတွက် လက်ဖက်ရည်ဆိုင်မှာ သင့်တော်မယ့် မုန့်သွားဝယ်စမ်း"

"မဝယ်ပါနဲ့ အမေ"

"ဘာလို့ မဝယ်ရမှာလဲသားရဲ့။ ရောက်တုန်းရောက်ခိုက် သားကို အမေတစ်ခုခုတော့ ကျွေးချင်တယ်"

ဝသန် အမေပေးတဲ့ ပိုက်ဆံကိုယူပြီး ထွက်လာခဲ့တော့သည်။ ကြာမှာစိုးလို့ ခြေလှမ်းတွေသွက်နေပေမယ့် ရင်ထဲမှာတော့ လေးလံ ထုံထိုင်းနေလို့ပါ။ နှောင်ကြိုး ကိုကြီးနဲ့လိုက်သွားရင် သူဘယ်လို နေတတ်မှာမဟုတ်ပေ။ သူ့ကိုပဲ သံယောဇဉ်တွေ တွယ်တာကာ သူ့နဲ့ ရှိနေမှ ပျော်ရွှင်သလို ရှိနေခဲ့တာလေ။

တစ်ယောက်နဲ့တစ်ယောက် စလိုက်နောက်လိုက်၊ စိတ် ကောက်လိုက်၊ ချော့လိုက်ပေါ့။ အခုတော့ . . .

"အမေ . . ."

"ပြောလေ သားကြီး"

"ကျွန်တော် နှောင်ကြိုးကို ဘယ်နေ့လာခေါ်ရမလဲ"

"သားအဆင်ပြေမယ့်နေ့ လာခေါ်လေ"

"သားက အခုတောင် ခေါ်သွားချင်တာ"





"အဲဒီလိုတော့ မဖြစ်သေးဘူး သားကြီး။ မင်း ညီမ ပြင်ဆင် ရာရှိတာကို ပြင်ဆင်ပါစေဦး"

ဒီစကားကို ဝင်ပြောလိုက်သူက ဦးဖော်ဦးပါ။

"ဒါဆို သား မနက်ဖြန်မှ လာခေါ်မယ်"

"ဘယ်အချိန် လာမှာလဲသား"

"မနက်ဖြန် အလုပ်ကိစ္စနဲ့ သွားစရာရှိသေးတယ်။ ညနေ ပိုင်းလောက်မှ လာဖြစ်မယ်ထင်တယ်"

နှောင်ကြိုး သူတို့စကားတွေကို ရှေ့ဆက်နားမထောင်တော့။ ကိုယ့်အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ ရင်ထဲမှာမွန်းကြပ် ပူလောင်သမျှ အခန်းထဲရောက်မှပဲ ငိုချပစ်လိုက်တော့၏။ ထွက်သွားပြီးမှ ဘာလို့များ သူများ မိသားစုကို ခွဲဖို့ပြန်ရောက်လာတာလဲ ဘုန်းရှိန်ဝါ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

နှောင်ကြိုး ညက ငိုထားလို့ မျက်ခွံများယင် မို့အစ်နေလို့ပါ။ အိပ်လို့လည်းမရ တွေးမိတွေးရာတွေနဲ့ အဖော်က မျက်ရည်ပဲလေ။ အိပ်ပျော်သွားတော့ ည(၃)နာရီလောက်မှပါပဲ။ ဒါကြောင့်နေမြင့်မှ အိပ်ရာကနိုးခဲ့သည်လေ။ သူမ မျက်လုံးတွေ အစ်နေလို့ ငိုထားတယ်ဆိုတာကို အမေ မသိဘဲနေပါ့မလား။

ဒါပေမယ့် ဘာတစ်ခွန်းမှ မမေးခဲ့ဘဲ မသိချင်ယောင်ဆောင်နေခဲ့သည်။ နှောင်ကြိုးကို ပြောလာသည့်စကားက အဝတ်တွေထည့်။ ညည်းအစ်ကိုလာရင် အဆင်သင့်ဖြစ်အောင်တဲ့။

"အဝတ်တွေ ထည့်ပြီးပြီလား"

"ထည့်ပြီးပါပြီ"

"လိုလိုမယ်မယ်သာ ထည့်နိုင်းရတာ။ ဟိုရောက်ရင် ရှိန်ဝါက





သမီးကို ဒီအဝတ်တွေ ဝတ်ခိုင်းချင်မှ ဝတ်ခိုင်းမှာပါ။ မနေ့က ဝယ်လာသေးတဲ့ အဝတ်တွေကိုပဲကြည့်။ တန်ဖိုးတွေက ကြီးပါ့"

ပြန်ပြောစရာ စကားမရှိပြီမို့ နှောင်ကြိုး ခေါင်းငုံ့ထား မေးရင်ပြောရုံမှအပ နှုတ်ဆိတ်နေလိုက်သည်။ အမေက နှောင်ကြိုးကို အဲဒီလိုတန်ဖိုးကြီး အဝတ်တွေဝတ်စေချင်လို့ သူများနဲ့ထည့်တာလားလို့ မေးလိုက်ချင်တာ။

"သမီး အဖေ ဒီနေ့အလုပ်မဆင်းဘူး။ ဝသန်ကတော့ သွားတယ်"

"........"

"သူ့ သမီးကို ဘာတွေများ မှာဦးမလို့လဲ မသိဘူး။ သွားလိုက်ဦး"

"........"

"အတွင်းခံတွေ ထည့်ရဲ့လား။ အဲဒါက အရေးကြီးတာနော်။ ဘော်လီရော ဘောင်းဘီရော။ ဟိုက ယောကျာ်းလေးဆိုတော့ အဲဒါတွေတော့ ဝယ်ပေးမှာ မဟုတ်ဘူး"

"ပါ...ပါတယ်"

ဒါပဲပြောပြီး နှောင်ကြိုး အိမ်ရှေ့ဘက်သို့ ထွက်လာခဲ့၏။ အဖေက လေးလေးပိုင်ပိုင် ထိုင်နေရာမှ နှောင်ကြိုးကို မြင်လေလျှင်....

"သမီး အမေ ဘာတွေမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စုံနေတာပါပဲ"

ဦးဇော်ဦး ငိုထားမှန်းသိသာနေတဲ့ သမီးမျက်နှာ မို့အစ်အစ်လေးကိုကြည့်ပြီး စိတ်မကောင်းလိုက်တာ။ သူလည်း မိဘတွေနဲ့ဘယ်ခွဲချင်ပါ့မလဲလေ။ တစ်ခါမှလည်း ခွဲဖူးတာမှ မဟုတ်တာ။ အခု ခွဲရမယ်ဆိုတော့ ဘယ်လောက်ခံစားနေရရှာမလဲ။ ခဏခဏ ပြန်လာလို့ရတယ်ဆိုပေမယ့် . . .

အချိန် အတူရှိနေတာနဲ့တော့ ဘယ်တူပါ့မလဲနော်။ ဝသန်ကတော့ အလုပ်ဆင်းမယ်ဆိုပြီး ထွက်သွားလေရဲ့။ သူရော ဘယ်လိုခံစားနေရမလဲ။ အခုတလော ခင်ခင် သူ့အပေါ်ဆက်ဆံရေးပြောင်းလဲသွားတာကို ဝသန် သိနေတဲ့ပုံပါပဲ။ ဝသန့် မျက်နှာရွှင်ပျပျမှ မရှိတော့ပဲလေ။

"သူများအိမ်မှာ လိမ်လိမ်မာမာနေနော်သမီး။ ကိုယ့်အစ်ကိုကအလိုလိုက်တယ်ဆိုရင်လည်း အလိုလိုက်တိုင်း ဟိုဟာဒီဟာ ပူဆာတာတွေ မလုပ်နဲ့"

"ဟုတ်ကဲ့ပါ အဖေ"

"ပြောသာပြောရတယ်။ အဖေ့ သမီးက လိမ္မာပြီးသားပါ"

"အမေ"

"ဟင်"

"သမီး လိုက်မသွားချင်ဘူး။ အမေ့ကို အဖေ ပြောပေးပါလားဟင်"





"သမီးရယ်"

"နော်. . .အမေ"

ဘယ်လိုအဖြေမျိုး ပြန်ပေးရမှန်းကို မသိတော့ပါဘူး။ ရင်မောစွာပဲ သက်ပြင်းချမိရင်း . . .

"သမီး အမေရဲ့ စေတနာ၊ မေတ္တာတွေကို နားလည်ပေးပါသမီးရယ်။ သူလုပ်တာတွေက မိခင်တစ်ယောက်မှာရှိတဲ့ အတ္တတွေကြောင့် မှားခဲ့ရင်တောင် အဲဒါ စေတနာအမှားပဲပေါ့။ သူဖြစ်ချင်တဲ့အတိုင်း ဖြစ်ခွင့်ပေးလိုက်ပါ"

မျှော်လင့်ချက်ကြီးစွာနှင့် အရောင်တောက်နေတဲ့ မျက်လုံးလေးတွေ မှိန်ကျသွားခြင်းနှင့်အတူ ပါးပြင်ပေါ်သို့ စီးကျလာတာ မျက်ရည်တွေ။ သမီးကို သနားပေမယ့် . . .

"တီတီ. . . တီတီ"

"ဟော. . ."

"ဟင်. . ."

တားဟွန်းတီးသံရဲ့နောက်မှာ "ဟော"လို့ ထွက်လာတာ အမြင်ကိုထွက်လာတဲ့ ဒေါ်ခင်ခင်ရဲ့ နှုတ်မှအသံပါ။ ဟင် . . . ဆိုတာက သူည့်ကြည့်လိုက်တဲ့ နောင်ကြိုးပါးစပ်က ထွက်လာတဲ့ အသံပေါ့။ ကားကိုမြင်လိုက်လို့ရလေ။

"လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



နောင်ကြီး အချိန်တွေကို သရေပင်လိုသာ ဆွဲဆန့်ထားလို့ရရင် ဆွဲဆန့်ထားလိုက်ချင်ပါရဲ့။ ဝသန် . . . ဝသန်ကို သူမနှုတ်ဆက်ချင်သေးသည်လေ။

"အဖေ . . . ဒီနေ့ အလုပ်မဆင်းဘူးလား"

"မဆင်းဘူးသား။ မင်းညီမကို ဆုံးမစရာရှိတာတွေ ဆုံးမနေတာလေ"

"ဟုတ်လား။ ဒါနဲ့ နောင်ကြီး အဆင်သင့်ဖြစ်ပြီလား။ အဆင်သင့်ဖြစ်ရင် သွားမယ်လေ"

"မြန်လှချည်လား သားရဲ့"

"ဟုတ်တယ် အမေ။ အလုပ်က မနက်ပိုင်းနဲ့တင်ပြီးပြတ်မယ်လို့ထင်ထားတာ။ အခု မပြီးပြတ်လို့ ထားခဲ့ပြီးထွက်လာတာ နောင်ကြီးကို အိမ်ပြန်ပို့ပြီး ကျွန်တော်က ပြန်သွားရမှာ အမေရဲ့"

"အဲဒါများ နောက်နေ့မှာ လာရောပေါ့သားရယ်"

"အဖေတို့ မျှော်နေမှာစိုးလို့ပါ။ ကဲ . . . နောင်ကြီးသွားရအောင်"

နောင်ကြီးလေးတွဲ့စွာနှင့်ပဲ ထိုင်ရာကထလိုက်၏။ ဘာပဲဖြစ်ဖြစ် လိုက်ကိုလိုက်ရတော့မှာပဲမို့ ကိုယ့်အဝတ်အိတ်ကို သွားယူပြီး . . .

"အဖေ"

"သမီး"





"သမီး သွားတော့မယ်"

"အေး . . . အေး သမီး"

အမေ့ကို ကြည့်လိုက်တော့ ကြည့်ရုံပဲရှိသေး ခေါင်းညိတ်ပြတာကြောင့် နောင်ကြီးပါးစပ်မှ နှုတ်မဆက်ဖြစ်တော့ဘဲ ထွက်လာခဲ့တော့သည်။

ဦးဇော်ဦးနဲ့ ဒေါ်ခင်ခင် သမီးကို ကားနားအထိလိုက်ပို့ပြီး နောင်ကြီး ကားပေါ်တက်သွားတော့ ပြုံးနေနိုင်သူက ဒေါ်ခင်ခင်ဖြစ်ပြီး မျက်ရည်ကျနေတဲ့ သမီးကို သနားရသူက ဦးဇော်ဦးပါ။

ဝသန်ကတော့ . . . အလုပ်ဆင်းမယ်ဆိုပြီး အိမ်ကနေ ထွက်လာခဲ့ပေမယ့် တကယ်တမ်းမှာ အလုပ်မဆင်းဖြစ်ပေ။ ကုမ္ပဏီမှာ သန်က ပျက်ရက်မရှိလုပ်ခဲ့တာလေ။ ရန်ဖြစ်တုန်းက တစ်ခါသာပျက်ကွက်ပြီး ဒီတစ်ခါနဲ့မှ နှစ်ခါဆိုတော့ ကိစ္စမရှိပါဘူး။ မေးရင်လည်း ပြောလိုက်ရုံသာ။ စိတ်ညစ်လို့ လို့လေ။

ဒါကြောင့် ဒီနေ့ ဆယ်တန်းတုန်းက အတူတက်ခဲ့ဖူးတဲ့ သူငယ်ချင်းတစ်ယောက်အိမ်မှာ ဝင်ခေါက်နေလိုက်တာ။ အခု လက်ဖက်ရည်ဆိုင် ထိုင်မယ်ဟု သူငယ်ချင်းနဲ့ ထွက်လာခဲ့စဉ် . . .

"မင်းတို့နှစ်ယောက် အဖြစ်ကလည်း ပြောရခက်တယ်နော်။ သူငယ်ချင်းလည်း မဟုတ်၊ မောင်နှမအရင်းလည်း မဟုတ်။ ချစ်သူလည်းမဟုတ်။ ဟိုမဟုတ် ဒီမဟုတ်နဲ့ လွမ်းရမှာတောင် ဘယ်လိုအမည်ပေးရမှန်းမသိတဲ့ အလွမ်းကန့်လန့်ကြီး"

"သူငယ်ချင်း မောင်နှမပဲ ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါမတော့နဲ့ မင်းတို့မောင်နမ အရင်းမဟုတ်တာကို သူများတွေတင် မဟုတ်ဘူး။ မင်းတို့လည်း သိနေတာပဲ ဥစ္စာ"

"သိတယ်လေ ... ဘာဖြစ်လို့လဲ"

"မင်းရဲ့ သံယောဇဉ်က ရိုးရောရိုးရဲ့လားလို့ပါ။ သိနေမှာတော့ နည်းနည်းပါးပါး"

"ဘာမှ မနည်းပါဘူး။ ရိုးရိုးပဲ"

"သေချာလို့လား"

"......."

"ကိုယ့်ကိုယ်ကို ပြန်ပြီးစမ်းစစ်ဦးနော် ဟိတ်ကောင်။ သူ့အမေ တစ်ယောက်လုံးကတောင် ကြည့်ကြည့်ဖြူဖြူ ထည့်လိုက်တဲ့ဥစ္စာ မင်းက ခံစားနေရတယ်ဆိုတော့ စဉ်းစား ... စဉ်းစား"

ဝသန် ဘာမှပြန်ပြောချင်စိတ် မရှိတော့ပါဘူး။ ရိုးတာဆိုး တာကို သူမှမသိဘဲလေ။ သူ့မှာ မိန်းကလေး သူငယ်ချင်းမှမရှိခဲ့တာ အဲဒီတော့ သူငယ်ချင်း သံယောဇဉ်ကိုလည်း မသိသလို၊ မောင်နှမ မဟုတ်တော့ မောင်နှမ သံယောဇဉ်ကိုလည်း မသိ။ ချစ်သူမရှိခဲ့ဖူးတော့ ချစ်သူသံယောဇဉ်ကိုလည်း မသိပေ။

ရင်ထဲမှာ ရှိနေသည့် သံယောဇဉ်သည် ဘယ်လို သံယောဇဉ် လည်းဆိုတာ ဝသန် တိတိကျကျ မသိပါဘူး။ ပြောပြရန် ခက်ခဲ သည်ပေါ့။

"ဟင်"





နှောင်ကြိုး ကိုယ်လေးမတ်ခနဲ ဖြစ်သွားသည်။ ရှေ့မှာ ဝသန် ...သော။

"ကိုကြီး"

"......."

"ကိုကြီး"

"ဟင်"

"ကား ခဏလောက် ရပ်ပေးပါ"

"ဘာ လုပ်မလို့လဲ"

"ရှေ့မှာ ဝသန်။ နှောင်ကြိုး သူ့ကိုနှုတ်ဆက်ချင်လို့ပါ။ ခဏ ...ပါပဲ ရပ်ပေးပါနော်"

"ငါ အရေးကြီးနေတယ်။ ဘာမှ နှုတ်ဆက်စရာမလိုဘူး။ ...ဆက်လုံး ခွဲခွာသွားမှာ ကျနေတာပဲ။ နင်သေရာ သွားတာမဟုတ် ...ဘူး အဲဒီတွေ လုပ်မနေနဲ့"

"ခဏလေးပါ ကိုကြီးရဲ့"

နှောင်ကြိုး ပြောနေပေမယ့် ကားကလုံးဝ ရပ်မည့်ပုံမပေါ်ပေ။ ...ကြောင့် နှောင်ကြိုးက ကားမှန်ကို ကပျာကသီ ချလိုက်တုန်းမှာပဲ ... ဝသန်တို့အနားကို ရောက်လုနီးပြီ။

"ဝသန်"



www.burmeseclassic.com

www.burmeseclassic.com



ကားမှန်အကျမှာ ခေါင်းလေးပြူ၍ လက်ကလေး ထု
ကာ . . .

"ဝသန်"

"ဟင်"

ဝသန် ခေါ်သံကြောင့် အသံလာရာဆီကို ကမန်းကတ
ကြည့်လိုက်တော့ ကားပေါ်ကနေ ခေါ်ရင်း လက်ကလေးပြနေ
နောင်ကြီးပါ။

"နောင်ကြီး"

"ဝသန်"

"နောင်ကြီး"

ဝသန် ကားနောက်သို့ ပြေးလိုက်သွားမိ၏။

"ဝသန် ငါသွားပြီနော်။ ငါပြန်လာမယ် သိလား"

"နောင်ကြီး"

"ဝသန်"

ကားက အရှိန်မြင့်သွားပြီမို့ ဝသန်လိုက်လို့မမီတော
ထို့ကြောင့် ပြေးနေတဲ့ ခြေလှမ်းတွေကို ရပ်လိုက်ပြီး . . .

"နောင်ကြီး . . . ဟာကွာ"

လေကိုပဲ ခြေထောက်နှင့်ကန်ပြီး စိတ်ဖြေလိုက်ရ



ခြေပေမယ့် မပြေနိုင်ခြင်းတွေက မျက်ဝန်းမှာ မျက်ရည်စို့စို့ပေါ့။ ကား ပေါ်မှာပါသွားတဲ့ နောင်ကြီးမှာလည်း ဝသန်အရိပ်ကို မကွယ်ပျောက် သည်အထိ နောက်လှည့်ကြည့်ရင်း မျက်ရည်တွေနှင့်သာ . . .။

● ● ●

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ဒေါ်ဦး"

"လာပြီ"

"ဒေါ်ဦး ယောက်ျားကိုပါ ခေါ်လာခဲ့နော်"

ကိုကြီးရှိန်ဝါ နောက်မှလိုက်လာရင်း နောင်ကြိုး မြင်မြင်သ… တို့ကို လိုက်ကြည့်နေမိသည်။ မြို့ကလည်း အကျယ်ကြီး။ တိုက်ကြ… ကလည်း ဟီးထနေတာပါပဲ။ အင်း . . . ဆင်မမြင်ဖူးတော့ ကျွဲကိုအ… ဆုံးထင်တာမျိုးပေါ့လေ။ မြို့ကြီးက ဘယ်လောက်ကျယ်ကျယ် တို… ကြီးက ဘယ်လောက်ပဲ ကြီးကြီး နောင်ကြိုး စိတ်ထဲမှာတော့ မှုန်… နေမိသည်။

ပျော်ရာမှာ မနေရ တော်ရာမှာ နေရတဲ့။ ဒီစကားကို မှ… သားထားဖို့ ဘယ်ပညာရှိကများ စည်းကမ်းချမှတ်ခဲ့ပါလိမ့်။





"နောင်ကြိုး"

"ရှင်"

"ထိုင်လေ"

"ဟုတ်ကဲ့"

နောင်ကြိုး ထိုင်လိုက်ရင်းပဲ ငိုချင်စိတ်ကို မနည်းထိန်းထား…။ အဆောင်အယောင် ပကာသနတွေနဲ့ ထုံမွှန်းထားတဲ့ ဟောဒီ …ကြီးမှာရှိရှိသမျှ အရာအားလုံးက နောင်ကြိုးကို ပြုံးပြပြီး ခြောက် …နေသလိုပါပဲ။ သံယောဇဉ်တွေ မရှိတဲ့ ဒီနေရာက နောင်ကြိုး …တွက်တော့ သုသာန်တစပြင်လိုပါ။

"ဘာသောက်မလဲ။ အပူသောက်မလား။ အအေး သောက် …လား"

"ဘာမှ မသောက်ချင်ပါဘူး"

"တစ်ခုခုတော့ သောက်လေ။ အမောပြေပေါ့"

"ဟင့်အင်း . . . တကယ်ဘာမှ မသောက်ချင်လို့ပါ"

သူတို့ပြောနေတုန်းမှာပဲ ဦးခင်မောင်နှင့် ဒေါ်ဦးတို့ရောက် …ပြီး မတ်တတ်ရပ်နေကြစဉ် . . .

"ဒေါ်ဦး"

"ပြောပါ မောင်ရှိန်ဝါ"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က အခန်းရှင်းခိုင်းထားတာ ရှင်းပြီးပြီမို့လား"

"ရှင်းပြီးပါပြီ"

"ရှင်းပြီးရင် သူ့ကိုလိုက်ပို့လိုက်နော်။ ဪ . . . တစ်ခါတည်း မိတ်ဆက်ပေးရဦးမယ်။ သူက မနေ့က ကျွန်တော်ပြောပြထားတဲ့ နှောင်ကြိုးခင်ခင် ဆိုတာပေါ့။ သူကျောင်းတက်ရင် ဦးခင်မောင်က အကြိုအပို့ လုပ်ပေးရမယ်။ သူသွားချင်တဲ့နေရာရှိရင် လိုက်ပို့ပေးလိုက်။ ဒါပေမယ့် ကျွန်တော် မသိဘဲနဲ့တော့ သူသွားချင်တိုင်း လိုက်ပို့ခွင့်မရှိဘူးနော်"

"ဟုတ်ကဲ့ပါ မောင်ရှိန်ဝါ"

နှောင်ကြိုး နှုတ်ခမ်းလေး မသိမသာ မဲ့သွားမိသည်။ ခေါ်တော့ မောင်ရှိန်ဝါတဲ့။ ပြောရတော့ ဟုတ်ကဲ့ ငွေမျက်နှာများ တော်တော်ကြီး ပါလား။ တကယ်ဆို ကိုယ့်သားလောက် ကလေးပဲလေ။ ဟုတ်ကဲ့ ပြောနေရသလား။ ချမ်းသာတဲ့လူတွေများ ဒီလိုအရိုအသေပေး အလေး ထားခံချင်လို့များ ငွေကိုလောဘဇောတိုက်ပြီး ရှာနေကြသလား မသိ ပါဘူး။

လူချင်းအတူတူပဲ ဥစ္စာ။ သူကရော ဘာလို့ မိရွယ်ဖရွယ် တွေကို အရိုအသေပြုခိုင်းနေရတာလဲ။ ကြည့်ပါဦး။ စကားပြောတာ တောင် မထိုင်ခိုင်းဘဲ မတ်တတ်တွေ . . .။

"နှောင်ကြိုး"

"ရှင်"





"နင်လည်းမှတ်ထား။ သူက မြဲစောင့် ဦးခင်မောင်။ သူက ...ချက် ဒေါ်ဦး။ သူတို့နှစ်ယောက်က လင်မယား"

"ဟုတ်ကဲ့"

နှောင်ကြိုး ပြုံးပြလိုက်တော့ သူတို့ခမျာ နှောင်ကြိုးကို ပြန် ...ရတာပင် မရဲတရဲ ပုံစံနှင့်ပါ။ ကိုကြီးက ဘယ်လိုစည်းကမ်းစည်း ...တွေ ချမှတ်ထားလို့လဲ။

"ကဲ . . . ဦးခင်မောင်က သွားလို့ရပြီ"

"ဟုတ်ကဲ့"

ဦးခင်မောင် ထွက်သွားလေတော့ . . .

"ဒေါ်ဦး"

"ဟုတ်"

"သူ့ကိုလိုက်ပို့လိုက်တော့။ ကျွန်တော် အခုပဲ အလုပ်ကိုစွ ...သွားရဦးမှာ"

"ဟုတ်ကဲ့"

"နှောင်ကြိုး လိုအပ်တာရှိရင် ဒေါ်ဦးကိုပြော ကြားလား။ ... အားမနာနဲ့"

နှောင်ကြိုး ခေါင်းညိတ်ပြလိုက်မိ၏။ မဖြစ်မနေ နေရတော့ ...လေ။ အဆင်ပြေအောင်တော့ ဆက်ဆံရမှာပေါ့။ ဘုန်းရှိန်ဝါ ကား ...ကို ကောက်ယူပြီး ထွက်သွားပြီးနောက် . . .



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"ရှင်"

"လာ . . . . . ဒေါ်ဦးနဲ့လိုက်ခဲ့"

"အပေါ်ထပ်ကိုလား"

"ဟုတ်ကဲ့"

ကိုယ့်အမေလောက်က ကိုယ့်ကို ဟုတ်ကဲ့ပြောတာ နှောင်းကြိုးနားထဲမှာတော့ ခါးနေသလိုလိုပါ။ ဒါကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး . . .

"ဒေါ်ဦး"

"ရှင်"

"နှောင်းကြိုးခေါ်ရင် အဲဒီလို မထူးပါနဲ့နော်။ ပြီးတော့ ဟုတ်ကဲ့လို့လည်း မပြောပါနဲ့။ နှောင်းကြိုးကို ဒေါ်ဦးရဲ့ သမီးတစ်ယောက် တူမတစ်ယောက်လိုပဲ ဆက်ဆံပါ။ နှောင်းကြိုးက ဒေါ်ဦးတို့နဲ့ အဆင့်အတန်းချင်း လည်ပယ်ပါပဲ"

"မဟုတ်သေးဘူးလေ ကလေးရဲ့ . . . . ကလေးက မောင်နှံပါရဲ့"

"ဘယ်လိုပဲ တော်စပ်တော်စပ် နှောင်းကြိုးက သူ့မှမဟုတ်တာ ပြီးတော့ နှောင်းကြိုးက ဘယ်လိုအဆင့်အတန်းမြင့်မြင့်မှာပဲ ရှိနေရှိနေ မိတ်ဆွေစိတ်ပဲ ရှိတယ်။ သခင်စိတ် မရှိဘူး။ အဲဒါကြောင့် သူ့ကိုရိုသေသလို နှောင်းကြိုးကိုလုပ်ဖို့ မလိုဘူးနော်"





"ဟုတ်ကဲ့၊ အဲလေ . . . အေး . . . အေးပါ။ အဲဒီလို စိတ်ထားတတ်တာ ကောင်းပါတယ်ကွယ်။ ကဲ . . . လာ . . . လာ"

နှောင်းကြိုး ဒေါ်ဦးနှင့်အတူ အပေါ်ထပ်သို့ တက်လာခဲ့၏။ သူမနေရမယ့်အခန်းကို ရောက်တော့ နှောင်းကြိုးအတွက် ဘာလိုအပ်သေးသလဲမေးတော့ ဘာမှမလိုအပ်ဘူးလေ။ ကိုယ့်အိမ်မှာ ဒီလောက်မှမပြည့်စုံပဲ ဥစ္စာ။ အခုက ကိုယ့်အိမ်ထက် အစစအရာရာ သာနေတာပဲလေ။

ဒါပေမယ့် . . . နှောင်းကြိုး စိတ်ချမ်းသာပြီး ပျော်နေလိမ့်မယ်လို့ထင်သလား။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ခေါက် . . . ခေါက်"

"နှောင်ကြိုး"

"ခေါက် . . . ခေါက်"

"နှောင်ကြိုး"

"ဝင်လာခဲ့ ဒေါ်ဦး။ ဒီမှာ နှောင်ကြိုး သနပ်ခါးလိမ်းနေလို့"

နှောင်ကြိုး ပြောလိုက်တာကြောင့် ဒေါ်ဦးတံခါးကို တွန်း၍ ဝင်လာခဲ့သည်။ သနပ်ခါး လိမ်းနေတဲ့ နှောင်ကြိုးက တစ်ချက်ပြန်၍ ကြည့်ပြီး မှန်ဘက်သို့ပြန်လှည့်သွားလေ၏။ သနပ်ခါးလိမ်းတာက အပြီးသတ်ထင်ပါရဲ့။ အခုတော့ ဘီးကိုယူပြီး ခေါင်းဖြီးနေသည်။ နှောင်ကြိုးက ရုပ်လည်းလှ၊ စိတ်လည်းလှတဲ့ သူလေးပေါ့။

"ဒေါ်ဦး နှောင်ကြိုးကို ဘာပြောစရာရှိလို့လဲ"



"သနပ်ခါးလိမ်းလို့ ပြီးပြီလား ကလေး"

"ဟုတ် . . . ပြီးပါပြီ"

"မောင်ရှိန်ဝါက ကော်ဖီသောက်ဖို့ စောင့်နေတယ်။ နှောင်ကြိုးကိုသွားခေါ်ချေဆိုလို့ လာခေါ်တာပါ"

"ပြီးပြီ . . . သွားမယ်လေ"

နှောင်ကြိုး ဘီးကိုချပြီး ထွက်လာခဲ့ခြင်းမှာ ပခုံးတွေကို ဟိုခါဒီခါ။ ဆံပင်တွေကျွတ်ရင် ကပ်နေမှာစိုးလို့လေ။ အိမ်မှာဆိုရင် တစ်ခါတစ်လေ ပခုံးမှာဆံပင်ကျွတ်ပြီး ကပ်ပါလာရင်း ထမင်းစားတဲ့အခါ သူ့လို့ကတော့ ဝသန်ပြောနေကျ စကားနှစ်ခွန်းရှိသည်။

နှောင်ကြိုးကို စုန်းမတဲ့။ သူ အဲဒီလိုပြောတိုင်း နှောင်ကြိုးကလည်း ပြန်ပြောတတ်ခဲ့သည်လေ။ ငါသာ စုန်းတတ်ရင် နင့်ကိုအရင်ဆုံးသတ်မယ်လို့။

"လာထိုင်"

နှောင်ကြိုး ကိုကြီးနှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပြီး–

"ကိုကြီးကလဲ ဘာလို့နှောင်ကြိုးကို စောင့်နေရတာလဲ။ ဝမ်းနှင်းဆုံတာမှ မဟုတ်တာ သောက်နှင့်ရောပေါ့"

"ဘာ . . ."

ဘာ . . . ဆိုပြီး မျက်မှောင်ကြုတ်ကြည့်လိုက်တဲ့ အကြည့်ကြောင့် နှောင်ကြိုး ချက်ခြင်းပဲ အကြည့်လွှဲပစ်လိုက်မိ၏။ နှောင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးပြောတာ ဘာများမှားလို့လဲ။ တစ်ယောက်နဲ့တစ်ယောက် ဝမ်းချင်းဆုံကြတာမှ မဟုတ်ဘဲလေ၊ အိမ်မှာဆိုရင် အလုပ်နားရက်လောက်ပဲ မိသားစု စုံစုံလင်လင် ထမင်းတစ်ဝိုင်းတည်း အတူတူစားကြရတာ။

ညစာ စားတဲ့အခါဆို လူစုံတဲ့အခါလည်းစုံ၊ မစုံတဲ့အခါလည်း မစုံဘူးပေါ့။ အိမ်မှာမိသားစု စုံစုံလင်လင်နဲ့ အတူတူ ထမင်းစားချင်တာက တစ်မျိုးလေ။ အခု သူနဲ့ကိုယ်က ခပ်စိမ်းစိမ်းပဲ ညွှာ။

"ဝမ်းချင်းမဆုံတာတော့ ငါလည်း သိတာပေါ့။ အခု ငါစောင့်နေတာ လူချင်းဆုံချင်လို့ ရှင်းလား"

ပြောပြီး ကော်ဖီကို ငုံ့သောက်လိုက်ပြီးမှ . . .

"ကော်ဖီသောက်ပြီးရင် အဝတ်သွားလဲ။ ပြီးရင် ငါနဲ့လိုက်ခဲ့ရမယ်"

"ဘယ်ကိုလဲဟင်"

"နှင့်အတွက် အဝတ်အစား ဝယ်ရင်းနဲ့ နှင့်ပုံစံကို ပြောင်းပေးမလို့"

"ဟင်"

"အရင်ဆုံး ရှည်လျားဖွေပြားတဲ့ ဆံပင်တွေကို အရင်ညှပ်ပြီးကောက်ပစ်ရမယ်"

"ရှင်"

နှောင်ကြိုး ကိုယ်လေးတောင့်ခနဲ ဖြစ်သွားတယ်။ နှောင်ကြိုး





ဆံပင်တွေက တင်ပါးအောက်မှ တဝဲဝဲနှင့်လေ၊ မိန်းကလေးဆိုတာ ဆံပင်အရှည်နဲ့ သနပ်ခါးပါးကွက်ကျားကလေးနဲ့မှ လိုက်ဖက်တာတဲ့။ သန်ပြောခဲ့တဲ့ စကားပါ။ အဖေ ဆိုရင်လည်း နှောင်ကြိုး ဆံပင်တွေကိုကိုင်ပြီး ခဏခဏ နမ်းရှုံ့မှုသည်ခလေ။

ပြီးတော့ သမီးဆံပင်တွေ ဖြတ်မပစ်ရဘူးနော်တဲ့။ အခု သူက ဒီဆံပင်တွေကို ဖြတ်ကောက်ရမယ်တဲ့။

"ဆံပင်တွေတော့ နှောင်ကြိုး မဖြတ်ပါရစေနဲ့ ကိုကြီးရယ်နော်။ ဒီဆံပင်တွေကလေ . . ."

"နှောင်ကြိုး"

"ရှင်"

"နှင် ခေတ်လူငယ်ဖြစ်ပြီး ဘာလို့ဦးနှောက်က ဒိတ်အောက်နေတာလဲ။ အခု လက်ရှိအခြေအနေမှာ၊ နှင်က "ရှိန်ဝါ" ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဘုန်းရှိန်ဝါရဲ့ ညီမနော်။ ကာလဒေသနဲ့အလိုက် သင့်တတ်စားတတ်နေတတ်ဖို့ လိုတယ်"

မနေဘူးဆိုရင် အိမ်ပြန်ဖို့မှာလား။ အိမ်ကိုပြန်ပို့ပေးပါလို့ ပြောချင်လိုက်တာ။

"အဝတ်လဲပြီးရင် လာခဲ့။ ငါ ကားပေါ်ကစောင့်နေမယ်"

ပြောပြီးထသွားတဲ့ ကိုကြီးနောက်ကျောကိုကြည့်ပြီး၊ နှောင်ကြိုး ငိုချင်မိသွားတယ်။ ဆံပင်တွေ တကယ်ဖြတ်ရတော့မှာလား။ ကိုယ့်ဆံပင်ကိုယ်ကိုင်ကြည့်မိပြီး နှမြောလိုက်တာ၊ အမေရယ်၊ ဘယ်လိုစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကူးနဲ့ နောင်ကြီးဘာဝ ဘယ်လိုမြင့်မားလာစေချင်လို့ သူနဲ့ထည့်လို[illegible] တာလဲ။ ခုမှတော့ မထူးတော့ပါဘူးလေ။

သူများစိတ်နဲ့ ကိုယ့်ကိုယ်။ ကိုယ့်ဆန္ဒထက် သူတို့ကြိုက်[illegible] ရာကိုပဲ ကရတော့မှာပေါ့။ ဒါကြောင့် အဝတ်လဲပြီး ကိုကြီးနဲ့အ[illegible] လိုက်ခဲ့ရတော့၏။ အဝတ်အစားတွေအရင် ဝယ်ပြီးမှ အလှပြင်ဆိုင်[illegible] ရောက်ခဲ့ကြစဉ် ဆံပင်ဖြတ်ကာနီးမှာ . . .

"ဟိုလေ . . . ဆံပင်ဖြတ်ပြီးရင် အဲဒီ ဆံပင်တွေ နောင်[illegible] ကိုပြန်ပေးပါနော်"

"ဘာလဲ . . . ရောင်းစားမလို့လား ညီမရဲ့။ အဲဒီလော[illegible] ကပ်စေးနည်းမနေစမ်းပါနဲ့ ညီမရယ်။ ဒီဆံပင်တွေ ရောင်းလို့[illegible] လောက်ရမှာမို့လို့လဲ။ အခု ညီမဝတ်ထားတဲ့ အင်္ကျီတစ်ထည်ဖိုး[illegible] မရှိတာကိုးကွယ်"

"မဟုတ်ပါဘူး။ နောင်ကြီး ရောင်းစားဖို့ ပြန်တောင်း[illegible] မဟုတ်ပါဘူးရှင်"

"ဒါဆို ဘာလုပ်ဖို့လဲ ညီမရဲ့"

"နောင်ကြီး သိမ်းထားချင်လို့ပါ"

"ဩော် . . ."

နောင်ကြီး ဆံပင်တွေကို ဖြတ်ပြီးတော့ သူတို့ကပြ[illegible] ကြသည်လေ။ ဒါကို နောင်ကြီးလက်ထဲမှာ မြင်တော့ . . .

"အဲဒါ ဘာလုပ်ဖို့လဲ"





"နောင်ကြီး လိုချင်လို့ ပြန်တောင်းထားတာပါ"

"ရှုပ်ပါ့"

နောင်ကြီး ရှုတယ်ဆိုလည်း ရှုတယ်ပဲထားလိုက်ပါတော့လေ။ အခုအချိန်မှာ နောင်ကြီးက သူလိုရာ ဇာတ်ဆောင်ခံနေရတဲ့ ပန်းပုရုပ်ကလေးပါ။

ထားနဲ့ . .

နင် ဖြတ်နိုးတဲ့ ပေါ့အီဆံပင်တွေကို ငါ . . . နင့်ဆီကို အရောက်ပို့ပေးပါရစေ။

"နောင်ကြီး နင် ဆံပင်တွေကို မဖြတ်ရဘူးနော်"

"ဘာဖြစ်လို့လဲ။ အဲဒါက ငါ့သမိုင်းပါ။ ငါ့ခေါင်းက ဆံပင်ငါပိုင်တယ်။ ဖြတ်ချင်ဖြတ်မယ်၊ ကောက်ချင်ကောက်မယ်ပေါ့။ နင်နဲ့ဘာဆိုင်လဲ"

"ဖြတ်ရဲဖြတ်ကြည့်"

"ဘာလုပ်မှာလဲ"

"နားရင်း အုပ်မှာ"

"အမယ် အုပ်ရဲအုပ်ကြည့်ပါလား။ သူကပဲ ငါ့အဖေ ကျနေသာဲ"

အဲဒီတုန်းက နောင်ကြီး သူ့ကိုတစ်ခွန်းမကျန် ပြန်ပြောခဲ့တာသာ။ ဒါပေမယ့် ရင်ထဲမှာတော့ သေနဲ့စကားကို နာခံဖို့ ဆုံးဖြတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပါ။ အခုတော့ ဒီဆံပင်တွေကို ငါနမြောစွာနဲ့ပဲ ဖြတ်လိုက်ရပြီ ထင်နိုးယ်. . .။

"မိန်းကလေးဆိုတာ ဆံပင်ရှည်ရှည်၊ သနပ်ခါး ပါးကွက် ကလေးနဲ့မှ ယဉ်တာ နောင်ကြီးရဲ့"

"ဟုတ်လား"

"ဘာ. . . ဟုတ်လားလဲ။ ငါ့ကိုမရွဲ့နဲ့"

"မရွဲ့ပါဘူး တည့်တည့်ပဲ ထိုင်နေတာကို"

"ငါ ထုထည့်လိုက်ရ ပုဝင်သွားတော့မယ်။ အကောင်းပြော နေတာကို"

"ပြော်. . ."

ဝသန်က လက်သီးဆုပ်နှင့် ရွယ်လေတော့ နောင်ကြီး ဖင် ကလေးပုပြီး လျှာတစ်လစ်နှင့် ပြောင်စပ်စပ်လုပ်ပြလေသည်။ ပြော် ဆိုတာကိုပဲ ဆက်၍. . .

"ဘာလို့ ပြော်တာလဲ"

"အော်ချင်လို့ အော်တာပေါ့။ ပဲပြုတ်ဗျို့"

"မဝယ်သေးဘူး"

"ဒါဆို သတင်းစာ အဟောင်းတွေဝယ်တယ်။ ရေသန့်ဗူး ခွံတွေဝယ်တယ်။ ဒန်အိုးဒန်ခွက်ပေါက်တွေ ဝယ်တယ်။ ပုလင်းခွံတွေ ဝယ်တယ်"



နောင်ကြီး နှုတ်ခမ်းဘေးမှာ လက်ဝါးလေး နှစ်ဘက်ခုံးပြီး အော်လေတော့ ဝသန်ကရယ်ကာ. . .

"ဘာမှ ရောင်းစရာမရှိလို့ မရောင်းသေးပါဘူး ခင်ဗျာ"

မြင်ယောင်၊ ကြားယောင်မိတော့ နောင်ကြီး ရင်ထဲမှာ မချိ အောင်ပါပဲ။ ငိုချင်လို့မှ လွတ်လွတ်လပ်လပ် ငိုခွင့်မရှိ။ မင်းဝသန်ဆို ဘာရှိနေတော့ ငိုချင်တောင် ဘာလို့ငိုတာလဲမေးရင် အဖေနဲ့အမေ့ကို သတိရလို့ဆိုတဲ့ အဖြေက လုံလောက်မှုရှိချင်မှ ရှိမှာပဲလေ။

ထင်နိုးယ်. . .

နင်မြတ်နိုးတန်ဖိုးထားတဲ့ ဆံပင်တွေကို ငါဖြတ်ပစ်လိုက်ရပြီ သိလား။ အဲဒီအတွက် ငါ့ကို ခွင့်မလွှတ်ပါနဲ့ဟာ။ ငါလည်း ဝဋ်ကြွေး ကျေဖို့ ခံနေရတာပဲ ဖြစ်မှာပါ။

● ● ●

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ဝသန် အလုပ်ကို လုပ်လို့သာလုပ်နေရပေမယ့် နောင်ကြ ကိုမေ့လို့မရပေ။ မေ့နိုင်ပါ့မလားလေ။ ငယ်ငယ်လေးကတည်းက အ သွား၊ အတူလာ၊ အတူစားခဲ့ကြပြီး ခုမှခွဲခွာရတယ်ဆိုတော့ သတိမေ ရှိပါ့မလား။ အရမ်း သတိရတယ် နောင်ကြိုးရယ်။

သူငယ်ချင်းလည်း မမယ်၊ မောင်နှမလည်း မဟုတ်တဲ့ တို့အဖြစ်က ကိုယ့်ရင်တွင်းက ဝေဒနာကိုပင် အဖြေရှာလို့မရ အဖြစ်ပေါ့လေ။

"ဝသန်"

"………"

"ဟေ့ကောင်. . . ဝသန်"

"ဟင်"



ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လှမ်းလာတဲ့ ခြေထောက် သွက နောက်မှခေါ်သံကြားလို့ သမင်လည်ပြန် ကြည့်လိုက်တော့ ကိုခေါ်နေတာ သစ်ထူးပါ။

"မင်းကလည်း ခေါ်လိုက်ရတာကွာ။ ဘာတွေများ ဒီလောက် ောင် တွေးလာလို့ မကြားရတာလဲ"

"ဒီလိုပါပဲ"

"ဘာ. . . ဒီလိုပါပဲလဲ။ မင်းအကြောင်း ငါသိတယ်နော်ဟေ့ ကောင်"

"မင်းက ဘာသိတာလဲ"

သစ်ထူးက ဟွန့်ခနဲ အသံထွက်အောင် ရယ်လိုက်ပြီး. . .

"မင်းနဲ့ငါ ရန်ဖြစ်ပြီး အရှုပ်ထဲရောက်ခဲ့ကြတာ မှတ်မိသေး "

"မှတ်မိတာပေါ့။ ဘာဖြစ်လို့လဲ"

"နောက်ဆုံးတော့ တို့တွေရန်ဖြစ်ရတာပဲ အဖတ်တင်တယ် ။ အခုတော့ နောင်ကြိုးကို ကြားကာဝင်ဆွဲသွားတာပဲ မဟုတ် လား။ အခုဆိုရင် နောင်ကြိုးက သူတို့တက်တဲ့ မေဂျာမှာကွင်းတဲ့။ ပြီး ထုဆစ်ထားတော အရင်က ရိုးရိုးယဉ်ယဉ် နောင်ကြိုးပုံစံ တော့ဘူးတဲ့လေ"

"ဒါကတော့ ဘူ^ကျောင်းနေရင် သူ့စာပဲ ဖတ်ရမှာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ။ တတတ်ရဲ့သားနဲ့ အဖတ်မကျွမ်းလို့ အဆင့်ပြုတ်ကျ ကျန်ခဲ့တာ မင်းနဲ့ငါပေါ့"

အဲဒီစကားက ဘာလဲ။ ဝသန် နားမလည်စွာနဲ့ပဲ သစ်ထူးကို ကြည့်လိုက်မိသည်။ သူကတော့ သူ့စကားအဓိပ္ပာယ်ကို သူသိနေမှာပေါ့။ မင်းနဲ့ငါ . . . မင်းနဲ့ငါနဲ့အဖြစ်ချင်း တူသလိုလို ပြောနေတာ တကယ်ရော အဖြစ်ချင်းတူလို့လား။ သူ . . . နှောင်ကြိုးကို ချစ်တဲ့ အချစ်တွေက ရယူပိုင်ဆိုင်လိုခြင်းတွေ ရှိနေမှာပါ။

ကိုယ်ကတော့ . . . ကိုယ့်ကိုယ်ကိုတောင် ဘာသာမပြန်တတ်ပါဘူး။ နှောင်ကြိုးနဲ့ ပတ်သက်ပြီး ဖြည့်ဆည်းလိုခြင်းတွေ ရှိသလို ပေးဆပ်ရမယ်ဆိုရင်လည်း ပေးဆပ်နိုင်သည်။ စေးရမှာကြောက်သလို အဆုံးအရှုံး မခံနိုင်ခြင်းတွေတစ်ဖက်နဲ့ ရနိုင်မယ်ဆိုရင်လည်း လိုချင်တာမျိုးပေါ့။

သူငယ်ချင်းတွေကတော့ ၁၅၀၀ သော အချစ်ဟုသတ်မှတ်ပေးကြလေသည်။

"ဝသန်"

"ဟင်"

"မင်းက ကြိုးစားမယ်ဆို ကြိုးစားလို့ရတယ်ကွ သိလား နှောင်ကြိုးက မင်းအပေါ် ဘယ်လောက်သံယောဇဉ် ရှိတယ်ဆိုတာ အားလုံးက သိနေတာပဲ ဥစ္စာ"

"ငါက ဘာကို ကြိုးစားရမှာလဲ"





"နှောင်ကြိုးကို ရယူပိုင်ဆိုင်ဖို့ နီးစပ်တာကို ပြောတာလေ"

"နှောင်ကြိုးနဲ့ ငါက မောင်နှမပဲ ဥစ္စာ။ မင်းဘာတွေ လာပြောနေတာလဲ"

သစ်ထူးက ဝသန့် ပခုံးကိုဖျတ်ခနဲ ပုတ်လိုက်ပြီး . . .

"လုပ်မနေစမ်းပါနဲ့ ဝသန်ရာ။ မင်းဟန်ဆောင်- အရေခွံခြုံထားလည်း ထန်းလက်ကြွေသံကြားပြီး မော့ကြည့်လိုက်တာနဲ့ ညောင်ပင်မျိုထားတဲ့ ထန်းပင်မှန်း သိသာပါတယ်။ မင်းတို့က မောင်နှမ အရင်းမှမဟုတ်တာ"

"အဲဒါ ကိုယ့်စိတ်က အဓိကပါ"

"မင်းစိတ်ကိုပဲ သိတယ်ဆိုရင်ရောကွာ"

ဝသန် ဆက်မပြောချင်တော့ပါဘူး။ အရင်ကတည်းက ရှပ်ကွက်ထဲမှာ ဝသန်နဲ့ နှောင်ကြိုးအကြောင်း သို့လောသို့လော ပြောနေကြတာပဲလေ။ အခုကျတော့ တစ်မျိုးပြောကြပြန်ပါရော။ အမေက ဝသန်နဲ့ နှောင်ကြိုး ညားမှာစိုးလို့ မွေးစားသားချင်း အတူတူ ချမ်းသာတဲ့ ဘုန်းရှိန်ဝါလက်ထဲကို အပ်ပြီးခွဲလိုက်တာတဲ့။

မဟုတ်လည်း ဟုတ်သလိုပဲ ဖြစ်နေတာလေ။ ကိုယ်တွေရဲ့ စိတ်ကို ပတ်ဝန်းကျင်က အရောင်ဆိုးတာလို့ပဲ ပြောရမလား။ အစက နီးသားခဲ့ပေမယ့် ခုနောက်ပိုင်းမှာ . . .

"ဒေါ်ခင်ခင်ကတော့ သူ့သမီးဘဝအဲဆင့်အတန်း မြင့်သွားပြီ။ ဘုန်းရှိန်ဝါနဲ့ပဲ ဘာလိုလို တစ်နေ့ဖြစ်မလိုနဲ့ တွေ့သမျှလူကို ကြွားနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမေက အဲဒီလို မဟုတ်ပါဘူးကွာ။ သူ့သားကြီးက သူညီမ ကိုလာခေါ်တယ်လို့ပဲ ပြောတာပါ"

"ဘာထူးသေးလဲကွာ။ အဲဒီ သားကြီးဆိုတဲ့ လူကလည်း သူတို့သား အရင်းမှမဟုတ်တာ။ ဘုန်းရှိန်ဝါနဲ့နေမှ သူ့သမီးအဆင့် အတန်းမြင့်မြင့် လင်ကောင်းသားကောင်း ရမယ်ဆိုတာက ဘာလဲ မဟုတ်လည်း တွေးစရာဖြစ်နေတာပဲဥစ္စာ"

"ကျွတ်"

ဝသန် စိတ်ပျက်စွာ ခေါင်းကဆံပင်တွေကို လက်ချောင်းများ နှင့်ထိုးမွလိုက်မိ၏။ လူတွေများ ခက်တာပဲ။ သူများအကြောင်း ဝေဖန် စပ်စုရမှ စားဝင်အိပ်ပျော်ရှိကြသလား မသိပါဘူး။

"မင်းပြောချင်တာ ဒါပဲမို့လား"

"ပြောချင်တာတွေတော့ အများကြီးပဲ။ ငါလည်း နှောင်ကြိုး ကို လွမ်းနေတာကွ"

"အဲဒီမှာ လဲသေလိုက်"

ပြောပြီး ဝသန်ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလာခဲ့တော့ ၏။ သစ်ထူးလည်း သူ့အိမ်ရှေ့ရောက်လာပြီမို့ ဝင်သွားလေပြီ။ ကိုယ် ချင်းစာပါတယ်။ သစ်ထူးကိုပေါ့လေ။ သူလည်း နှောင်ကြိုးကို တကယ် ချစ်တာပဲ ဖြစ်မှာပါ။ ဝသန်လည်း ကိုယ့်အိမ်ကိုရောက်တော့ . . .

"တိုးတိုးပြောစမ်းပါကွာ။ ငါ နားမပင်းပါဘူး။ တိုးတိုးပြော လည်း ဒီစကားပါပဲ။ အရင်က မင်း အဲဒီလောက် မကျယ်ပါဘူး။ အခု ဘာဖြစ်နေတာလဲ။ သေးအိမ်တွေ ကြားကုန်ပါဦးမယ်"



"ကြားတော့ ဘာဖြစ်လဲ။ ကိုယ့်အိမ်အကြောင်း ကိုယ်ပြော နေတာ သူများအကြောင်း ပြောနေတာမှမဟုတ်တာ။ သမီးဆံပင် ဖြတ် ပြီးတောက်တာ ဘာဖြစ်လဲ။ သူ့ခေတ်နဲ့သူ့အခါ သူ့အစ်ကိုက အဆင့် အတန်းမြင့်မြင့် သူ့ပတ်ဝန်းကျင်နဲ့ တင့်တယ်အောင် ပြုပြင်ပေးတဲ့ သူ။ ဒါကိုပဲ ရှင်က အပြစ်တင်ခုလို ပြောနေတာလေ"

"အစ်ကို ဆိုပေမယ့် သူလည်း မွေးစားသားပဲလေ။ အခု ပတ်ဝန်းကျင်က မင်းကို ဘာပြောနေကြလဲ သိလား"

"အို . . . ဘယ်သူတွေ ဘာပဲပြောပြော ပတ်ဝန်းကျင်ကို ကျွန်မ ဂရုမစိုက်ဘူး။ အဲဒီ ပတ်ဝန်းကျင်က ကျွန်မတို့ကို ထမင်းကျွေး ထားတာမှ မဟုတ်ဘဲရှင်။ ပြောချင်တာပြောကြပစေ။ အဲဒီပြောတဲ့ ပါးစပ်တွေ ပေါသွားရင် ပိတ်သွားကြလိမ့်မယ်"

"ကျွတ်"

ပြောရခက်လိုက်တာ။ ခင်ခင် သူ့သမီးအရွယ်ရောက်လာ ကတည်းက ဘာလို့စိတ်ပြောင်းသွားတယ် မသိပါဘူး။ အတွေ့တွေကြီး ဆိုသတွေ ထွက်နေတတ်တာ။ ပတ်ဝန်းကျင်တောင် ပြောနေကြပြီ လေ။ ခင်ခင်က အရင်လိုမဟုတ်တော့ဘူးတဲ့။ ဘုန်းရှိန်ဝါ ချမ်းသာတာ ကိုယ်နဲ့မဆိုင်ဘဲ စိန်နားကပ်ရောင်နဲ့ ပါးပြောင်နေတာလား မသိဘူး တဲ့လေ။

ပြီးတော့ . . . သမီးကို ဘုန်းရှိန်ဝါနဲ့ ထည့်လိုက်တာ ခင်ခင် ဘဲ နီးစပ်စေချင်လို့ သားမက်ဖမ်းသလိုမျိုးတွေ။ ဒီလိုစကားတွေ သူမ ကြားဘူးလား။ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါတစ်ခုတော့ မေးပါရစေ ခင်ခင်"

"ဘာလဲ"

"မင်းစိတ်ထဲမှာ ပတ်ဝန်းကျင်က ပြောသလိုများ ရှိနိုင်ကို

စကားကို ဖြတ်ထားလိုက်ပေမယ့် ဒေါ်ခင်ခင် သိပါသည်။ ဒါကြောင့် မျက်စောင်းထိုးလိုက်ရင်း . . .

"ရှင်းရှင်းပြောရရင် သူတို့ပြောသလို မဟုတ်ပေမယ့် ရှိနိုင် ဘက်က ဖြစ်ချင်တယ် တောင်းဆိုလာရင် ကျွန်မ လက်ခံမှာပဲ"

"ဘာဖြစ်လို့လဲ"

"ရှိနိုင့်အပေါ်မှာ သံယောဇဉ်က ရှိပြီးသားပဲလေ။ ပြီးတော့ ရှင်ရော ကျွန်မရော သူ့ကိုချစ်ခဲ့ကြတာပဲ ဥစ္စာ"

"ဒါဆို ဝသန်ကို ကျတော့ရော"

"ဘာ"

ဒေါ်ခင်ခင် ခင်ပွန်းသည်ကို ဆတ်ခနဲကြည့်လိုက်မိ၏။ မေး တာကို သူမှတုပြီးပြောတတ်တယ်။ သူ့က ပွင့်ပွင့်လင်းလင်း မေးတော့ ကိုယ်ကလည်း ပွင့်ပွင့်လင်းလင်း ဖြေရုံပဲပေါ့။ အရင်ကတည်းက သူ ပြောပြတာတော့ပဲဟာ . . .။

"ကျွန်မ ဝသန့်ကို ချစ်ပါတယ်။ ဒါပေမယ့် သားတစ်ယော လိုပဲ ချစ်နိုင်မယ်။ သားမက်တစ်ယောက်အဖြစ်နဲ့တော့ သမီးအတွ အားကိုးရာ မဖြစ်စေချင်ဘူး။ လက်ဝါးချင်းပွတ်ရင် ကြက်ချေး





နိမှာပေါ့ ကိုဇော်ရဲ့။ ရှိနိုင်က ချမ်းသာတယ်။ သူနဲ့ဆိုရင် ကျွန်မ သမီးလေး မတောင့်မတ ဘဝမျိုးမှာနေရမှာ"

"ဪ . . ."

အံ့သြမိပါရဲ့။ အချစ်ချင်းတူရင်တောင် ငွေရှိရာဘက် မျက်နှာ မူတယ်ပေါ့။ ဦးဇော်ဦးအတွက် ပြောစရာစကားမရှိတော့ပါ။ ပြောလည်း မပြောချင်တော့ပေ။ အရင်တုန်းက တိုင်တိုင်ပင်ပင်နဲ့ တစ်ယောက်နဲ့ တစ်ယောက် နားလည်ပြီး သူတင်းရင်ကိုယ်လျှော့ ကိုယ်တင်းရင်သူ လျှော့ စိတ်ကောက်ရင် ချော့ပဲရှိခဲ့ကြတာ . . .။

အခု . . . သမီး အိမ်မှာမရှိကတည်းက တကျက်ကျက် ဖြစ်နေ ခဲ့ပြီ။ ခင်ခင် . . . ဝသန့်အပေါ်ကို ဆက်ဆံရေးပြောင်းသွားတာကို ဦးဇော်ဦးက မကြိုက်ဘူးလေ။ တကယ်ဆို ရင်ထဲမှာရှိတာ ရင်ထဲမှာပဲ ထားပြီး ပုံမှန်ဆက်ဆံရေးနဲ့ဆိုရင် ပြောနေစရာမှ မလိုတာ။

"ရှင် မကြားဖူးဘူးလား။ မြတ်စွာဘုရားတောင်မှ အမိုရှိမှ ပွင့်လို့ရတာတဲ့။ ရှိနိုင်က အမိုရှိလို့ ပွင့်သွားပြီလေ။ ကျွန်မတို့က သူ့ကိုဆက်မှီသင့်မှီရမှာ။ ဝသန်က ဘာအမိုရှိလို့လဲ။ အိမ်တိုင်မှီပြီး ကြမ်းပိုးထွက် အကိုက်ခံရဖို့ပဲ ရှိတယ်"

"ကျုတ် . . . မိုးကြိုးတွေ ပစ်ကုန်တော့မှာပဲ"

ဝသန် အားလုံးကို ကြားပါသည်လေ။ အိမ်ထဲဝင်မလို့ ဖိနပ် ချွတ်ပြီးမှ စကားသံတွေကြောင့် ခဏရပ်နားထောင်ရင်း မဝင်သင့်ဘူး ထင်လို့ ရပ်နေခဲ့တာ။ အခုတော့ ဖိနပ်တလေးကို ပြန်စီးပြီးသား ခြံ ထောက်က နောက်သို့ပြန်လှည့်မိ၏။ သူချောင်းနားထောင်ခဲ့တာ မဟုတ် ပါဘူး။ ကြားနေရလို့ မသင့်တော်ခြင်းနဲ့ ရပ်နေခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆက်ပြောမနေနဲ့တော့ ခင်ခင်။ တော်ကြာ ဝသန် ပြန်လာတာနဲ့ တိုးနေဦးမယ်"

"တိုးတော့လည်း သူ့အရည်အချင်းနဲ့ သူ့ဘဝကို တစ်ခါတည်းသိသွားတာပေါ့"

"မင်းကွာ"

ဩော် . . . အမေက အဲဒီလိုတဲ့လား။ သား သိလိုက်ပါပြီ အမေရယ် မေတ္တာတရားမှာတောင် ပိုင်ဆိုင်မှုတွေနဲ့ တိုင်းတာပြီး ခွဲခြမ်းစိတ်ဖြာရှိသတဲ့လား။ ကိုယ့်ဘဝက လောကကြီးမှာ အသက်ရှင်နေတာတောင် မတန်သလိုပါပဲလားနော်။

● ● ●



## အခန်း (၁၉)

"လျှို့ဝှက်အချစ်"

အချစ်နဲ့ပတ်သက်သမျှ
ငါ့ရဲ့အသုံးမကျချက်ကတော့
အချစ်ကဗျာတစ်ပုဒ်လည်း မဖွဲ့တတ်သလို
အချစ်သီချင်းလည်း မသီကုံးတတ်ခဲ့ဘူး။
နှင့်ကို ငါချစ်သမျှ
နှင်သိအောင် ငါမပြောပြတတ်သလို
နှင့်ကို ငါမြတ်နိုးသမျှလည်း
နှင် မမြင်ရအောင်
ငါက ဟန်ဆောင်ကောင်းခဲ့သူပါ။
နှင့်အတွက်ဆို ငါ့နှလုံးသားမှာ

www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားကြီးကျယ်တဲ့ အချစ်နန်းတော်ကြီး
တည်ဆောက်ထားပေမယ့်
နှင့် နှလုံးသားနဲ့မကြည့်ရင်
နှင် မတွေ့နိုင်အောင်
ငါ ဖုန်ဆင်းထားတယ်ကွယ်။
နှင်နဲ့ငါရဲ့ကြား
လှပတဲ့ အချစ်စစ်ဖြစ်တွန်းဖို့
နှင့် ရင်တွင်းမှာ
ငါ့အတွက် ချစ်ခြင်းတွေ
ဖြစ်ပေါ်လာစေကြောင်း
မြားနတ်မောင်ဆီမှာ ငါဆုတောင်းရမယ် ထင်ပါရဲ့ကွယ်။

ကဗျာလေး ဆုံးသွားပေမယ့် မကျေနပ်နိုင်စွာဘဲ ဝသန် နောက်တစ်ခေါက် ပြန်ဖတ်မိစဉ် . . .

"ဟင်"

ကိုယ့်လက်ထဲက စာရွက်ကို တစ်ယောက်ယောက် ဆွဲယူခြင်းခံလိုက်ရသဖြင့် ဖျတ်ခနဲ ကြည့်လိုက်မိတော့ . . .

"မမသန်း"

"အလုပ်ချိန်မှာ စာရွက်ထောင်ကြည့်ပြီး ဘာလုပ်နေတာလဲ ဟိုမှာဖောက်သည်တွေ ရောက်ကုန်ပြီ။ သူများတွေ သွားလာလုပ်ကိုင်နေတာကို မမြင်ဘူးလား။ ချောင်ကပ်ပြီး ရေသာခိုမယ်တော့ မကြံနဲ့နော်"





"မမသန်း"

ရေသာခိုမယ်ဝေတော့ မကြံနဲ့ဆိုတဲ့စကားကြောင့် ဝသန် ကိုယ်က မတ်ခနဲဖြစ်သွား၏။ သူဘယ်တုန်းကများ ရေသာခိုခဲ့ဖူးလို့ သူ အမြဲတမ်း အလုပ်ကို လေးစားခဲ့သူ။ ဒါကို သိရဲ့သားနဲ့။

"ကျွန်တော့်မှာ ရေသာခိုချင်တဲ့ စိတ်ဘယ်တုန်းကမှ မရှိခဲ့ဘူး။ ခိုင်းတဲ့သူကလည်း တန်ရာတန်ကြေးပေးခိုင်းတာ။ လုပ်တဲ့သူကလည်း တန်အောင်လုပ်ပေးရမယ်ဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော့်လောက် အလုပ်နဲ့တာဝန်ကို လေးစားတာ ကျွန်တော်ပဲ ရှိတယ်။ အဲဒီစကားမျိုးတော့ မပြောပါနဲ့"

ဝသန်ပြောပြီး ချာခနဲ လှည့်ထွက်သွားတော့ စာရွက်က မသန်း လက်ထဲမှာ ကျန်ခဲ့သည်လေ။ စိတ်နဲ့ဒေါနဲ့ထွက်သွားလို့ မေ့ကျန်ခဲ့တာလား။ အရေးမကြီးလို့ထားခဲ့တာလားတော့ မသိပေ။

"ဟွန်း . . . ပြောတော့ မကြိုက်ဘူး"

သူပြောတာမှန်တော့ မှန်ပါသည်။ ဝသန်က အမြဲတမ်း တာဝန်နဲ့အလုပ်ကို လေးစားသူလေ။ ဒီရက်ပိုင်းလေးမှာသာ ငိုင်တိ ငိုင်တိုင်ဖြစ်နေတာ။ စိတ်ညစ်စရာတွေ ရှိနေလို့လား။ နောင်ကြီး အလုပ်ထွက်သွားတဲ့ ကာလတွေတုန်းက မျက်နှာ မရွှင်လန်းတာက လွဲပြီးခုလို ငိုင်တိငိုင်တိုင် မနေပေ။ သူ့အလုပ်ကို သူလုပ်နေတာပါပဲ။

ဒီရက်ပိုင်းလေးမှာတော့ . . . ငိုင်တိငိုင်တိုင်ဖြစ်နေတာ သိသိသာသာပါ။ မမသန်း လက်ထဲက စာရွက်ကလေးကို ဖြန့်ပြီးဖတ်ကြည့်လိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကဗျာလေးအဆုံးမှာ ဝသန့်ခံစားချက်ကို နားလည်သွားသေ ပါပဲ။ ဒါကြောင့် ဝသန့်နောက်သို့ ခပ်သွက်သွက်လိုက်လာခဲ့တာ ကို ချင်းစာနာစိတ်နဲ့ပါ။

"ဝသန့်"

"....."

"ဝသန့်"

ဝသန့်က လှည့်ကြည့်လေလျှင်...

"စောစောက ဟိုဘက်က လူတွေလုပ်တာကိုင်တာ သဘောမကျလို့ ဒေါသထွက်ပြီး နင့်ကိုပါ ဆူမိတဲ့အတွက် ငါတော ပန်ပါတယ်။ ဟုတ်ပါတယ် နင်က အလုပ်ကိုလေးစားတဲ့သူပါ။ ဒီကဗျ လေးကိုဖတ်ပြီး ငါ နင့်ခံစားချက်ကို နားလည်သွားပါပြီ"

"ရပါတယ်။ စောစောက မေ့သွားလို့ ကျွန်တော့် စာရွ လေးပြန်ပေးပါ"

မသန့်က စာရွက်ကလေးကို ကမ်းပေးကာ...

"ကဗျာလေးက အရမ်းကောင်းတယ်နော်။ နင်ကိုယ်တိုင် စပ်ရေးတာလား။ ငါနဲ့လည်း တိုက်ဆိုင်မှုတွေ ရှိနေလို့ပါ"

"ကျွန်တော် ကဗျာမရေးတတ်ပါဘူး။ ဒီကဗျာလေး ကျွန်တော့် ခံစားချက်ကိုသိနေတဲ့ ကျွန်တော့် သူငယ်ချင်း တစ်ယော





က ကျွန်တော့်အတွက် ဆိုပြီးရေးပေးတာပါ။ အဲဒီကောင်က ကဗျာ ရေးတာ ဝါသနာပါတယ်လေ"

"ဪ..."

"မသန်း ကြိုက်လို့လား။ ကြိုက်ရင် ကျွန်တော် ကူးပေး ယ်လေ"

ပြောရင်း စာရွက်ကလေးကိုခေါက်၍ အိတ်ထဲသို့ပြန်ထည့် လာသည်။

"ကူးပေးရင်တော့ ကောင်းတာပေါ့ဟယ်"

"ကျွန်တော်ဆို အလွတ်တောင်ရနေပြီ"

"ဟုတ်လား။ အဲဒါဆို အဲဒီစာရွက်ပေးပါလား"

"အင်း... ယူချင်ယူလေ"

ထုတ်ပေးမလို့ ပြင်လိုက်စဉ်မှာပဲ...

"ဝသန့်...ဝသန့်"

"ဟင်"

"ဝသန့်"

ဝသန့်နာမည်ကို တကြော်ကြော် ခေါ်နေသူက ယုပါ။

"ဒါ...ဒီမှာယု"

ယုက ခြေလှမ်းကျဲများနှင့် ရောက်လာပြီး...



www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီး ရောက်နေတယ်။ နင်နဲ့တွေ့ပါရစေလို့ ခွင့်တောင်းနေတယ်"

"ဟင်"

"အဲဒါကြောင့် နင့်ကိုလာခေါ်တာ"

ဝသန်က မယသန်မျက်နှာကို ကြည့်လိုက်တော့ . . .

"သွား တွေ့လိုက်ပါ"

အမိန့်ရတာနှင့် ဝသန်ထွက်လာခဲ့တော့သည်။ နောင်ကြီးက သူနဲ့ဘာကြောင့် တွေ့ချင်ရတာလဲ။ သူ ဒီကိုလာတာ ကိုကြီးရော သိရဲ့လား။ အမေသိရင် မလွယ်ဘူးလေ။ ဒါကြောင့် စိုးရိမ်စိတ်တွေ တထိတ်ထိတ်နှင့်လာခဲ့ရာ ဧည့်ခန်းအတွင်း ထိုင်နေတဲ့ နောင်ကြီး။ ဝသန့်ကို မြင်တာနဲ့ ထရပ်ကာ . . .

"ဝသန်"

"နောင်ကြီး"

ဝသန့်ကို မြင်တာနှင့် နောင်ကြီးမျက်ရည်တွေ ဝဲလာ၏။ မတွေ့ရတာ အတော်ကြာတော့ ဝသန့်မျက်နှာလေး ချောင်သွားသလို ပါပဲ။

"နင် နေကောင်းရဲ့လား။ ပိန်သွားသလိုပဲနော်"

"နေကောင်းပါတယ်။ ငါဘာမှမဖြစ်ပါဘူး။ ပိန်တယ်ဆိုတာက နင်စိတ်ထင်လို့ပဲ ဖြစ်မှာပါ"



"ပြော်"

"ဒါနဲ့ နင် ငါ့ကိုတွေ့ချင်တယ်ဆိုတာ ဘာကိစ္စလဲ"

"ဟင်"

သူ့ကိုမော့ကြည့်လာတဲ့ မျက်နှာလေးကို ပထမတော့ ပြန်ကြည့်နေရင်း နောက်တော့ ဝသန် မျက်နှာလွှဲပစ်လိုက်သည်။ နောင်ကြီးရဲ့ အကြည့်တွေကို သူရင်မဆိုင်ရဲပါဘူး။ အရင်တုန်းကလို ဆံပင်ရှည်ရှည်၊ သနပ်ခါးပါးကွက်ကလေးနဲ့ မဟုတ်တော့ဘဲ ဆံပင်အခွေအကောက်တွေက အညိုရောင်။

ခါတိုင်း ပါးကွက်ပါးပါးလေးရဲ့နေရာမှာ အခုတော့ မိတ်ကပ် အမွှေးသားနဲ့ နှုတ်ခမ်းနီကလည်း ဆိုးထားလို့။ ဒီပကာသနအလှ ဆွက ရှုးရဲတောက်ပစွာနှင့်ပေါ့။

"ငါ နင့်ကို အရမ်းသတိရနေလို့ လာခဲ့တာပါ။ ပြီးတော့ ဒါလေးလည်း ပေးချင်လို့ပါ"

"အဲဒါ ဘာလဲ"

"နင် အရမ်းမြတ်နိုးတန်ဖိုးထားခဲ့တဲ့ အရာတစ်ခုပေါ့"

ပြောရင်း နောင်ကြီးက သူမကိုင်ထားသည့် ဗူးကလေးကို ဖွင့်ပြလေတော့ အထဲက အရာကိုမြင်ပြီး ဝသန့်ရင်ထဲမှာ အစုတွေ သည်းတွေ ခွဲနှုတ်ခံလိုက်ရသလိုပါပဲ။

"နင် အရမ်းမြတ်နိုးခဲ့တဲ့ ဆံပင်တွေကို နင့်ဆီလာပေးတာပါ။ မြတ်နိုးချင်ဘဲ ဖြတ်ခဲ့ရတာပါ ဝသန်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"........"

"ယူပါ"

"........"

"အခြေအနေအရ ငါ့ရဲ့အပေါ်ယံလွှာ ပြောင်းသွားပေမယ့် ငါ့ရဲ့အတွင်းစိတ်က အရင်အတိုင်းပါပဲ ဝသန်ရယ်။ ငါ . . . အိမ်ကိုပြ လာချင်တယ်။ အရင်အတိုင်းပဲ တို့အိမ်လေး မိသားစုတွေ ပျော်ပျော် ရွှင်ရွှင်နေချင်တယ်။ နင်နဲ့အတူ ဒီကုမ္ပဏီမှာ အလုပ်တွေလုပ်ချင်တယ် အခု ဟိုမှာနေရတာ ဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ ငါမပျော်ပါဘူး ဟာ"

ပြောရင်း မျက်ရည်တွေကျလာ။ အသံတွေလည်း တုန်လာ နှောင်ကြိုးကို ကြည့်ပြီး သနားလွန်းလို့ ဝေဦးပါ မျက်ရည်တွေကျ မိ၏။ ဝသန်ကတော့ နှောင်ကြိုး လက်ထဲက ဗူးကိုလှမ်းယူလိုက်ပြီ

"နင်ပြောချင်တာ ဒါပဲမို့လား"

"ငါလေ"

"ဝသန်"

"ဒါ အလုပ်ချိန်နော်။ ဒီကုမ္ပဏီရဲ့ စည်းကမ်းကို နင်နားလည် တယ်။ အခုလိုရပ်စကားပြောနေတာပဲ လွန်လှပြီ။ နင်ပြန်တော့ သွား တော့"

သူ့ကိုသာ သွားတော့ပြောပြီး အရင်သူ့ရှေ့ကနေ ထွက်သ ခဲ့သူက ဝသန်ပါ။ အိတ်ထဲကနေ ထုတ်ရင်း ပြန်အထည့်မှာ အော

ဘူဘဲ တစ်လစ်လစ် ဖြစ်နေတဲ့ ကဗျာစာရွက် ထွက်ကျတာကို ဝသန် သိပေ။

"ဝသန်ရယ်"

ဝေဦးက စာရွက်ကလေးကို မြင်ပြီးကောက်ယူကာ ကဗျာလေး ဖတ်လိုက်ပြီးနောက် . . .

"နှောင်ကြိုး"

"အဟင့်"

"ရော့ . . . ဒီကဗျာက နင့်အတွက်ပဲ ဖြစ်မှာပါ"

နှောင်ကြိုး စာရွက်ထဲက ကဗျာကိုဖတ်ရင်း ရင်ထဲမှာ နင့်ကာ ဖို့ဘာနှင့် မျက်ရည်တွေက သုတ်လို့မနိုင်။

"တို့က အလုပ်တစ်ဖက်နဲ့ဆိုတော့ နင်တယ်လို့တော့ ထင်ပါနဲ့ သူငယ်ချင်းရယ်။ သွားတော့နော်"

နှောင်ကြိုး ခေါင်းညိတ်ပြီး ပြန်ထွက်လာတဲ့ ခြေလှမ်းတွေက ကျေးလေးလံစွာ။

နင်မရှိတဲ့ အရပ်မှာ . . . ငါ တကယ်မပျော်ပါဘူး ဝသန် ယ် . . . တကယ်ပါ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"နှောင်ကြိုး"

ခေါ်သံကပုံမှန်ထက် မာကြောခက်ထန်နေသဖြင့် နှောင်ကြိုး ကိုယ်လေး ဆတ်ခနဲတုန်သွားလေသည်။ မရဲတရဲကြည့်လိုက်ေ ခါးကြီးထောက်ပြီး နှောင်ကြိုးကိုကြည့်နေတာ အပြစ်ရှိတဲ့ ကလေး ရိုက်တော့မယ့် ပုံစံနဲ့ပါ။ နှောင်ကြိုး ရှေ့ဆက်မတိုးရဲဘဲ ခေါင်းငုံ့ ရပ်နေလျှင် . . .

"ဒီနေ့ နင်ဘယ်သွားတာလဲ။ အခု ဘယ်ကပြန်လာတာ

"......"

"ကျောင်းတက်တယ်လို့ မညာနဲ့နော်။ ဦးခင်မောင် ကျော မှာ နင့်ကိုလိုက်ရှာတာ မတွေ့ဘူး။ နင့် သူငယ်ချင်း တစ်ယောက် တွေ့လို့မေးကြည့်တော့ နင်ဒီနေ့ ကျောင်းမတက်ဘူးလို့ ပြောတာ တဲ့။ မှန်မှန်ပြောစမ်း။ အဲဒါ ဘယ်သွားနေတာလဲ"





နှောင်ကြိုး နှုတ်ခမ်းကို တင်းတင်းစေ့လိုက်မိ၏။ လုပ်ရဲရင် ခံရဲတယ်ဆိုတာမျိုးပေါ့။ ကိုယ်သွားချင်တဲ့နေရာကို ကိုယ့်သဘောနဲ့ ကိုယ်သွားပြီးတော့မှ ဘယ်သူ့အပေါ်မှ ပုံချပြီး ခေါင်းမရှောင်ပါဘူး။

"မေးနေတာ ဖြေလေ"

"နှောင်ကြိုး အရင်တုန်းက အလုပ်လုပ်ခဲ့ဖူးတဲ့ ကုမ္ပဏီကို သွားတာပါ"

"ဘာသွားလုပ်တာလဲ"

"သူငယ်ချင်းတွေကို သတိရလို့ သွားတွေ့တာပါ"

"အကြောင်းပြချက်က မခိုင်လုံသေးဘူး။ နောက်ထပ်ညာဖို့ ကြိုးစားပြီး စဉ်းစားကြည့်စမ်း"

ဘုန်းရှိန်ဝါ ကိုယ်အညာခံနေရတာအတွက် နှောင်ကြိုးကို ျမနစ် စိုက်ကြည့်ပစ်လိုက်၏။ ဘုန်းရှိန်ဝါဆိုတာ သူများညာတိုင်း တတ်တဲ့ ခပ်ညံ့ညံ့ ကောင်မှ မဟုတ်ဘဲလေ။ အကျိုးအကြောင်း ဆက်စပ်ကြည့်ရင် သိနေတာပဲ ဥစ္စာ။

"နင် . . . ဟိုကောင့်ကို တွေ့ချင်လို့သွားတာ မဟုတ်လား။ နှင့်ကို . . ."

"......"

"ပြောလေ"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"နောင်ကြီး အိမ်ကို တစ်ခေါက်လောက် ပြန်ပါရစေ ကိုကြီး အဖေနဲ့အမေကို သတိရလို့ပါ"

"ပြန်စရာမလိုဘူး"

"ရှင်"

"အလုပ်နားရက်မှာ အဖေနဲ့အမေကို ငါသွားခေါ်လာခဲ့မေ မယ်။ နင် ဝသန်နဲ့နောက်ထပ် တွေ့ဖို့မကြိုးစားနဲ့ နောင်ကြီး"

"ဘာဆိုင်လို့လဲ ဝသန်ကလည်း ကိုကြီးလိုပဲ"

"နင် ထပ်မပြောပါနဲ့"

လက်ညှိုး ငေါက်ငေါက်ထိုးပြီး ပြောလိုက်တာကြောင့် နောင်ကြီး ပါးစပ်ပိတ်သွားလေသည်။ ပြောမယ့်စကားတွေတောင် ဘယ် ကိုလွင့်စင်ပျောက်ကွယ်ကုန်မှန်း မသိတော့ပါဘူး။

"ငါက နင့်အစ်ကိုရင်း မဟုတ်သလို ဝသန်ကလည်း နင့် အစ်ကိုရင်း မဟုတ်ဘူး။ မဟုတ်တာချင်း အတူတူ ခုနင်ရှိတာ ငါ့လောင်း ရိပ်အောက်မှာ။ ငါ့အမိန့်မပါဘဲ ဘယ်သူနဲ့မှ တွေ့ခွင့်မရှိဘူး"

"အဲဒါကတော့ ကိုကြီး မတရားတာ။ ငယ်ငယ်လေး ကတည်းက အတူတူနေလာခဲ့ကြတာ။ အခုကျမှ မပတ်သက်ရဘူး မတွေ့ရဘူးဆိုတော့ အကြင်နာတရား ခေါင်းပါးလွန်းရာ မကျဘူးလား"

ဒီတစ်ခါတော့ နောင်ကြီး အရဲစွန့်ပြီး ပြောပစ်လိုက်၏။ စကားအတွက် ရိုက်မယ်ဆိုလည်းရိုက်၊ သတ်မယ်ဆိုလည်းသတ်ပါစေ





အရိပ်ခိုနေရတယ်ဆိုပြီး အနိုင်ကျင့်တာမျိုးဆိုရင် ကိုယ်ကလည်း နိုစရာ အရိပ်မဲ့လို့ ဝင်နားနေတဲ့ ငှက်မဟုတ်ဘူးလေ။ ကိုယ်ပျံသန်းဖို့ မိဘ အိမ်ဆိုတဲ့ သစ်ပင်ကြီးရှိနေသားပဲ။

"အမေက ငါ့ကို မှာထားတယ်"

"........."

"နင့်ကို အိမ်ပြန်ချင်တယ်ဆိုရင် လုံးဝပြန်မလွှတ်ပါနဲ့တဲ့။ သတိရရင် သူတို့လာတွေ့မယ်လို့ ပြောထားတာ။ အဲဒါ ဘာဖြစ်လို့ လဲသိလား"

"........."

"နင့်ကို ဝသန်နဲ့နီးစပ်မှာစိုးလို့။ ဝသန့်လို ကောင်မျိုးနဲ့ညား ပြီး ကြက်ချေးစော်နံမှာ စိုးလို့နားလည်လား"

"ဟင်"

အမေက အဲဒီလိုလား။ အမေက အဲဒီလိုတဲ့လား။ ဒါ တကယ် လား။

"နင် နောက်ထပ် ဝသန်နဲ့ တွေ့ဖို့လုံးဝ မကြိုးစားပါနဲ့။ နောက်ထပ်တွေ့ရဲတွေ့ကြည့် အဲဒီကောင်ကို ငါ တစ်ခုခုလုပ်ပစ်မယ်"

ပြောပြီး ရှိန်ဝါ အပေါ်ထပ်သို့တက်လာခဲ့တော့၏။ နောင် ကြီးက ဒီကောင့်ကိုကျမှ ဘာလို့ကိုယ့်ထက်ပိုပြီး သံယောဇဉ်ဖြစ်နေ ရတာလဲ။ စတွေ့တဲ့နေ့ကအဖြစ်ကို ဘုန်းရှိန်ဝါ မေ့လို့မရပေ။ ကိုယ် ကတော့ အတူနေခဲ့ ဖူးတဲ့မိသားစုဆီ ဝမ်းသာအားရနဲ့ ပြန်လာခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ . . . "နောင်ကြီးတို့ အလုပ်နောက်ကျနေ ၉ သို့ ခွင့်ပြုပါဦးနော်"တဲ့။

ကိုယ့်ကို သူစိမ်းလို အဖက်မတန်သလို လုပ်သွား တကယ်ဆိုရင် ကိုယ်ကတော့ ဖေဖေ တတွတ်တွတ်မှာတဲ့ အဆို ရည်ရွယ်ချက်တစ်ခုနဲ့ မြန်မာပြည်ကို ပြန်လာခဲ့တာပါ။ အဲဒီ ရည်ရွယ် ချက်က သူမနဲ့တိုက်ရိုက် ပတ်သက်နေတာပဲလေ။

"သား"

"ဖေဖေ"

"ခုလို သားနဲ့ဖေဖေ အလွယ်တကူ ပြန်တွေ့ပြီး အတူ နေခွင့်ရတာ ကိုဇော်ဦးနဲ့ ခင်ခင်တို့ရဲ့ ကျေးဇူးကြောင့်နော်။ အဲ ကျေးဇူးကို သားဘယ်တော့မှ မမေ့နဲ့ကြားလား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"သူတို့သာ ငါ့သားကို မိဘသဖွယ် မပြုစုမစောင့်ရှောက် မိဘမဲ့အဖြစ်နဲ့ သားဘယ်ဘဝကို ရောက်နေမလဲဆိုတာ မတွေးရဲစရာ သူတို့ကျေးဇူးကြောင့်သာ သားခုလို လူတစ်လုံး သူတစ်လုံးနဲ့ မတော် မတပညာသင်ခွင့်ရခဲ့တာ မဟုတ်လား"

"သား နားလည်ပါတယ် ဖေဖေ"

"နားလည်ရုံနဲ့ မပြီးဘူးသား"

ဖေဖေ သူ့မျက်နှာကို စေ့စေ့ကြည့်နေကာတည်းက လေးလေး





ကိန်နက်စကားပြောတော့မယ်ဆိုတာ ရှိန်ဝါသိခဲ့တာပေါ့။ အဲဒီတုန်းက ဘာပြောခဲ့သလဲဆိုရင် . . .

"သား . . . အဲဒီကျေးဇူးတွေကို ဆပ်ရမယ်"

"သား . . . ဆပ်မှာပါဖေဖေ"

"ဘယ်လိုဆပ်မှာလဲ"

"သူတို့မှာ လိုအပ်နေမယ့် လိုအပ်ချက်တွေကို သားတတ် နိုင်သလောက် ဖြည့်ဆည်းပေးမှာပါ"

"အဲဒါနဲ့ မလုံလောက်ဘူး သား"

"ဗျာ"

ဖေဖေက ဘယ်လောက်အထိတောင် တွေးထားသလဲလို့ ကြွှင့်လိုက်စဉ် . . .

"မင်း ဘဝနဲ့ရင်းပြီး ကျေးဇူးဆပ်ရမယ်"

"ဘယ်လို"

"ခင်ခင့်ရဲ့ သမီးလေးကို မင်းလက်ထပ်ပါသား။ မင်းရဲ့ခန္ဓာ ကိုယ်ရဲ့အသွေးအသား၊ မင်းပိုင်ဆိုင်ရမယ့် ပိုင်ဆိုင်မှု အရာအားလုံး အဲဒီ မိသားစုအတွက်ပဲ ဖေဖေ ဖြစ်စေချင်တယ်"

ဖေဖေ အဲဒီလိုပြောတုန်းက ရှိန်ဝါ (၁၆)နှစ်သားပဲ ရှိသေးသည် သား။ နောက်ပိုင်းမှာလည်း ဒီစကားကိုပဲ ဖေဖေ တတွတ်တွတ် ပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိနိုင်ရဲ့ ရင်ထဲမှာစွဲနေခဲ့တာသည် သူနောင်ကြီးကို လက်ထပ်မယ်ဆိုတာပါပဲ။ အချိန်တန်လာတော့ . . .

"သား မင်းမြန်မာပြည်ကိုပြန်တော့။ ကလေးမလေးနဲ့ နိုင်အောင် ကြီးစားဖို့ အချိန်တန်ပြီ"

ဆိုလို့ သူပြန်လာခဲ့သည်လေ။ ဒီကိုရောက်တော့ သူ့ရုံးမသိလောက် နောင်ကြီးရင်ထဲမှာ ရှိနေတာက ဝသန်။ ကိုယ်ကတော့ ဒီလူဆိုလို့ ဒီလူကိုပဲ ရင်ဘတ်ထဲထည့်ပြီး စတွေ့ကတည်းက မြတ်နိုးလိုခြင်းတွေနဲ့သား။ ခုတော့ . . .

● ● ●





## အခန်း (၂၁)

"လျှို့ဝှက်အချစ်"တဲ့ ကဗျာခေါင်းစဉ်လေးအောက်က စာသားတွေကို နောင်ကြီး အထပ်ထပ်အခါခါ ဖတ်နေမိ၏။ ဝသန်ကဗျာရေးတတ်မှန်းတော့ သိပါတယ်။ ဒါပေမယ့် သူ့လက်ရေးဝိုင်းဝိုင်းလေးနဲ့ရေးထားတယ်ဆိုကတည်းက သူ့ခံစားချက်နဲ့ တိုက်ရိုက်ဆိုင်နေလို့ပဲပေါ့။ နှင့်ရုပ်ထဲမှာ . . .

တကယ်ပဲ ခမ်းနားကြီးကျယ်တဲ့ အချစ်နန်းတော်ကြီး တည်ဆောက်ထားသလား ဝသန်။ ငါလေ ငါ့ရဲ့နှလုံးသားနဲ့ ကြည့်ပြီးပါပြီ သန်။

"ဟီတ်"

"အမေ့"

ဇာနွယ်လင်းက အသံပေးပြီး ဝါဝါနိုင်က နောင်ကြီးဖတ်နေတဲ့ ကဗျာစာရွက်ကို ဆတ်ခနဲဆွဲယူကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်ရှားပါး လျှို့ဝှက်အချစ်ဆိုပါလား"

"ဘာလဲဟ"

ဇာနွယ်လင်းက မေးလေလျှင် . . .

"ကဗျာလေ"

"အတူတူဖတ်မယ်"

"မဖတ်နဲ့ ပြန်ပေး"

"ခဏလေးပါဟဲ့"

"အေးပါဟယ်။ တို့ကကိုက်ဖဲ့စားမှာ ကျနေတာပဲ"

ဝါဝါခိုင်နဲ့ ဇာနွယ်လင်း ကဗျာကိုဖတ်ပြီး သဘောကျသွား သည်ထင်ပါရဲ့။ မကျေနပ်ပွဲနဲ့လို့ နောက်တစ်ခေါက် ပြန်ဖတ်နေလည်း နှောင်ကြိုးမပြောတော့ပါဘူး။ သူတို့လည်း မျှဝေခံစားနိုင်ကြပါစေတော့ သူတို့နှစ်ယောက်က နှောင်ကြိုးနဲ့တိုင်ပင်ဖော် တိုင်ပင်ဖက်တွေပဲဟာ ဇာနွယ်လင်း စာရွက်ကိုပြန်ကမ်းပေးတော့ နှောင်ကြိုးယူလိုက်ပြီး စာ ရွက်ခေါက်ကလေးကို ပိုက်ဆံအိတ် အိတ်ဝှက်ထဲသို့ ထည့်လိုက်လေ သည်။

"ကဗျာလေးက ဖတ်လို့ကောင်းလိုက်တာ။ နှောင်ကြိုးတော့ မရိုးတော့ဘူးနော်။ ဘယ်သူပေးတာလဲပြော"

"ဟင် . . . မပြောပါဘူး"

"အဲဒီလို မလျှို့နဲ့လေဟာ။ သူငယ်ချင်း အချင်းချင်းတွေ နင်တို့ကိုမှ မပြောရင် ဘယ်သူ့ကိုပြောမှာလဲ"





"တို့အကြောင်းကျတော့ ဘာပဲဖြစ်ဖြစ် နင့်ကိုပြောပြတယ် သိဟယ် နှောင်ကြိုးရဲ့"

နှောင်ကြိုး လွန့်ခနဲ ပြုံးလိုက်မိ၏။ သူတို့က ပြောပြသလို့ ပေမယ့် ကိုယ့်အဖြစ်က ပြောပြလို့မှမရပဲလေ။ ဒီကဗျာကို သေန ကိုယ်တိုင်က နှောင်ကြိုးနှင့်အတွက်လို့ လက်ထိလက်ရောက် ပေးခဲ့ တာမှမဟုတ်ဘဲ။ သူထွက်ကျလို့ ဝေဦးက ကောက်ပေးတာ။ ကဗျာ သားကတော့ . . .

'ဝေသန့် ခံစားချက်မှန်း ဘေးလူတွေတောင် သိနေကြတာပဲ သား ဒါပေမယ့် သူကိုယ်တိုင်က ပြောတာမဟုတ်တော့ ခက်သား သေပေါ့။

"ပြောလေ နှောင်ကြိုး"

"ငါက ဘာကိုပြောရမှာလဲ"

"ဒီကဗျာကို ဘယ်သူပေးတာလဲလို့"

"ဘယ်သူမှမပေးဘူး ကောက်ရတာပါ"

"ဟာ . . . နှောင်ကြိုး နင်အဲဒီလို မလျှို့နဲ့နော် ပြော။ ဒီကဗျာ ကို ဘယ်သူပေးတာလဲ"

"ငါ စကယ်ပြောတာ ကောက်ရတာပါဆို"

"မယုံဘူး"

"မယုံလည်း နေဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောက်ရတာဆိုရင် နင်ဘာလို့ အဲဒီလောက် တရိုတသေ သိမ်းနေရတာလဲ"

"ကဗျာကို ကြိုက်လို့သိမ်းတာပေါ့"

နောင်ကြီး ဘယ်လိုပြောပြော သူငယ်ချင်းတွေက မယုံ ဘယ်ယုံပါ့မလဲ။ တစ်ခါတစ်လေ နောင်ကြီးပုံစံက တစ်ခုခုကို လွမ်း နေသလို ငေးငေးငိုင်ငိုင်နဲ့လေ။ တစ်ခါတစ်ခါ မျက်ရည်တွေ စို့လို့ မေးလိုက်ရင်တော့ အိမ်ပြန်ချင်လို့။ အဖေနဲ့အမေကို လွမ်းလို့ဆိုတာ တွေ။ ဘုန်းရှိန်ဝါရဲ့ ညီမဆိုပြီး . . .

သူများအထင်ကြီးအောင်လည်း ဟန်ဆောင်လိမ်ညာခဲ့ မဟုတ်ပေ။ သူက ဘုန်းရှိန်ဝါရဲ့ ညီမအရင်းမဟုတ်တာနဲ့ မိဘ ဆင်းရဲကြောင်းကိုလည်း ဝန်ခံရဲသူ။ ဒီကဗျာကိစ္စကျမှ ဘာလို့ဝန်ခံ နိုင်ဖြစ်နေရတာလဲ စဉ်းစားလို့ကို မရတာ။

"နောင်ကြီး"

"ဟင်"

လာနေတာကို မြင်ပေမယ့် ကိုယ့်ရှေ့မှာရပ်သွားလိမ့်မယ်လို့ မထင်။ ရပ်သွားပြီး ကိုယ့်နာမည်ကို ခေါ်မှ နောင်ကြီး မော့ကြည့်လိုက် မိသည်လေ။ သူကတော့ နောင်ကြီးတို့ မေဂျာမှာ ချမ်းသာတာရော ရုပ်ချောတာရော နာမည်ကြီးနေတဲ့ နေမင်းကိုကို ဆိုတဲ့လူပါပဲ။

"ရော့"





နှင်းဆီအနီ ရဲရဲတစ်ပွင့်ကို ပေးတာကြောင့် နောင်ကြီးရဲ့ သူငယ်ချင်းတွေ အံ့ဩသလို အကြောင်းသားနဲ့ ငေးကြည့်နေကြ၏။

"ယူပါ။ ကိုယ်က ဘယ်မိန်းကလေးကိုမှ အဲဒီလိုပန်းပေးဖူး တာမဟုတ်ဘူး"

ဩော် . . . ကိုယ်က သူ့ပန်းပေးခံရတဲ့အတွက်ပဲ ဂုဏ်ယူရမလို လား။ စကားပြောတာ အကြောကြီးနဲ့။

"ယူပါ နောင်ကြီးရဲ့"

"ကျွန်မကလည်း ဘယ်ယောကျ်ားလေး ပေးတဲ့ပန်းကိုမှ ယူဖူးတဲ့သူပါ"

"အဲဒါဆို ပိုကောင်းတာပေါ့။ ကိုယ်ပေးရကျိုးနပ်မှာလေ။ ပန်းမပေးဖူးသူနဲ့ ပန်းမယူဖူးသူပေါ့"

"ကျွန်မ မယူပါဘူး"

"အင်း . . . မယူခဲ့ဖူးတာ ကောင်းတယ်လေ"

စကားက အဓိပ္ပာယ်ကောက် ကွဲလွဲသွားကြသည်လေ။ ဒါကို နောင်ကြီး သဘောပေါက်ကာ . . .

"အခုလည်း မယူဘူးလို့ ပြောတာပါ"

"ဟင်"

ပြုံးနေတဲ့ နေမင်းကိုကို မျက်နှာပျက်သွားလေ၏။ သူက မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတိုင်းကို စိတ်ဝင်စားတာမှ မဟုတ်တာ။ ပြီးတော့ နာမည်တစ်လုံးနဲ့လူ။ မိန်းကလေး အတော်များများ သူ့ကိုလိုလားနေကြတဲ့အထဲမှာ သူမက မလိုလားနိုင်တွေပြနေတော့ မခံချင်စိတ်ကလေးတော့ ဖြစ်မိသည်သာ။

"တကယ် မယူဘူးလား"

နှောင်ကြိုး သူ့ကိုထော်ခနဲ ကြည့်လိုက်ပြီး . . .

"ရှင်က ကျွန်မကို မူနေတယ်ထင်လို့လား"

"မဟုတ်ဘူးလား"

"မူနေတာမဟုတ်ဘူး။ ယူကိုမယူတာ။ ရှင် . . . ကိုယ့်ကိုယ်ကို တော်တော်အထင်ကြီးတာပဲ။ ရှင် ချမ်းသာတာ၊ ရှင် ရုပ်ချောတာ ကျွန်မအတွက် အသုံးမဝင်ဘူး"

"ရင့်လှချည်လား"

"ဟုတ်တယ် ရင့်ရင့်ပဲ။ ပန်းပေးတိုင်း ရင်ခုန်တတ်တဲ့ အထဲမှာ ကျွန်မ မပါဘူး"

"ဒါဆိုလဲ ရပါတယ်"

နေမင်းကိုကို မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး နှင်းဆီပွင့်ကို ဖိနပ်ဦးသို့ပစ်ချလိုက်၏။ ပြီးတော့ ဖိနပ်ဦးနှင့်တက်နင်းပြီး ဖိချေလိုက်တော့ ပန်းကလေးမှာ မွမွကြေလို့ပါ။ မာနမျှင်းပြိုင်ကြားမှာ နှင်းဆီပွင့်လေးက မဆီမဆိုင် မားစာခံပေါ့လေ။ နှောင်ကြိုး ဂရုမစိုက်ပါဘူး။





ငါဆိုတဲ့ အတ္တနဲ့သူ့ကိုယ်သူ အထင်ကြီးလည်း လူတိုင်းက သူ့ကို ကိုးကွယ်ကြတာမှ မဟုတ်ဘဲလေ။ သူစိတ်ခုမှာကြောက်ရအောင်လည်း ကိုယ်ကသူ့ကျေးတဲ့ ထမင်းကိုစားနေတာမှ မဟုတ်တာ။

"ငါကလည်း မလိုချင်ရင် အတင်းမပေးပါဘူး။ ဒါပေမယ့် မင်းမာနကို ကြိုက်တယ်။ အခု လှည့်ပြန်လို့ နောက်ဆုတ်တယ်လို့ ထင်နဲ့။ ရှေ့ကိုခုန်ကျော်ဖို့ နောက်ဆုတ်ပြီး အားယူတယ်လို့မှတ်ထား"

"ဘာ"

"မင်း"

နေမင်းကိုကို နှောင်ကြိုးကို လက်ညှိုးထိုးလိုက်ပြီး

"တစ်နေ့ ငါ့ရှေ့မှာ ဒူးထောက်စေရမယ်"

"တောက်"

ချာခနဲ လှည့်ထွက်သွားတဲ့ ကျောပြင်ကိုကြည့်ပြီး နှောင်ကြိုး တက်ခေါက်မိလိုက်၏။ သူတို့ချူလို့ အညာမလွယ်တော့လည်း ဒီလို ဖြစ်တတ်ကြသတဲ့လား။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ဘယ်လို ... . . ဘယ်လို"

ရှိန်ဝါ့စကားကြောင့် ကိုဝင်းသူရ ထိုင်ရမလို ထရမလိုနှင့် ကုန်းကုန်းကွကွ ဖြစ်သွားလေ၏။ လုပ်ငန်းချင်းမတူကြပေမယ့် ကိုဝင်းသူရနှင့်ရှိန်ဝါက မိတ်ဆွေတွေပေါ့လေ။ စပြီးရင်းနှီးခဲ့တာက, ရှိန်ဝါ့အဒေ ဦးအောင်ကျော်စိုးနှင့်ပါ။ ကိုဝင်းသူရ ဒီလုပ်ငန်းကိုလုပ်နိုင်ခဲ့တာ ဦးအောင်ကျော်စိုးရဲ့ အကူအညီတွေ အများကြီးယူခဲ့ရတာပါ။

အဲဒီကနေ တစ်နွယ်ငင် တစ်စင်ပါဆိုသလို ရှိန်ဝါနဲ့ပါ သိနေကြတာလေ။

"အစ်ကိုက ဝသန်ကို အလုပ်ကနေထုတ်ပစ်ရမယ် ဟုတ်လား မောင်ရှိန်ဝါ"

"ဟုတ်တယ်လေ"





"အဲဒါတော့ မဖြစ်နိုင်ဘူး မောင်ရှိန်ဝါ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ ကိုသူရ။ သူ့ကိုနစ်နာကြေး ပေးပြီး အလုပ်ထုတ်လိုက်။ အဲဒီနစ်နာကြေးအတွက် ကျွန်တော်ပေးမယ်"

ကိုသူရ ခေါင်းတခါခါ ဖြစ်ကာ. . .

"သူ့မှာ ဘာအပြစ်မှ မရှိဘဲနဲ့ အစ်ကိုက ဘယ်အကြောင်းပြချက်နဲ့ ဝသန့်ကို အလုပ်ထုတ်ပစ်ရမလဲ မောင်ရှိန်ဝါ။ ဝသန်က ရိုးသားတယ်။ ကြိုးစားတယ်။ အဲဒီလိုကလေးမျိုးကို အပြစ်မရှိဘဲ အလုပ်ထုတ်လိုက်ရင် အစ်ကိုက သူ့ဘဝကို အညွှန့်ချိုးလိုက်သလို ဖြစ်မှာပေါ့"

"ဒီကောင်မျိုးက ဘယ်လောက်များ အညွှန့်ထက်နိုင်မှာမို့လို့လဲ ကိုသူရရာ။ ဘူးတစ်လုံးလောက် အညွှန့်တက်မှ ဒီကောင်က သက်တစ်ဆစ် မနည်းတက်ရမယ့် အသုံးမဝင် ကုက္ကိုပြင်ကိုများ အပင်ကြီးလည်း အသီးကန္တာရပဲစားမှာ"

တစ်ဖက်လူကို နှိမ်ချပြီးပြောနေတာကို မကြိုက်ပေမယ့် ကျေးဇူးများ ကျေးဇူးခံတွေဆိုတော့ ခက်သားပေါ့။ ရှိန်ဝါနဲ့ ဝသန် ဘယ်လိုငြိုးရန်စတွေရှိလို့များ ဒီလိုလုပ်ခိုင်းရတာလဲ။ ဝသန်က ရိုးသားကြိုးစားသူလေးပါ။ ဒီလိုလူမျိုးကို အလုပ်ထုတ်လိုက်ရင် ဝသန်လည်း နစ်နာမှာဖြစ်သလို၊ ကိုယ်လည်းနစ်နာမှာပဲလေ။

သူ့နေရာမှာ အစားထိုးဝင်ရောက်လာမယ့်သူက သူ့လောက်ရိုးသားကြိုးစားနိုင်ပါ့မလား။ လူပုံစံတူရှိပေမယ့် စိတ်ဆိုတာ မိတ္တူကူးလို့မှမရဘဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို အလုပ်ထုတ်လိုက်ရင် သူ့မိသားစု"

"သူ့မိသားစုအတွက် ကျွန်တော်ရှိတယ်"

ကိုဝင်းသူရ တွေခနဲဖြစ်သွားပြီးမှ . ၄ .

"မောင်ရှိန်ဝါ ဒီကုမ္ပဏီကနေ ဝသန်ကိုအလုပ်ထုတ် စေချင်တဲ့ အကြောင်းရင်းက ဘာလဲ"

"သူ့မှာ အလုပ်မရှိရင် ကျွန်တော် သူ့ကိုအလုပ်ပေးမယ်။ အဲဒီအလုပ်နဲ့ သူ့ကိုချုပ်ကိုင်ထားချင်လို့"

"ဟင်"

"အဓိက လိုချင်တာ ကျွန်တော့် ကွယ်ရာမှာ ဝသန်နဲ့ နှောင်ကြိုး မပတ်သက်စေချင်လို့ပဲ။ ဖြစ်နိုင်ရင်တော့ ဒီကောင့်ကို နှောင်ကြိုးနဲ့ ဝေးရာလွင့်ပျံသွားစေချင်တာ။ ဒါပေမယ့် ထောက်ထား စရာတွေ ရှိနေလို့။ ကျွန်တော် သူ့ကိုကျေးဇူးတရားဆိုတဲ့ ကြိုးနဲ့ တုတ်နှောင်နိုင်မှဖြစ်မယ်"

"ဒါဆိုလည်း မောင်ရှိန်ဝါရယ် အေးအေးဆေးဆေးပဲ ဌာနချင်း ထဲမှာလုပ်ဆိုပြီး ခေါ်သွားလိုက်ပါလား"

"အဲဒီလို မဖြစ်ဘူး"

"ဘာလို့လဲ"

"ကိုသူရက အလုပ်မထုတ်ဘဲ ကျွန်တော်က ခေါ်လိုက်ရင် ဒီကောင် ထစ်ခနဲဆို ကိုသူရဆီမှာ ပြန်လုပ်မယ်ပဲ ဖြစ်မှာပေါ့။ အဲဒါ ကြောင့် မျှော်လင့်ချက်ကိုစွတုံးအောင် လုပ်ချင်တာ"





"ခက်တယ်ကွာ"

ခုမှကိုသူရ ခေါင်းကျပ်နံကျပ်ပါပဲ။ ဘုန်းရှိန်ဝါကတော့ အဖြတ် အသတ်ကိုပဲ အနိုင်လိုချင် နေသည့်ပုံ။ တကယ်ဆိုရင် သံယောဇဉ် ဆိုတာ ဘာနဲ့မှဖြတ်လို့မရဘူးလေ။ သူ့အဲဒီလိုလုပ်တော့ရော ဟိုနှစ် ယောက်ကို သူ့အမြဲတမ်း မျက်လုံးဒေါက်ထောက် ကြည့်နေနိုင်မှာ မို့လော။

"ကိုသူရ့အတွက် ခက်ခဲနေရင်လည်း ရပါတယ်။ ကျွန်တော် အလုပ်ထုတ်ဖို့ အကြောင်းရင်းတစ်ခုနဲ့ ဖန်ဆင်းလိုက်မယ်"

"ကောင်းပြီလေ။ မောင်ရှိန်ဝါ ဖြစ်စေချင်သလို ဝသန့်ကို တစ်ကို အလုပ်ထုတ်လိုက်ပါ့မယ်။ မောင်ရှိန်ဝါ ခေါင်းစားမနေပါနဲ့"

ရှိန်ဝါ ပြုံးလိုက်တာကိုကြည့်ပြီး ကိုဝင်းသူရ စိတ်ထဲမှာတော့ သက်သာပါ။ ကိုယ်ကအလုပ်ထုတ်လိုက်တယ်ဆိုတာကမှ အကြောင်း ချက်က ရိုးရိုးလေးပဲရှိနေမှာ။ ကောင်လေးရဲ့ သိက္ခာကိုလည်း မထိ ခိုက်ဘူးလေ။ ရှိန်ဝါက ဘယ်လိုကြံမယ်မှန်းမှမသိတာ။ သူကြံမှ ကောင် လေးသိက္ခာကျ အရှက်ရနေရင် မကောင်းဘူးပေါ့ ။

"ဒါဆို ကျွန်တော် စိတ်ချနေမယ်"

"အိုကေ . . . အိုကေ"

ပြောပြီး ရှိန်ဝါမျက်မှန်ကိုတပ်၍ နှုတ်ဆက်ကာ ထွက်သွား သတော့ ကိုဝင်းသူရ သက်ပြင်းချလိုက်မိ၏။ ငွေများတရားနိုင်ပဲဆိုရင် သူများ မတရားသူနိုင်တယ်ပဲပြောပြော ကိုယ်ကသူတို့ကျေးဇူးနဲ့ ကောင်း သူဆိုတော့ စိတ်မပါစွာနဲ့ ဝသန့်ကို အလုပ်ထုတ်ရဦးမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်လောက် အကြာမှာတော့ မြေနိမ့်ရာလှိုင်း ဲ့သလိုမျိုး ကိုဝင်းအူရ ရှာမရသေးတဲ့ အလုပ်ထုတ်ဖို့အကြောင်း ချက်က သူ့အလိုလိုပဲ ဖြစ်တည်လာခဲ့သည်လေ။ ဒါ . . . . . ကံကြ ရှိန်ဝါ့ကို မျက်နှာသာပေးလိုက်တာလား။

ရေနုစ်သူ ဝါးကူထိုးသလို ကိုယ်ကတော့ ထိုးနစ်တဲ့ ဝါး ရှည်ကြီးဖြစ်ဦးမည်သာ။

"မင်း မစားရသော်ခံနဲ့ ကောက်ရိုးပုံစောင့်လို့စောင့်ထ ပြောတာ မခံနိုင် လဲသေပေါ့ကွ"

"ဟော့ကောင် ဝင်းလတ်။ မင်း စကားပြောမရှင့်နဲ့နော်။ အချင်းချင်းမို့ သည်းခံနေတာကို ကြောက်လို့လို့ မထင်နဲ့"

"ငါပြောတာ မဟုတ်ဘူးလား။ မင်းမှာ နှောင်ကြိုးကို ကြိုး စာပေးမကြိုက်၊ ဒီလူချည်းစားစကားပြော မကြိုက်နဲ့။ အခုတော့ ရွှေသဖင်အပင်မြင့် လေသင့်ရာမှာ မွေးနေပြီလေ။ မင်းပဲ ဟောင်း လွန်းလို့ ခဲပေါက်ခံရတာပဲ အဖတ်တင်တာ"

"ဟော့ကောင်"

ဝသန် ထိုင်နေရာမှ ဆတ်ခနဲထရပ်လိုက်၏။ အဲဒီလော အထိ စော်ကားတာတော့ ဝသန်မခံနိုင်ဘူးလေ။ တကယ်တော ဝင်းလတ်ကလည်း နှောင်ကြိုးကို ကြိုက်နေသူပါ။ အဲဒါကြောင့် နှောင်ကြိုးကို ချည်းစားစကားပြောတိုင်း ဝသန်နဲ့စကားများရလို့ သေ အပေါ်မကျေနပ်ခဲ့သူလေ။ ပြီးခဲ့တာတွေက ကြာပြီပဲဥစ္စာ။

အခုမှ ဘာစခန်းထရတာလဲ။





"ဘာလဲ ငါပြောတာ မကျေနပ်ဘူးလား။ ငါက မှန်တာ ပြောတာပဲလေ"

"မင်းတော်တော့ ဝင်းလတ်။ ငါ သည်းမခံနိုင်တော့ဘူးနော်"

"သည်းမခံနိုင်တော့ မင်းက ဘာလုပ်ချင်တာလဲ"

"မင်းထပ်ပြောရဲပြောကြည့်"

ပြောတယ်ကွာ ဘာဖြစ်လဲ။ မင်းက ကောက်ရိုးပုံစောင့်တဲ့ ခွေး။ မစားရဘဲ ပမ်းဟောင်နေတဲ့ ပမ်းခွေး။

"တောက် . . . ကဲကွာ"

"ခွပ် . . ."

"ဟာ"

"ခွပ်"

"ဟယ် . . . ရန်ဖြစ်ကုန်ပြီ။ လုပ်ကြပါဦး"

သူတို့ကိုယ်တိုးနှင့် ရန်ဖြစ်ကြတော့ ဝန်ထမ်းချင်း လုပ်ဖော် ကိုင်ဖက်တွေရောက်လာပြီး ဆွဲကြလွဲကြနှင့် နောက်ဆုံးသူဌေးရုံးခန်း ထိရောက်ခဲ့ကြသည်လေ။

"မင်းတို့ အလုပ်ထဲမှာ စည်းမရှိ ကမ်းမရှိ အလုပ်ထဲမှာ ရန်ဖြစ်ကြတာ ကောင်းလားကွ။ ငါ့အလုပ်ထဲမှာဖြစ်တော့ ငါပဲ နာမည်ပျက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူက ကျွန်တော့်ကို ရန်စတာသူဌေး။ ကျွန်တော် မခံနိုင်လို့ ထိုးမိတာပါ"

"ဘာပဲဖြစ်ဖြစ် ဒီကုမ္ပဏီက ဝန်ထမ်းချင်းအတူ စတဲ့ကလည်း မစသင့်ဘူး။ အစခံရတဲ့သူကလည်း သည်းခံလိုက်ရင် ဒီကိစ္စ ပြီးသွားမှာ။ မင်းတို့မကျေနပ်ရင် အပြင်မှာဖြစ်ကြပေါ့။ ခုတော့"

နှစ်ယောက်စလုံး သူဌေးဆူတော့ ခေါင်းငုံ့ကာ ရပ်နေကြသည်။ လွန်သွားတဲ့ကိစ္စက ပြန်ပြင်ယူလို့မှ မရတော့ပဲလေ။

"မင်းတို့မှာ အပြစ်ရှိလား"

"..... ......"

"ပြောကြလေကွာ"

"ရှိပါတယ် သူဌေး"

"အေး . . . ရှိတယ်ဆိုရင် ကိုယ့်အပြစ်ကို ကိုယ်သိ။ မင်းတို့ နှစ်ယောက်စလုံးကို ငါအလုပ်ဖြုတ်တယ်"

"ဗျာ"

တစ်ယောက်တည်းကို ရွေးပြီး အလုပ်ဖြုတ်ရင် မတရားရာ ကျမှာစိုးလို့ နှစ်ယောက်စလုံးကိုပဲ အလုပ်ဖြုတ်လိုက်ရတော့သည်လေ။ အဲဒီတော့ ပန်းကြွေစောင့်ကောက်တဲ့လူလို ဝသန့်ကိုကောက်ပြီး ကြိုး နဲ့သီဖို့ရောက်လာသူက ဘုန်းရှိန်ဝါပဲပေါ့။

"ဝသန့်"





"ဗျာ . . . ကိုကြီး"

"မင်း အလုပ်ပြုတ်လာတယ်ဆို"

"ဟုတ်ကဲ့"

"ဘာဖြစ်လို့လဲ"

"ရန်ဖြစ်လို့ပါ"

"ကောင်းတာပေါ့ကွာ။ အခု မင်းဘာလုပ်မယ် စဉ်းစားထားသလဲ"

ဝသန့်ခေါင်းခါပြလိုက်၏။ လောလောဆယ်အဖို့ စဉ်းစားလို့ ရသေးဘူးလေ။ အလုပ်ထပ်ရှာရမှာပေါ့။ ဒါပေမယ့် အလုပ်တစ်ခု ထပ်ရဖို့က လွယ်တော့မလွယ်ပေ။

"လောလောဆယ်တော့ အလုပ်လက်မဲ့ မိဘလုပ်စာထိုင်စား ဖြစ်ပြီပေါ့သားရယ်။ ဒီအလုပ်ကလေးက အဆင်ပြေနေတာ။ ခုတော့ သွားပြီပေါ့။ သည်းခံစိတ်မှမရှိတာ"

ကိုယ့်အလွန်ပဲ ဖြစ်ပြီပေါ့လေ။ တစ်ဖက်လူရဲ့ စော်ကားမော်ကားစကားတွေကျ ကြားမှမကြားကြတာ။ ခေါင်းငုံ့ခံနေရအောင်လည်း ရွှေပြည်အေးတရားဟောနေတာမှ မဟုတ်တာ။ လူတိုင်းစိတ်နဲ့ပဲဗျာ။ သည်းခံတဲ့အတိုင်းအတာကို လွန်လာရင် ဘယ်သူက သည်းခံနိုင်မှာတဲ့လဲ။

"ခုမှတော့ ပြောမနေပါနဲ့တော့ အမေရယ်။ ဒီကောင့်ကိုသား အလုပ်ထဲမှာပဲ နိုင်းရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကိုကြီးက သူ့အလုပ်ထဲ ခေါ်နိုင်းမယ်ဆိုတော့ ဝသန်လိုက် ဝမ်းသာသွားလေသည်။ ကိုကြီး အလုပ်ထဲမှာလုပ်ရင် ကိုကြီးကို နေ့တိုင်း တွေ့မြင်နေရမှာပေါ့။

"ဖြစ်ပါ့မလား၊ သားကြီးရယ်။ သူက အခုတောင်"

"ဖြစ်ပါတယ် အမေရဲ့။ သားနောက်ကို ရန်မဖြစ်တော့ပါဘူး ပြီးတော့ ကိုယ့်ကိုကြီး အလုပ်ထဲမှာဆို သားပိုပြီးကြိုးစားရမှာပေါ့"

"ကောင်းပြီ။ ဒါဆို မင်းအဆင်ပြေမယ့်နေ့ ငါ့ကိုမှထိ လာခဲ့"

"ဟုတ်ကဲ့ ကိုကြီး"

ဝသန်မှာတော့ ဝမ်းသာအားရပါ။ သူက သမားရိုးကျအတွေး ကို။ ထကယ်တော့ ရှိနိုဝါက သူ့ကိုစေတနာဗန်းပြပြီး ဝေဒနာ ပေးတော့မယ်ဆိုတာ. . . . . .

● ● ●





## အခန်း (၂၃)

အမေ ပါလာမယ်ဆိုလို့ နောင်ကြိုး ကိုကြီးပြန်လာမယ့် ကားသံကိုပဲ နားစွင့်နေမိသည်။ နောက်တော့ နားစွင့်နေရတာနဲ့ အားမရ နိုင်ဘဲ ခြံထဲဆင်းပြီး ဒန်းလေးပေါ်မှာ ထိုင်စောင့်နေလိုက်၏။ ညနေ စောင်းဆိုတော့ ညနေဆည်းဆာ၏အလှက ပို၍ပန်းရလို့နေသည်လေ။ ဒီလိုအချိန်မျိုးကို အကျည်းတန်တဲ့ လူတွေလှတဲ့အချိန်လို့တောင် ပြောကြတာ. . .

လှပြီးသားဖြစ်တဲ့ နောင်ကြိုးခင်ခင်ကတော့ အသားရောင် တလေး ဝင်းနှစ်နေပြီး နတ်မိမယ်လေးလိုပါ။

"ဟော"

ခြံထဲကို ကားဝင်လာတာမြင်တာနှင့် နောင်ကြိုး ထရပ်လိုက် သည်။ ပြီးတော့ ကားရပ်မည့်နေရာသို့ ခပ်သွက်သွက် လှမ်းလာခဲ့ပြီး ကားရပ်လို့ ကားတံခါးဖွင့်ပြီး အမေဆင်းလာတာနှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"သမီး"

"အမေ"

နောင်ကြိုး အမေ့ခါးကို ပြေးဖက်လိုက်မိသည်။ မတွေ့ရတာ ကြာတော့ လွမ်းနေသည်လေ။ အဖေဆိုရင် ပိုဆိုးတာပေါ့။ ကိုကြီး နောင်ကြိုးကို အိမ်ပြန်ခွင့်မပေးဘဲ အဖေနဲ့အမေကိုသာ ဒီအိမ်ကို ခေါ် လာတတ်တာ။ အဖေကတော့ အလာကျဲပြီး အမေကတော့ ခုလို ခဏခဏ လာတတ်သည်သာ။

ဝသန်ကတော့ နောင်ကြိုးသူအလုပ်လုပ်တဲ့ ကုမ္ပဏီကိုလိုက် သွားပြီးကတည်းက မတွေ့ရတာ ခုထိပေါ့။

"အမေ့ သမီးလေးကတော့လေ တစ်နေ့တခြားကို ပိုပိုပြီး လှလာတာ ကြည့်လို့ကို မဝဘူးသိလား"

"ကဲ. . .အမေ"

"ဘာလဲ သား"

"အိမ်ထဲဝင်လေ။ အိမ်ထဲရောက်မှပဲ အလွမ်းသယ်ကြ"

"အေးပါ သားရယ်"

ရှိန်ဝါက ရှေ့မှဦးဆောင်ပြီးအိမ်ထဲဝင်လေတော့ နောင်ကြိုးတို့ သားအမိလည်း ဝင်ခဲ့ကြပြီး ဧည့်ခန်းထဲမှာထိုင်ကြလေလျှင် . . .

"အဖေ နေကောင်းရဲ့လား အမေ"





"ကောင်းပါ့တော်. ဒေါင်ဒေါင်ကိုမြည်လို့ပဲ"

"ဟုတ်လား ဒေါင်ဒေါင်မြည်တဲ့အသည်းပေါ့"

-နောင့်ကြိုးစကားကြောင့် ရယ်လိုက်မိကြ၏။ ရှိန်ဝါ အမေ တို့အိမ်ရောက်တုန်း သူ့ရည်ရွယ်ချက်နှင့် ဆန္ဒတွေကို ပြောပြချင် ပြီ။ ပြောပြထားမှ ဖြစ်မှာလေ။ ခုဆိုရင် နောင်ကြိုးက သူ့မျက်စိ ထဲမှာ တစ်နေ့တစ်ခြား ပိုပိုပြီး လှလာလို့ သူ့မှာစိတ်မချနိုင်ဖြစ်နေ တာပါ။

"ဒါနဲ့ ဝသန်ရော အမေ"

ဝသန်ကို မေးလိုက်တာနှင့် . . .

"အမယ်လေး သူ့အကြောင်းတော့ မပြောပါနဲ့သမီးရယ်၊ အခု အလုပ်ပြုတ်"

"အမေ"

"ဟင်"

ရှိန်ဝါခေါ်လိုက်တာကြောင့် စကားကပြတ်သွား၏။ ဒေါ်ခင်ခင် တို့နှာရှိုပ်၊ မျက်နှာကဲကို နားလည်ပါသည်လေ။ ရှိန်ဝါ့ကိုအကြည့်မှာ ခေါင်းခါပြလိုက်တာနှင့် သဘောပေါက်ပြီးသားပါပဲ။ ဝသန်အလုပ်ပြုတ် ပြီ့ သူ့အလုပ်မှာခေါ်ခိုင်းမှာကို ရှိန်ဝါ နောင်ကြိုးကို မသိစေချင်ပေ။

"ဘာလဲ ဝသန် အလုပ်ပြုတ်လို့လား အမေ ဟုတ်လား"

"ဟုတ်တယ်။ အလုပ်ထဲမှာ ရန်ဖြစ်လို့တဲ့။ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူတို့သူဌေးက အလုပ်ဖြုတ်လိုက်တာ။ သူ့အတွက် နင် ပူမနေပါနဲ့။ သင့်တော်တဲ့အလုပ် ငါရှာပေးမှာပါ''

''ဪ. . .''

ဝင်ပြောလိုက်သူက ဘုန်းရှိန်ပါပဲ။ တကယ်ဆိုရင် နှောင်ကြိုး သူ့အကြောင်းတွေကို အများကြီး မေးချင်တာလေ။ ဝသန် နေကောင်း ရဲ့လား။ နှောင်ကြိုးကိုမှ သတိရသေးရဲ့လား။ ပိန်လား။ ဝလားဆိုတာ တွေပေါ့။ ဒါပေမယ့် ''ဪ''နဲ့သာ အဆုံးသတ်လိုက်ရတဲ့ အဖြစ် နင့်ကို ငါ အရမ်းသတိရနေတယ် ဝသန်။

နင့်ကို ငါတွေ့ချင်လိုက်တာဟာ။ ဒါနဲ့ ဝသန်အလုပ်ပြုတ် သွားတယ်ဆိုတော့. . .

''ကိုကြီး''

မျက်လုံးကသာ ကြည့်လေလျှင်. . .

''ဝသန့်ကို ကိုကြီးရဲ့ ကုမ္ပဏီမှာ တစ်နေရာစာလော ပေးလိုက်ပါလားဟင်''

''ဘယ်ဖြစ်မှာလဲ ဒီကောင်က ဆယ်တန်းအောင်ပြီးရုံ ပညာ အရည်အချင်းနဲ့ ငါက ဘယ်နေရာခန့်ရမှာလဲ။ ငါ့ကုမ္ပဏီမှာက ဘွဲ့ တွေပဲ အလုပ်ခန့်တာ။ သူ့ကိုခန့်ဖို့ဆို တစ်နေရာပဲ ရှိတာ။ အဲ နေရာကို ငါမခိုင်းချင်လို့''

''အဲဒါ ဘယ်နေရာလဲဟင်''

''သန့်ရှင်းရေး အလုပ်''





မျှော်လင့်ချက်နှင့် အတင်းမေးလိုက်ပြီးမှ သန့်ရှင်းရေးအလုပ် ဆိုတော့ ရင်ထဲမှာဟာသွားသလိုနှင့် မျက်လုံးတောက်တောက် ကလေး အရောင်မှိန်သွားလေသည်။

''နှောင်ကြိုး''

''ရှင်''

''အမေ့ အတွက် အပူအအေး တစ်ခုခု စီစဉ်ပေးပါဦး။ နင် ကိုယ်တိုင်လုပ်နော်။ အမေရောက်တုန်း ရောက်ခိုက်ပြုစုရမယ့် တာဝန် နင့်မှာရှိတယ်''

''ဟုတ်''

နှောင်ကြိုး ထသွားလေတော့၏။ အမေ့ကို ပြောစရာရှိလို့ နှောင်ကြိုးကို ပထုတ်လိုက်တယ်ဆိုတာ ရှိန်ဝါ ကိုယ့်တာသာပဲ သိသည် သာ။ ပြီးရင်တော့ အမေပါ သိရမှာပါ။

''အမေ''

''ဟင်''

''အမေ့ကို ကျွန်တော် ပြောစရာရှိတယ်''

''အင်း. . . ပြောလေ။ ဘာပြောမလို့လဲ''

''ကျွန်တော့် စကားကို အမေ လေးလေးနက်နက် နားထောင် ပေးပါနော်''

''ဪ. . . သားရယ် ပြောစရာ ရှိတာသာ ပြောစမ်းပါ။ ဘာပြောမှာလဲပြော''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က စကားကိုသွယ်ဝိုက်မနေတတ်ဘူး။ ဖေဖေက ကျွန်တော့်ကို မှာထားယ်။ နှောင်ကြိုးနဲ့ပဲ မင်းလက်ထပ်ရမယ်တဲ့"

"ဟင်"

"အဲဒါ ကျွန်တော် နှောင်ကြိုးနဲ့ လက်ထပ်ချင်တယ်။ အမေ သဘောတူပေးနိုင်မလား"

ဒေါ်ခင်ခင် ချက်ခြင်းကြီးတော့ ဘာဖြေရမှန်းမသိပေ။ လက်ခံလိုက်ရင် ရပ်ကွက်ထဲက သူတွေပြောသလိုများ ဖြစ်နေမလား။ အို . . ဘာပဲဖြစ်ဖြစ် ချိုးမွှမ်း ခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ပါပဲ။ ဒါ . . . ကိုယ့်သမီးလေး တစ်ဘဝလုံးကောင်းစားဖို့အတွက်ပဲဟာ။ ဒုက္ခရောက်ရင် အဲဒီ ပတ်ဝန်းကျင်က ကယ်တင်နိုင်ကြတာမှ မဟုတ်တာ။ ရှိန်ဝါရဲ့ ပိုင်ဆိုင်မှုတွေနဲ့ ချမ်းသာကြွယ်ဝမှုတွေက သူမတို့အတွက် ဒီတစ်သက်မျှော်မှန်းလို့ မရတော့ဘူးလေ။

"စဉ်းစားလှချေလား အမေရဲ့။ ဘာလဲ ကျွန်တော့်မှာ အမေ မကြိုက်တဲ့ အချက်ရှိလို့လား"

"မဟုတ်ပါဘူး သားရယ်။ အမေ စဉ်းစားနေတာက ပတ်ဝန်းကျင်က ဘာပြောကြမလဲ ဆိုတာကိုပါ"

"ပတ်ဝန်းကျင်ကို ထည့်စဉ်းစားမနေနဲ့ အမေ။ ပတ်ဝန်းကျင်ဆိုတာ သူ့ထက်သာမနာလိုတွေချည်းပဲ။ နိမ့်ကျရင်လည်း ကဲ့ရဲ့မှာပဲ"

"ဟုတ်ပါတယ်။ အမေ့ ဘက်ကတော့ ဘာမှပြောစရာမရှိပါဘူးသားရယ်။ ဒါပေမယ့် မိဘစကား နားထောင်ပြီး သားက သမီးလေးကို တကယ်မချစ်ဘဲနဲ့တော့ မဖြစ်စေချင်ဘူးလေ"





ဒါအပြောသင့်ဆုံး စကားပါ။ မိဘစကား နားထောင်ရုံနဲ့ အချစ်မပါပဲ မဖြစ်စေချင်။ ကိုယ်တွေတုန်းကလည်း ချစ်လို့ပဲယူခဲ့တာ မဟုတ်လား။ အချစ်မပါတဲ့ အိမ်ထောင်ရေးက ဘယ်လောက်ပဲ စည်းစိမ်ဥစ္စာတွေ ပြည့်စုံနေပါစေ စိတ်ချမ်းသာရမှာ မဟုတ်ဘူးလေ။

"အချစ်မပါဘဲနဲ့တော့ မိဘ စကားကို နားထောင်ရုံသက်သက်နဲ့ ကျွန်တော် အိမ်ထောင်ရေးကို မတည်ဆောက်ဘူး အမေ။ အဲဒါက မိုက်မဲခြင်းပဲ။ ကျွန်တော် နှောင်ကြိုးကို ချစ်ပါတယ်။ ငယ်ငယ်လေးကတည်းက ပြေအေးတည်ငြိမ်သားအခါမှာ တစ်နေ့ ငါလက်ထပ်ရမယ့် မိန်းကလေးလို့ စိတ်ထဲမှာစွဲမြဲလာပြီးကတည်းက အခု ပြန်လာတဲ့ အချိန်မှာ အရမ်းကို ချစ်ခဲ့မိပါတယ်"

"ဒါဆို သားက ဘယ်တော့လောက် လက်ထပ်ချင်တာလဲ"

"အစကတော့ သူကျောင်းပြီးမှပဲ လက်ထပ်မယ်လို့ စဉ်းစားထားတာပါ။ အခု ကျွန်တော် သူ့ကိုစိတ်မချတော့ဘူး အမေ။ သူ့ရင်ထဲမှာက သားထက် ဝသန့်ကိုပိုပြီး ခင်တွယ်နေတာ"

ဒေါ်ခင်ခင် ခေါင်းညိတ်လိုက်မိပြီး . . .

"အမေ့ဘက်က ဘာမှကန့်ကွက်စရာ မရှိပါဘူး သားရယ်။ အမေ သဘောတူပါတယ်"

ရှိန်ဝါ ကျေနပ်သွားလေ၏။ ဒါပဲလေ အရည်အချင်းတူ၊ ချစ်သူချင်းတူရင် လူအများစုက ဂုဏ်တွေ၊ ဒြပ်တွေကို မက်ကြတာပဲ မဟုတ်လား။ မမက်တဲ့ ...ရှိရင် လက်ချိုးရေတွက်လို့ ရတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူ့ကိုစိတ်မချလို့ အမြန်ဆုံး လက်ထပ်ချင်တာ။ လက်ထပ်ပြီးလည်း ကျောင်းဆက်တက်လို့ ရတာပဲလေ"

"ဟုတ်ပါပြီ။ အမေကလည်း သားသဘောပါ။ သားစိတ်ချမ်းသာသလို လုပ်ပါ"

"အခု လောလောဆယ်တော့ ကျွန်တော် ခရီးထွက်ရဦးမယ် အမေ။ ပြန်လာမှပဲ စီစဉ်ကြတာပေါ့"

"သားက ဘယ်ကို ခရီးထွက်ရမှာလဲ"

"ပြင်ဦးလွင်ကို သွားရမှာ အမေ။ အလုပ်ကိစ္စနဲ့သွားရဆိုတော့ တစ်လလောက်များ ကြာမလား မသိဘူး"

"တစ်လတောင်လား သားရယ်"

"ဟုတ်တယ်။ ဟိုမှာ ဝယ်ထားတဲ့ခြံက ရှင်းရလင်းရဦးမှာလေ"

"အေော်. . ."

နှောင်ကြိုး ပြန်ထွက်လာတာ မြင်တာနှင့် စကားကပြတ်သွားလေသည်။ ဒီကိစ္စကို သူ့ကိုကြိုပြီး အသိပေးလို့ မဖြစ်ပါဘူးဒါကြောင့် စကားကိုဖြတ်ထားလိုက်ကြခြင်းပါလေ။

"အမေ. . . အမောပြေ အမေကြိုက်တဲ့ သံပုရာရည်ပဲ သမီးဖျော်လာခဲ့တယ်"

"အေး. . . ကောင်းတာပေါ့ကွယ်"





"အမေ. . ."

"ဟင်. . . ဘာလဲသား"

"ကျွန်တော် ခရီးသွားရင် အမေ့သမီးနဲ့ အမေ လာနေပေးမှာနော် အမေ"

"အေးပါ သားရယ်။ အမေ လာနေပေးမှာပါ"

"ဟင်. . . ကိုကြီးက ဘယ်ကိုသွားမှာလဲ"

"ပြင်ဦးလွင်ကို"

"ဪ"

ပြောပြီး ရှိန်ဝါ နှောင်ကြိုးမျက်နှာကို အကဲခတ်သလို ကြည့်လိုက်၏။ သူမ ရင်ထဲမှာ ဘာတွေရှိနေမလဲ။ ကိုယ်ခရီးသွားမယ် ဆိုလို့ပျော်နေမလားပေါ့လေ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

သတိရလိုက်တာ နှောင်ကြိုးရယ်။ မတွေ့ရတာတော င် အတော်ကြာနေပြီနော်။ ကိုကြီးနဲ့ လိုက်သွားပြီ ဆိုကတည်းက ဆံပင် တွေလာပေးတဲ့နေ့က တစ်ခါပဲ တွေ့ရတယ်။ နောက်ပိုင်း လုံးဝမတွေ့ ရတော့ပေ။ နှောင်ကြိုး ဖုန်းရှိပေမယ့် ကိုယ့်မှာဖုန်းမရှိတော့ ဖုန်းဆက် လို့လည်းမရ။ သူများဖုန်းနဲ့ ခေါ်ဖို့ကျတော့လည်း အမေ့ကို ပြန် ပြောကြမှာ ကြောက်နေရလို့ မခေါ်ရဲပါဘူး။

သတိရမိတော့ သတိရတိုင်း အုတ်ရှိုက်ထားတဲ့ ဓာတ်ပုံလေး ကိုကြည့်လိုက်။ နှောင်ကြိုး လာပို့တဲ့ နှောင်ကြိုးရဲ့ ဆံပင်တွေ ကြည့်လိုက်။ အလွမ်းပြေပေါ့လေ။

"သား"

"....."





နောက်ကနေ ခေါ်လိုက်တာ အဖေဖို့ ဝသန် ဓာတ်ပုံနှင့် ဆံပင်ထည့်ထားတဲ့ ဗူးလေးကို နောက်သို့ဝှက်လိုက်စဉ်...

"ဝှက်မနေပါနဲ့ သားရယ်။ အဖေ ကြည့်နေတာ ကြာပါပြီ။ သား ဘာကိုကြည့်နေတယ်ဆိုတာ အဖေ မြင်ပါတယ်"

ဒီတော့မှ ဝသန့်လက်တွေ ရှေ့သို့ပြန်ရောက်လာပြီး ခေါင်း ငုံ့ထားမိ၏။ အဖေ ဘာများပြောတော့ မလဲပေါ့လေ။

"သား"

"ဗျာ"

"မင်း...သမီးကို အရမ်းသတိရနေတာ မဟုတ်လား။ အဖေ သိပါတယ်ကွာ"

ခေါင်းညိတ်ပုံက မရဲတရဲနှင့်ပါ။

"သတိရရင် သွားတွေ့ပေါ့ကွ။ ကိုယ့် ညီမပဲ ဥစ္စာ"

"ကျွန်တော် မတွေ့ရဲဘူး အဖေ"

"ဟော...ဘာဖြစ်လို့လဲ"

"လူလုချင်း ကြောက်စရာမရှိပေမယ့် ရှိသေတာပါ။ ကိုကြီးက ကျွန်တော့်ကို မြင်ရင်အမြဲတမ်း မျက်နှာထားက တင်းနေတာ"

"မင်းပဲပြောတော့ သူခရီးထွက်သွားတယ်ဆို"

"ကိုကြီး မရှိပေမယ့် အမေရှိနေတယ်လေ အဖေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို အိမ်မသွားနဲ့ ကျောင်းမှာသွားတွေ့ကွာ"

"ဟင်"

ဝသန် အဖေ့ မျက်နှာကို ခပ်ငေးငေးလေး ကြည့်လိုက်မိ
အဖေက တွေ့စေချင်သတဲ့လား။

"အဖေ မင်းကို နားလည်တယ်သား"

". . . . . . ."

"သွားတွေ့လိုက်ပါ"

ပခုံးကို တင်းတင်းဆုပ်ပြီး ပြောလိုက်တဲ့ အဖေ့ စကား
ဝသန့်အတွက် အင်အားတွေပါ။ ဒါကြောင့် ခေါင်းညိတ်ပြီး နောက်
မှာတော့ ဝသန် နှောင်ကြိုးတို့ကျောင်း ရောက်ခဲ့သည်လေ။ ခြေ
ကျကျတွေ့ရဖို့ မဟုတ်ခဲ့ပါဘူး။ လာမယ့်လမ်းကနေ စောင့်ပြီး သစ်ပ
ကွယ်ကနေ ချောင်းကြည့်နေခဲ့တာပါ။

မျက်နှာလေးကို အလွမ်းပြေ မြင်ခွင့်ရရင် ကျေနပ်ပါပြီလေ

"ဟော . . ."

လာပါပြီ။ နှောင်ကြိုးနှင့် သူ့သူငယ်ချင်း နှစ်ယောက်
အလယ်က နှောင်ကြိုးအရွယ်က ထင်းနေတာပါပဲ။

"နင်မို့လို့ပေါ့ နှောင်ကြိုးရယ်။ ငါသာ နင့်နေရာမှာဆိုရင်
'နေမင်းကိုကို'ကို ပြန်ကြိုက်ပစ်လိုက်တာကြာပြီ"

"ကြိုက်လေ . . . ကြိုက်ပါလား။ အခုသွားကြိုက်"





"သူက ငါ့ကိုမကြိုက်လို့ပေါ့ဟဲ့ အဟီး"

ဝါဝါနိုင်က စပ်ဖြီးဖြီးနဲ့ပြောပြီး ရယ်လေသည်။ နေမင်းကိုကိုက
ချိတ်ပိုင်းကြိုက်တဲ့ နှင်းဆီနိုင်ကို။ နှောင်ကြိုးကတော့ မကြိုက်ဘူးလေ။
ကိုယ့်ရင်ထဲမှာ တစ်ဦးတစ်ယောက်က ရှိနှင့်ပြီးသားပါ။ သူ့နေရာမှာ
ဘယ်သူ့ကိုမှ အစားထိုးလို့မရပါဘူး။ သူ့ဘက်က ဘယ်လိုသံယောဇဉ်
ရှိမသိပေမယ့် ကိုယ့်ဘက်ကတော့ ဝေးမှပိုလို့ထင်ရှားလာခဲ့တာသည်
ဝသန့် အချစ်ကိုမျှော်လင့် နေမိသည်ဆိုတာပါပဲ။

တွေးရင်းနဲ့ သတိရလိုက်တာ . . .

"နှောင်ကြိုး"

"ဘာလဲ"

"ငါအထင်တော့ နင့်ရင်ထဲမှာ တစ်ယောက်ယောက် ရှိနေ
တယ်ထင်တယ်။ ဟုတ်လား"

"ဟုတ်တယ်"

မဆိုင်းမတွ ဖြေလိုက်မိ၏။

"နင် အရမ်းလျှိုတာပဲ။ ဘယ်သူလဲ ပြောပြပါဟ"

"ဟဲ့"

ဟဲ့ဆိုပြီး နှောင်ကြိုးကို လက်ကုတ်လိုက်သူက ဇာနွယ်လင်း
ပါ။ သူမ ဘာရယ်မဟုတ် သောဘီကိုကြည့်မိရင်းက သူတို့ကိုမြင်မှ
သစ်ပင်ကွယ်ကို ဝင်ပုန်းလိုက်တဲ့ လူတစ်ယောက်ကိုမြင်ပြီး လက်ကုတ်
ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟဲ့. . ."

"တို့ကိုမြင်မှ ဟိုသစ်ပင်ကွယ်ကို လူတစ်ယောက် ဝင်သွားတယ်"

"ဟုတ်လား"

"ဒါဆို တစ်ခုခုတော့ မသင်္ကာစရာပဲ"

"အေး. . . တို့သွားကြည့်ရအောင်"

"ဟာ. . . . လူကောင်းမှန်းမသိ၊ လူဆိုးမှန်းမသိနဲ့ ငါမလိုက်ရဲဘူး"

ဇီဇီခါငြင်းလိုက်သူကတော့ ဇာနွယ်လင်းပါပဲ။ သူ့ပုံမြင်ပြီး သူ ကြောက်နေတာလေ။

"နင်ကလဲ တို့သုံးယောက်ကို"

"တို့သုံးယောက်က မိန်းကလေးတွေလေ။ ဟိုက ယောက်ျားဟဲ့"

"ယောက်ျားလည်း သူဘာလုပ်လို့ရမှာလဲ။ တစ်ခုခုဆိုလည်း တရားဥပဒေရှိတယ်"

"တရား ဥပဒေက နောက်မှပါ။ သေစရာရှိရင် ကိုယ်အရင်သေမှာ"

"ဒါဆိုလည်း နင်ကျန်ခဲ့။ လာ. . . ဝါဝါ နင်နဲ့ငါသွားမယ်"

"အေး. . . . သွားမယ်"





ဝါဝါကတော့ နှောင်ကြိုးနဲ့ စိတ်တူကိုယ်တူ လိုက်လေသည်။ ဒီတော့မှ ဇာနွယ်လင်းလည်း နောက်မှလိုက်လာလေ၏။

ထယ်. . .

နှောင်ကြိုးတို့ သွားပြီလားလို့ ကိုယ်လေးကို သစ်ပင်နှင့် ကွယ်ကာ မျက်နှာလေး ထုတ်ကြည့်လိုက်တော့. . .

"ဟိတ်"

"အမေ့"

"ဟင်"

ဝသန် သစ်ပင်ကို ကျောနှင့်ဖိကပ်ထားမိပြီ။ အံ့ဩခြင်း၊ စိုးရိမ်ခြင်းတို့နှင့် ကြည့်နေပုံက ဖြူစာနုကြောင်တောင်။ နိုးကြည့်ပါတယ် ဆိုမှ အမိခံရတဲ့ အဖြစ်ပါလား။ ကိုယ့်ရှေ့ကို နှောင်ကြိုးရောက်လာတော့ ချက်ခြင်းပဲ အငွေ့ပျံပျောက်ကွယ်သွားချင်လိုက်တာ။ ကိုယ်ဖျောက်ပျောက်လို့ရရင်လည်း အကောင်းသား။ ခုမှ ထွက်ပြေးလို့လည်းမလွှတ်တော့ဘူးလေ။

"ဝသန်"

". . . . . ."

"ဝသန်ရယ်"

ထင်မှတ်မထားဘဲ ဝသန် ကိုတွေ့လိုက်ရတော့ အံ့ဩခြင်းတို့နှင့်အတူ ပထမတော့ လိုက်ခနဲ ဝမ်းသာသွားတာ။ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုချောင်းမြောင်း ကြည့်ရှုနေရတဲ့အဖြစ်ကို ဝမ်းနည်းမိကာ မျက်ရည်တွေက ချက်ခြင်းဝေ့တက်လာ၏။

"ငါ . . . သွားတော့မယ်"

"ဝသန်"

နောင်ကြီး ဝသန့်လက်ကို အတင်းဆွဲထားတော့ ဝသန် မျက်နှာလွှဲလိုက်သည်။ နောင်ကြီး ဘာတွေမေးဦးမှာလဲ။ သူ့မှာဖြေစရာ မှမရှိပဲလေ။

"နင် ဒီကို ဘာလာလုပ်တာလဲ ဝသန်"

ဝသန်က မဖြေ။

"နင် ဖြေလေ ဝသန်ရဲ့"

"......."

"နင် ဘာလို့မဖြေတာလဲ။ ဖြေလိုက်ပါ ဝသန်ရယ်။ ငါ့ကို သတိရလို့ လာကြည့်တာပါလို့။ ဟုတ်တယ်မဟုတ်လား ဟင်။ နင် ဘာလို့ ငါ့ကိုမြောင်မတွေ့ဘဲ ခိုးကြည့်ရတာလဲ။ ငါ . . . နင့်ကို အရမ်း သတိရနေတာပါဟာ။ နင် မသိဘူးလား။ ငါ . . . နင့်ကို အရမ်းသတိ ရနေတာ"

နောင်ကြီးက သူ့လက်မောင်းကို လှုပ်ကာလှုပ်ကာ မေးပေမယ့် ဝသန် ဘာမှပြန်မပြောနိုင်ခဲ့တာ မျက်ရည်မကျမိအောင် ထိန်း နေလို့ပါ။ သူဘယ်လောက် ခံစားနေရလဲ။ ကိုယ့်ကိုယ်ကိုသာ အသေ ဆုံးပါလေ။





"ဝသန်"

"......."

"ငါ့ကို စကားပြန်ပြောဦးလေဟာ။ နင် ငါ့ကို သတိရနေတာ ဟုတ်လား။ နင် ငါ့ကိုအလွမ်းပြေ လာကြည့်တာ မဟုတ်လားလို့"

"......."

"ဝသန် နင်ပြန်ပြောလေ"

ဝသန် တံတွေးကို ကြိတ်ပြီး မျိုချလိုက်ကာ . . .

"ငါ့မှာ ပြောခွင့်မရှိဘူး နောင်ကြီး"

"ဘာလို့ ပြောခွင့်မရှိရမှာလဲ။ နင့်မှာ ပြောခွင့်ရှိတယ်။ နင့် စိတ်၊ ငါ့စိတ် . . . တို့နှစ်ယောက်လုံးရဲ့စိတ်ကို ဘယ်သူမှမပိုင် ဘူးလေဟာ"

ဝသန် နောင်ကြီးရဲ့ သူငယ်ချင်းနှစ်ယောက်ကို ကြည့်မိတော့ အဲဒီနှိုင်က အလိုက်သိစွာပဲ ဇာနွယ်လင်းကို လက်ကုတ်ခေါ်၍ ထွက် သွားကြလေသည်။

"ဟုတ်တယ်။ ငါ နင့်ကို အရမ်းသတိရနေတာ။ အဲဒါကြောင့် နင့်ကို အလွမ်းပြေလာကြည့်တာပါ"

"အဲဒါဆို ဘာလို့ ပုန်းလျှိုးကွယ်လျှိုး ကြည့်ရတာလဲ။ နင် ငါ့ကိုလွမ်းသလို ငါလည်း နင့်ကိုလွမ်းနေတာပဲလေ။ ဘာလဲ နင်က ကျတော့ ငါ့ကိုအလွမ်းပြေ ခိုးကြည့်ပြီး ငါကတော့ နင့်ကိုမြင်ခွင့်၊ အလွမ်းပြေခွင့် မရှိတော့ဘူးတဲ့လား"



www.burmeseclassic.com

ငါနဲ့နှင် တူမှမတူဘဲ နောင်ကြိုးရယ်။ ငါက ကျားလည်း ကြောက်ရ ကျားချေးလည်း ကြောက်ရဆိုသလို ကျေးဇူးတရားသော ခတ်ထားတဲ့ ဘောင်တွေစည်းတွေကြားမှာ လှုပ်လို့မရအောင် ပိညှပ်နေသူပါ။ ချစ်တာကိုမှ ချစ်တယ်လို့ ဖွင့်ပြောခွင့်မရ။ လူချင်းပေါင်း စည်းခွင့်ရဖို့ ဆိုတာဝေလာဝေးစွလေ။

နှင်နဲ့ ငါကြားမှာ . . . မဟာတံတိုင်းကြီး ခြားနေတယ် နောင်ကြိုး။ အဲဒီ တံတိုင်းကြီးကို ဖြိုဖို့ကျေးဇူးတရားတွေက ငါ့ရဲ့ခွန်အား တွေကို နှုတ်ယူထားလို့ပါ။

"ပြောလေ ဝသန်။ နှင် ဘာလို့မပွင့်လင်းရဲတာလဲ။ နှင် ယောကျ်ား မဟုတ်ဘူးလား"

"ယောကျ်ားပေမယ့် ကျေးဇူးတရားက ငါ့အတွက် ခြောက် ခြားစရာ တန္တေတစ်ကောင်လိုပဲ နောင်ကြိုး။ ငါ . . . အမေ့ကို စိတ်ဆင်း ရဲအောင် ဘယ်တော့မှမလုပ်ဘူး။ ငါ . . . ငါ သွားပါရစေတော့ဟာ"

"ဝသန်"

"......."

"ဝသန်"

ဝသန် နောင်ကြိုး လက်ကိုဖယ်ချခဲ့ပြီး ခြေလှမ်းကျဲများနှင့် ထွက်သွားလေတော့၏။ နောင်ကြိုးမှာတော့ အရုပ်ကလေး ကြိုးပြတ် ပေမယ့် လျှောကျသွားသလို ထိုင်ချလိုက်ပြီး တသိမ့်သိမ့် ရှိုက်ငို တော့သည်။





ငါ့သဝက . . . စင်ကောင်းလို့ အညွှန့်တက်ခွင့်ရတဲ့ ဘူးပင်ပါ နောင်ကြိုးရယ်။ စင်ပျိုတဲ့အထိတော့ အခွင့်အရေးရသလောက် မသီး ခံရစေနဲ့။ အရိပ်နေပြီး အခက်ကိုမချိုးချင်လို့ပါ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

နှောင်ကြိုး ရင်ထဲမှာ သောကတွေနှင့် ပူလောင်နေရ
ချစ်နေတာတောင် အချစ်ကိုထုတ်ဖော်ခွင့် မရ။ ကိုယ်က မိန်းက
လေ။ မနေ့က ဝသန်ကျောခိုင်းသွားပြီးတဲ့နောက် မိုးက သည်း
မည်းမည်း ရွာချသည်လေ။ နှောင်ကြိုး စိတ်ညစ်ညစ်နဲ့ ကျောင်း
မတက်ဖြစ်ဘဲ မိုးရွာကြီးထဲ လျှောက်သွားနေမိတာ . . .

ဒီနေ့တော့ ဖျားပြီ။ ကိုယ်ထဲလက်ထဲ နေမကောင်းဖြ
မယ့် ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဘယ်သူ့ကိုမှမပြောပေ။ ပြောလည်း
ချင်စိတ်မရှိလို့ မပြောဘဲ တစ်ယောက်တည်း ကြိတ်ခံစားနေ
နောက်တော့ ကိုယ့်ကိုယ်ကို ဘာဖြစ်သွားမှန်းပင် မသိပေ။

"အင်း . . . ဟင်း . . .. ဟင်း"

". . . . . . . ."





"အင်း . . . ဟင်း . . .. ဟင်း"

တစ်ယောက်တည်း ညည်းတွားနေမိစဉ် . . .

"ဒေါက် . . . ဒေါက်"

"သမီး"

"ဒေါက် . . . ဒေါက်"

"သမီး . . . နှောင်ကြိုး"

". . . . . . . ."

"နှောင်ကြိုး အမေ ခေါ်နေတယ်လေ"

". . . . . . . ."

အထဲမှ ဘာတုံ့ပြန်သံမှ မကြားရသဖြင့် ဒေါ်ခင်ခင် မျက်
ချောင်ကြုတ်သွားကော . . .

"ဒီကလေးမ ဘာဖြစ်နေပါလိမ့်"

တစ်ယောက်တည်း တီးတိုးရေရွတ်ရင်း တံခါးကို တွန်းကြည့်
လိုက်တော့ တံခါးက ပွင့်သွားလေလျှင် အခန်းထဲသို့ ဝင်လာခဲ့တော့–

"အင်း . . . ဟင်း . . .. ဟင်း"

"ဟင်"

"အင်း . . . ဟင်း . . .. ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

ညည်းသံကြောင့် သမီးအနားကို တိုးကပ်သွားပြီး နဖူးကို လက်နှင့် ထိကြည့်လိုက်တော့ ကိုယ်တွေက ခြစ်ခြစ်တောက် ပူနေလို့ပါ။ ဒေါ်ခင်ခင် ဘာလုပ်ရမှန်းမသိဘဲ အောက်ထပ်သို့ ပြေးဆင်းလာခဲ့ကာ . . .

"မဦး . . . မဦး"

". . . . . . . ."

"မဦးရေ . . ."

"ရှင်"

"လာပါဦး မဦးရေ . . . ဒုက္ခပါပဲ"

မဦးက အပြေးတစ်ပိုင်းနှင့် ရောက်လာကာ . . .

"ဘာဖြစ်လို့လဲ မမခင်"

"သမီး ကိုယ်တွေခြစ်ခြစ်တောက် ပူနေတယ် မဦးရယ်။ ခေါ်လို့လဲ မရဘူး။ ဘယ်လိုလုပ်ရမလဲ ပြောပါဦး"

"ဟုတ်လား"

မဦး စဉ်းစားသလို တွေတွေ လုပ်ပြီးမှ . . .

"ဒုက္ခပါပဲ မမခင်ရယ်။ ကိုခင်မောင်ကလည်း မောင်ရှိန်ဝါနဲ့ လိုက်သွားတယ်။ အိမ်မှာ မိန်းမသားတွေချည်းပဲ ကျန်ခဲ့တာ။ ကျန်





ကလည်း ဒီအိမ်ကိုစွတွေကလွဲရင် အပြင်မှာ လည်လည်ဝယ်ဝယ်ရှိတာ ဟုတ်ဘူး။ အဲဒီလောက် ဖြစ်နေရင် ဆေးခန်းသွားမှ ရမှာပေါ့"

"အေး . . . အဲဒါကိုပဲ ဘယ်လိုလုပ်ရမှန်းမသိတာ"

"တက်စီ ငှားပြီးသွားလို့တော့ ရပါတယ်။ ဒါပေမယ့် နောင်ကြီးက သတိလစ်နေတယ်ဆိုရင် ကားပေါ်ပွေ့တင်ဖို့ကအစ ဒုက္ခ"

"နေဦး . . . ဇါသူ့အဖေကို ဖုန်းဆက်ခေါ်လိုက်ဦးမယ်။ ဇါ့ကို ခေါ်ပေးပါဦး"

မှန်တာပြောရင် သစ္စာတဲ့။ ဒေါ်ခင်ခင် ကြိုးဖုန်းကိုမခေါ်တတ်ဘူး။ သမီးကိုင်တဲ့ ဖုန်းကိုသာ သမီးသင်ပြပေးထားလို့ ဖုန်းခေါ်တာနဲ့ ဖုန်းဝင်လာရင် ကိုင်တာလေးပဲ သိတာလေ။ ဒါကြောင့် မဦးကိုပဲ အကူအညီတောင်းရတာဖြစ်၏။ သမီးဖုန်းနဲ့ ခေါ်ဖို့ကျတော့ အပေါ်ထပ် ပြန်တက်ပြီး ယူနေရင်ကြာမှာစိုးလို့ပါ။ နှစ်ယောက်သား ဖုန်းရှိတဲ့ နေရာကို ရောက်လာကြပြီး . . .

"နံပါတ်ပြော . . . မမခင်"

ဒေါ်ခင်ခင် ဖုန်းနံပတ်ကို ပြောလိုက်လေလျှင် တစ်ဖက်မှာ သဲ . .

"ကိုဇော်ဦး . . . ကိုဇော်ဦးရေ"

အဖေ့ နာမည်ကို ခေါ်သံကြောင့် ဝသန် အဝတ်လျှော်နေရင်း တစ်ဖက်အိမ်ကို လှမ်းမျှော်ကြည့်လိုက်သည်။ ခေါ်တာက ဘေးအိမ် ကသဲလဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖော်ဦး . . . ကိုဖော်ဦးရေ"

"ဩော် . . . အန်တီ အဖေမရှိဘူး ခင်ဗျာ။ အဖေ အပြ
ခဏထွက်သွားတယ်"

"အဲဒါဆို နင်လာခဲ့ ဝသန်။ နင့် အမေ ဖုန်းဆက်တာ"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ဝသန် လျှော်လက်စ အဝတ်တွေကို ဒီအတိုင်းပဲထား
တစ်ဖက်အိမ်သို့ ကူးလာခဲ့၏။ ဖုန်းကိုင်လိုက်တော့ . . .

"ဟယ်လို"

". . . . . ."

"ဟုတ်ကဲ့ အမေ။ အဖေက အပြင်ထွက်သွားတယ်။ အ
ဘာပြောစရာရှိလို့လဲ ပြောလေ"

". . . . . ."

"ဗျာ . . . ဘာဖြစ်လို့လဲ အမေ"

". . . . . ."

"ဟင် . . . နောင်ကြီး ဖျားပြီး သတိလစ်နေလို့ ဟုတ်

". . . . . ."

"ဟုတ်ကဲ့အမေ။ သား . . . သားအခုပဲ လာခဲ့မယ်"

". . . . . ."





"ဒါဆို သား ဖုန်းချလိုက်တော့မယ်နော်"

ဝသန် ဖုန်းချပြီး ကသောကမျောပဲ ထိုအိမ်ပေါ်မှ ဆင်းလာ
ခဲ့သည်။ ကျေးဇူးတင်စကားပင် မပြောဖြစ်ခဲ့ပေ။ နောင်ကြီး . . . နင်
ဘာမှမဖြစ်ပါနဲ့. နောင်ကြီးရယ်လို့ အကြိမ်ကြိမ် ဆုတောင်းရင်းပဲ
ထွက်လာခဲ့တော့၏။ လမ်းမှာပဲ ဆရာဝန် ပင့်သွားရင်ကောင်းမလား။
ဒါလည်း မဖြစ်သေးပါဘူး။ ကိုယ်နဲ့ရင်းနှီးတဲ့ ဆရာဝန်မှမရှိတာ။

တက္ကစီ ငှားသွားပြီး ဟိုရောက်မှပဲ ကြည့်စီစဉ် ရတော့မှာ
ပေါ့ဟု တက္ကစီ တစ်စီးကို ငှားလိုက်သည်။

ဒေါ်ခင်ခင်မှာတော့ . . .

"သမီး . . . . သမီးလေး။ ဒုက္ခပါပဲ ဘယ်လိုလုပ်ရမလဲ"

"လောလောဆယ် ရေခဲ ကပ်ထားရင် မကောင်းဘူးလား
မမခင်"

"အေး . . . အေး လုပ်ပါဦး"

ဒေါ်ဦးခမျာ ရေခဲပြေးယူပြီး လက်ကိုင်ပုဝါလေးနှင့်ထုပ်ကာ
နောင်ကြီး နဖူးကိုကပ်ပေးလေ၏။ နောက်တော့ ဒေါ်ခင်ခင်က အားမလို
အားမရဖြစ်ကာ သူမကပ်ပေးမှပဲ သမီးရဲ့ရောဂါက သက်သာမလိုလိုနဲ့
သူမပဲ ယူပြီး ကပ်ပေးလေသည်။ အရေးအကြောင်းဆို ဒုက္ခပါပဲ။

ဝသန်က ရောက်လာမသေးဘူးလေ။ ကြာလိုက်တာ။ ဖြစ်နိုင်
ရင် ထလိုက်တာနဲ့ အနားမှာသွားခနဲ ပေါ်လာရင် အကောင်းသား။
စောင့်ရင်းစောင့်ရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . .ဟင်း. . .. ဟင်"

"ဟော"

"အင်း. . .ဟင်း. . ...ဟင်"

"သမီး. . .သမီး"

"အမေ"

ဝသန်လည်း ရောက်လာပြီး ဝင်လာပုံက ကသောကမျော နိုင်လွန်းလှစွာ။

"နောင်ကြီး"

"စောစောက သတိလစ်နေတာ။ အခု သတိရလာတာ ထင်တယ်"

"ကျွန်တော် တက်စီ ငှားလာတယ် အမေ။ ဆေးခန်းသွား ရအောင်"

"မှအေး. . .အေး"

ဝသန် နောင်ကြီးကိုယ်လေးကို ပွေ့ချီကာ ခြေလှမ်းကျဲကျဲ ဖြင့် ထွက်ခဲ့တော့၏။ သတိရတယ်ဆိုပေမယ့် မျက်လုံးလေး မှေး တစ်ချက်၊ ပွင့်တစ်ချက်နဲ့ နောင်ကြီး ပါးစပ်က ညည်းနေတုန်းလေ။

နောင်ကြီးရယ် . . . နင့်အတွက်ဆို ငါက အမြဲတမ်းအသင့် ရှိနေမယ့် အရိပ်လေ။

● ● ●





## အခန်း ( ၂၆ )

နောင်ကြီး အိပ်ယာကနေ လန့်နိုးပြီး အပေါ့သွားချင်တာနှင့် ထိုင်ဖို့ လက်ထောက်လိုက်တော့ ခပ်နွေးနွေးရှိနေတဲ့ လက်ကိုသွား ဆိကာ မီးဖွင့်ကြည့်လိုက်တော့ အမေ။ အမေက သူမဘေးမှာ အိပ် နေခဲ့တာကို။ ဆေးခန်းက ပြန်လာပြီးကတည်းက နောင်ကြီး မျက်လုံး ဖွင့်ချင်အောင် အိပ်ချင်လာတာနှင့် အိပ်ခဲ့တာ။ အခု ညဘယ်နှစ်နာရီ လောက်ရှိနေပြီလဲ။

အမေလည်း စိုးရိမ်ရှာမှာပေါ့။ အိပ်ပါစေဟု နောင်ကြီး ကိုယ် ပေါ်တစောင်ကိုခွာပြီး ထလာခဲ့သည်။ အခန်းတံခါးကို တွန်းဖွင့်ပြီး ထွက် လာမှာ. . .

"ဟင်"

နံရံကိုမှီပြီး ငုတ်တုတ်လေး အိပ်ပျော်နေသူကို အနားသွား ကြည့်လိုက်တော့ ဝသန်ပါ။ ဆေးခန်းက ပြန်လာပြီး သူ့ပြန်သွား

www.burmeseclassic.com



တယ်လို့ပဲ နောင်ကြီးက ထင်တာ။ အခု မပြန်သေးဘဲ ဒီလိုပုံစံ ဖောင့်နေတာ။ နောင်ကြီးကို စိတ်မချလို့ပဲ ဖြစ်မှာပေါ့။ ဩော် . . . ဝသန်ရယ်လို့ စိတ်ထဲညည်းတွားမိရင်း ပါးပြင်ပေါ်သို့ မျက်ရည်စ တွေကကျလာလေသည်။

"အဟင့်"

"ဟင်"

ရှိုက်သံသဲ့သဲ့တ မကျယ်ပေမယ့် ဝသန် ဖျတ်ခနဲ နိုးသွား တာနှင့် ကြုံကြိုက်ပြီး . . .

"နောင်ကြီး"

"ဝသန်"

"နင် ဘာလို့ အပြင်ထွက်လာတာလဲ"

"ငါ့ကို မမေးပါနဲ့။ နင်ရော ဒီမှာ ဘာလို့ ငုတ်တုတ်ထိုင် နေတာလဲ"

"နင့်ကို စိတ်မချလို့ပါ။ နင်တစ်ခုခု ဖြစ်ရင် အနားမှာ ငါအသင့် သင့်ရှိနေအောင်လို့လေ"

"ဩော်"

"အပြင်ထွက်လာတာ နင် ဘာလုပ်မလို့လဲ။ ငါ ဘာလုပ် ပေးရမလဲ"

နောင်ကြီး ခေါင်းခါလိုက်မိ၏။ အပေါ့သွားချင်လို့ ထွက်လာ





မယ့် အခု သွားချင်စိတ် မရှိတော့ပါဘူး။ ဝသန်က နံရံကိုမှာ မှီထား ကိုယ်ကို မတ်လိုက်ကာ . . .

"အဲဒါဆို ပြန်ဝင်လေ။ တော်ကြာ အမေ နိုးလာတာနဲ့ နေဦးမယ်"

"နင်ဘာဖြစ်လို့ ဘာကိုကြောက်နေတာလဲ ဝသန်။ အမေ တော့ရော ဘာဖြစ်လဲ။ နင်နဲ့ငါက တစ်အိမ်ထဲမှာ အတူနေလာခဲ့ တာ။ အခုမှ ဘာဖြစ်တာလဲ။ နင်နဲ့ငါ စကားပြောခွင့် မရှိတော့ဘူး ။ တွေ့ခွင့်၊ မြင်ခွင့် မရှိတော့ဘူးလား။ ဘယ်သူက တားဆီးထား လဲ။ တားဆီးသူရှိရင် ပြောစမ်းပါ ငါသိချင်တယ်"

"မရှိပါဘူး ငါက နင့်အတွက် စိုးရိမ်လို့ပြောတာပါ"

"နင် . . . ညာနေတာ"

ဝသန် အင်အားမဲ့စွာ ထရပ်လိုက်တော့ နောင်ကြီးကလည်း လေသည်။ လှည့်ထွက်သွားမယ်လုပ်တော့ နောင်ကြီးက သူ့ ကိုဆွဲကာ . . .

"ဝသန်"

". . . . . ."

"ငါ့ ရင်ထဲမှာ ဆူးတွေစူးနေတယ် နင်သိလား။ အဲဒီ ဆူးကို ထုတ်လို့တော့ ရပါတယ်။ ဒါပေမယ့် ဆူးစူးတယ်ဆိုတာနဲ့ ဆူးကို ထုတ်လို့ရပေမယ့် ဆူးတွင်ရာကတော့ ကျန်ခဲ့မှာပဲလေ။ နင် . . . ရက်စက်တယ်။ နင် ဘာလို့မပွင့်လင်းနိုင်ရတာလဲ။ နင် မပြော ယ် နင့်ရင်ထဲမှာ ဘာရှိနေတယ်ဆိုတာ ငါသိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာက နှင့်ရင်ထဲက ချစ်ခြင်းတွေကို ငါမြင်နေရတယ် လို့ပြောချင်တာလေ။ ဒါပေမယ့် မိန်းကလေးဆိုတော့ ပြောရတာ အား မလို အားမရနဲ့ ထိန်းထိန်းကာကာ . . .။

"မိုးနဲ့မြေကြီး လက်ခုပ်တီးဆိုသလို မဖြစ်နိုင်တဲ့ အရာနှင်း ကိုထိစပ်ကြည့်တာ စိတ်ကူးယဉ်လို့ပဲ ကောင်းတာပါ နှောင်ကြိုးရယ်။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ဘဝနှစ်ခုကို ကြဲဖန်ပြီးပေါင်းစည်းပေးတာ ဝတ္ထုတွေထဲမှာပဲ ဖတ်လို့ကောင်းတာပါ။ အဲဒါက ဇာတ်လမ်းမို့လို့ စာရေးဆရာတွေက သူတို့လိုသလို ဆွဲယူပြီးကြဲဖန် ပေါင်းစည်းပေး တာလေ။ လက်တွေ့ဘဝက ကိုယ့်ကိုယ်ကောင် ကိုယ်မပိုင်။ မပိုင် ဝက်မွေးအဖြစ်ကို စိတ်ကူးယဉ်တိုင်း ဖြစ်လာနိုင်မှာမှ မဟုတ်တာ"

"နှင်ကလေ ယောက်ျားမဟုတ်တဲ့ အတိုင်းပဲ သိလား။ ငါ ကျောက်ပျဉ်လက်ဆောင်ပေးမယ်။ နှင် ထဘီပဲ ဝတ်ထားလိုက်တော့"

ပြောတော့ နှောင်ကြိုး။ လူတွေ စိတ်သွားလို့ ကိုယ်ပါလိုရာ ရနိုင်သူဖြစ်ပါစေလို့ ဆုကောင်းကြတာ။ အခု ဝသန်ဆိုတဲ့ ငါလိုတာ မျိုးရောက်ကြမှာစိုးလို့ ထင်ပါရဲ့။ ကိုယ့်ကိုယ်နဲ့ သူများစိတ်၊ ကျေးဇူး တရားတွေရဲ့ ကျပ်ညှပ်နေတဲ့ဘဝ။ ကိုယ်ခံစားရတာကို တွေးမိတိုင်း-

ကျေးဇူးတရားရဲ့ မျက်နှာတွေက ဘွားခနဲ ပေါ်ပေါ်လာတာ လေ။ နို့ဖိုးမဟုတ်ပေမယ့် ချွေးဖိုးတွေဆပ်ခွင့် ကြုံဖို့အတွက် ငါ ကိုယ့် ခံစားချက်ကို ဦးစားမပေးနိုင်တာ ခွင့်လွှတ်တော့ နှောင်ကြိုး။

"ဒီ. . ."





"မဖြစ်နိုင်တာတွေ မဖြစ်သင့်တာတွေပဲ ပြောဦးမှာ မဟုတ်လား"

"ငါ . . . နှင့်ကို အဝေးကနေ လွမ်းနေရုံကလွဲပြီး ဘာမှ မတတ်နိုင်ဘူးလေ"

"အဲဒါဆို ငါက ဘာလုပ်ရမှာလဲ။ ကားမှတ်တိုင်မှာ ဘတ်စ် ကားအလာကို စောင့်နေတဲ့လူလို ချစ်ခြင်းတွေကင်းမဲ့စွာနဲ့ သင့်တော် ရာရိုင်ခွင် နိုင်ဝင်ဖို့ ထိုင်စောင့်နေရတော့မှာလား ဝသန်"

"ခြေညောင်းခံပြီး ဘတ်စ်ကားကို စောင့်နေဖို့မလိုပါဘူး။ ငါ့သမီးအတွက် အချိန်တန်ရင် တံခါးလေးဖွင့်ဝင်ရုံနဲ့ လိုရာအရပ် အရောက်ပို့ပေးမယ့် ပါကဲရိုက အဆင်သင့်ရှိပြီးသားပါ"

"ဟင်"

"အမေ"

တံခါးဝမှာ မားမားလာရပ်ပြီး ပြောလိုက်တာ အမေ။ ဘယ် အချိန်ကတည်းက ရပ်ပြီးနားထောင်နေပါလိမ့်။ နှောင်ကြိုးကော ဒီယောက် ကြီး မတုန်လှုပ်ပေမယ့်။ ဝသန်ကတော့ တုန်လှုပ်ရသည်လေ။ အမေ့ ပါးစပ်ကိုယ်တိုင်က နှင်နဲ့မတူဘူး။ မတန်ဘူးပြောပေမယ့် ပညာသားနဲ့ တော့ ပထုတ်နေတာဘဲ မဟုတ်လား။

အမေ့ ဆန္ဒကို ဝသန်သိပြီးသားပဲလေ။ တိုက်ရိုက် မျက်နှာ ချင်းဆိုင်မပြောသည့်တိုင် ကိုယ့်နားနဲ့ဆတ်ဆတ်ကြားခဲ့တာ။ အဲဒီစကား တွေကို မေ့နိုင်ပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဝသန့်ကိုချစ်ပါတယ်။ ဒါပေမယ့် သားတစ်ယောက်လိုပဲ ချစ်နိုင်မယ်။ သားမက်တစ်ယောက်အဖြစ်နဲ့တော့ သမီးအတွက် အားကိုးရာ မဖြစ်စေချင်ဘူး။ လက်ဝါးချင်းပွတ်ရင် ကြက်ချေးခေါ်ပဲ့မှာပေါ့ ကိုဇော်ရဲ့။ ရှိန်ဝါက ချမ်းသာတယ်။ သူနဲ့ဆိုရင် ကျွန်မသမီးလေး မတောင့်မတာဘဝမျိုးမှာ နေရမှာ"

"ဪ"

"ရှင်မကြားဖူးဘူးလား။ မြတ်စွာဘုရားတောင်မှ အမိုရှိမှ ပွင့်လို့ရတာတဲ့။ ရှိန်ဝါက အမိုရှိလို့ပွင့်သွားပြီလေ။ ကျွန်မတို့က သူ့ကိုဆက်မှီသင့်မှီရမှာ။ ဝသန်က ဘာအမိုရှိလို့လဲ အိမ်တိုင်မှီပြီး ကြမ်းပိုးထွက်အကိုက်ခံရဖို့ပဲ ရှိတယ်"

"ကျွတ် . . . မိန်းကြီးတွေ ပစ်ကုန်တော့မှာပဲ"

အဲဒီစကားတွေက နောင်ကြိုးနဲ့ ဝသန်ကြားမှာ ခြားလိုက်တဲ့ မဟာတံတိုင်းကြီးပဲလေ။ ဝသန် ဘယ်လိုအင်အားနဲ့ ရှေ့ဆက်တိုးရမလဲ။

"အချစ်အတွက် ဝေဒနာတွေ အမြစ်တွယ်လာရင် အချိန်ကကုစားသွားလိမ့်မယ်။ မရှိကိုအရှိဖြစ်နိုင်ဖို့က ရင်းနှီးမှုတစ်ခုခုလိုတယ်သမီး။ သမီးခေါင်းထဲမှာ အချစ်ကိုစဉ်းစားဖို့မလိုဘူး အခုကို ပြောတာဘဝကိုရင်းလိုက် နောက်ဆိုတဲ့အချိန်မှာ အချစ်က ရင်ထဲကို အလိုလိုရောက်လာလိမ့်မယ်"

"အမေ"

". . . . . ."





"အမေတို့တုန်းကရောလို့တော့ မမေးနဲ့။ ချစ်လို့ လက်ထပ်ခဲ့ကြတာမှန်ပါတယ်။ စီးပွားရေး အဆင်မပြေလာတော့ အဲဒီအချစ်တွေက ကြက်ပျောက်၊ ငှက်ပျောက်ပဲ။ ချစ်ကြဖို့၊ ယုယဖို့ထက် စီးပွားရေးအတွက်ပဲ အချိန်တိုင်း စဉ်းစားနေရတာ ကြည်နူးရတဲ့အချိန်ဆိုတာ မရှိသလောက်ရှားခဲ့ရတာပဲ"

"အမေ ဘာကိုပြောချင်တာလဲ။ ဘာကိုဆိုလိုချင်တာလဲ။ ပွင့်ပွင့်လင်းလင်း ပြောပါအမေ"

နောင်ကြိုးမေးလိုက်တော့ ဖြေမယ့်သူကလည်း ဖြေဖို့အသင့်ရှိနေတာပဲလေ။ မကြားရဲတဲ့ ဝသန်မှာသာ နားပိတ်ထားရမလို၊ ထွက်သွားရမလို။

"ကောင်းပြီ။ ဒါဆို အမေ ရှင်းရှင်းပဲ ပြောမယ်"

ပြောတော့မယ့်စကားကို ကြားရဲဖို့အတွက် ဝသန် နံရံကိုကျောကပ်ပြီး စိတ်ကိုတင်းထားလိုက်ရ၏။ ပြောပါအမေ။ အမေ ပြောချင်တာတွေ ပြောလိုက်ပါတော့ . . .။

"နောင်ကြိုး"

"ရှင်"

"သမီးရဲ့ နှလုံးသားက ဘယ်သူ့ကိုပဲချစ်ချစ်၊ သမီး လက်ထပ်ရမယ့်သူဟာ ဘုန်းရှိန်ဝါပဲ"

"ရှင်"

"သားကြီးနဲ့ မေမေ ပြောထားပြီးပြီ။ သူ ခရီးသွားရာကနေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လာရင် သမီးနဲ့လက်ထပ်ဖို့ကိစ္စ အမြန်ဆုံးစီစဉ်မယ်။ သမီး ဘက်က အခု ချစ်ဖို့မလိုဘူး။ သူက သမီးကို အရမ်းချစ်တယ်။ အမေ လိုချင်တာ အဲဒါပဲ။ နောက်တော့မှ သမီးပြန်ချစ်ဖို့ ကြိုးစားပေါ့။ အချိန်က အချစ်ရဲ့ တိမ်ခြင်း နက်ခြင်းကို ဖန်ဆင်းသွားလိမ့်မယ်"

"ဟင့်အင်း . . . ဟင့်အင်း သမီး ကိုကြီးကို လက်မထပ်နိုင် ဘူးအမေ။ သမီး ကိုကြီးကို ချစ်ပါတယ်။ ဒါပေမယ့် အဲဒီလို မချစ်နိုင် ဘူး။ ကိုကြီးကို နောင်ကြိုး အစ်ကိုတစ်ယောက်လိုပဲ ချစ်တယ်"

"နောင်ကြိုး"

အမေ အော်လိုက်တာကြောင့် နောင်ကြိုးအသံလေး တိတ် ကျသွားလေ၏။ နောက်ထပ် ဆက်ပြောမယ့်စကားသံတွေကို သိပ် မကြားချင်တော့ပါဘူး။ ဒါကြောင့် အောက်ထပ်သို့ဆင်းလာခဲ့တော့ သည်။ အရေးကြီးလို့ လိုအပ်တဲ့အခါ လာခေါ်လိမ့်မယ်ပေါ့။ အခု ကိုယ်ကအရှုံးထံပါး နှင်းအိပ်ရမယ့် မထိစန္ဒာကိုမှ ချစ်မိတဲ့ ကျန်ခဲ့ သားလိုပါ။

အအမေ . . .

အမေ စိတ်ချမ်းသာဖို့အတွက် သားရဲ့ နှလုံးသားကို စတော့ ပုံမယ် အမေ . . .။

"မြင့်စေချင်လို့ နတ်ပြည်ကို ဇိကုတ်တင်တယ်ဆိုတဲ့ စကားတော ရှိသွားပါပြီ။ နှင်းသိဖို့ကောင်းတယ် နောင်ကြိုး။ ငါက နှင့် အနားကတော့ လုပ်ဖို့အတွက် ဘီလူးခေါင်း ဆောင်းနေရတာပါ"

ပြောပြီး ဒေါ်ခင်ခင် အခန်းထဲသို့ ပြန်ဝင်သွားလေတော့





နောင်ကြိုး နံရံကိုမှီပြီး တသိမ့်သိမ့် ရှိုက်ငိုမိတော့သည်။ နှင်းနဲ့ငါက နှလုံးသားရွှေကျက်နဲ့ ဝေးရတော့မှာလား ဝသန်ရယ်။

ကိုကြီးနဲ့ အရင်က ခွဲခဲ့ရတာသည် ခုလိုပြန်လည် ပေါင်းစည်း ဖို့ဖြစ်ပြီ။ ဝသန်နဲ့အတူတကွ ကာလများစွာနေခွင့် ရခဲ့တာသည် အခု သို့ ခွဲပစ်ဖို့ တမင်စီမံထားခဲ့သလား ကံကြမ္မာရယ်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

ဒေါ်ဦး မနက်စောစောထပြီး ဘုရားဆွမ်းကပ်ဖို့ အားလုံး ချက်ပြုတ် ပြင်ဆင်ထားပြီးတာနှင့် အပေါ်ထပ်သို့ ဆွမ်းကပ်ဖို့တက် ရန် ညွှန်ခန်းကိုဖြတ်အလျှောက် ဆိုဖာပေါ်တွင် ကွေးကွေးလေး အိပ် နေသည့် ဝသန်ကိုမြင်လေလျှင် စိတ်မကောင်းဖြစ်သွားရ၏။ ဉ ကတည်းက အိပ်ဖို့ပြောတာ မအိပ်ဖူးတဲ့။

နောင်ကြီး တစ်ခုခုဆို သူ့ကိုအဆင်သင့် ခေါ်လို့ရအောင် ဆိုပြီးအခန်းပြင်မှာ ထိုင်စောင့်ကျန်ခဲ့ရှာတာ။ တော်တော် သံယောဇဉ် ကြီးတဲ့ ကလေးလို့ စိတ်မကောင်းဖြစ်မိ၏။ ဆွမ်းကပ်ပြီးလို့ ပြန်ဆင်း လာမှပဲ. . .

"ဝသန်. . .ဝသန်"

". . . . . . . . . ."





"ဟဲ့. . . .ကလေး"

ပခုံးကို ခပ်ဆတ်ဆတ် ရိုက်လိုက်မှပဲ. . .

"ဟင်. . . .အင်. . .ရှာ"

ဝသန် အတင်းပဲ ထထိုင်လိုက်ပြီး. . .

"ဘာလဲဟင် ဒေါ်ဦး. . . နောင်ကြီး ဘာဖြစ်လို့လဲ"

"နောင်ကြီးက ဘာမှမဖြစ်ဘူး။ ဖြစ်မှာကနင်။ ဖက်ခေါက် ကွေးနဲ့ အိပ်နေတာ တော်ကြာ ဖက်နာဦးမယ်။ စောင်မရှိ ဘာမရှိ နဲ့ဟယ်"

"ဪ. . .အဟွန်း. . .ရပါတယ် ဒေါ်ဦးရဲ့"

"ရမနေနဲ့ မိုးလင်းတော့မယ်။ အိမ်ပြန်မယ်ဆိုလည်း ပြန်။ အလုပ်သွားမယ်ဆိုလည်း သွားရအောင် မျက်နှာသွားသစ်။ ဒေါ်ဦး ထမင်းကြော် ပြင်ထားလိုက်မယ်နော်"

"ဒီနေ့ အလုပ်ပိတ်ရက်လေ ဒေါ်ဦးရဲ့။ အိမ်လည်း မပြန် သေးပါဘူး။ နောင်ကြီး အခြေအနေ စိတ်ချရမှ ကျွန်တော်ပြန်မှာပါ"

"အဲဒါဆိုလည်း ပြီးရော"

ဒေါ်ဦးထွက်သွားတော့ ဝသန်လည်း သွားတိုက်၊ မျက်နှာသစ် ပဲလုပ်လိုက်ရတော့၏။ ပြန်အိပ်ရင် တော်ကြာအိပ်ပျော်လွန်ပြီး နိုးနေရ ဖြစ်နေမှာစိုးလို့ပါ။ သူမျက်နှာသစ်ပြီးတော့ ဒေါ်ဦးက ထမင်းကြော် အဆင်သင့် ပြင်ထားပေးလေလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဦးကို အားနာလိုက်တာ . . ."

"ဟင် . . . ဘာကို အားနာတာလဲ"

"ခြောက် . . . ထမင်းကြော် အဆင်သင့်ပြင်ထားပေးလို့ပါ"

"အိမ်မှာ အဲဒီလို ပြင်ထားမပေးဘူးလား"

ဒေါ်ဦးလွှတ်ခနဲ မေးလိုက်တာက ဘာရယ်မဟုတ်ပေ။ ဒါမ မယ့် စကားမှားသွားပြီမှန်း သိလို့တစ်ခုခု ပြောဖို့ပြင်လိုက်စဉ်မှာပဲ . .

"အမေက ပြင်ထားပေးပါတယ် ဒေါ်ဦးရဲ့။ အခုက အဲ မဟုတ်ဘူးလေ။ ဒေါ်ဦးက ဟိုဟာ . . . ဘယ်လိုပြောရမလဲ။ ဝသ ရယ်ကျဲကျဲနှင့် လည်ပင်းကိုပွတ်လိုက်လေတော့ . . ."

"မပြောတတ်ရင် မပြောနဲ့တော့ လာစား။ ဒေါ်ဦးကို သူစိမ်း လိုမသတ်မှတ်နဲ့လေ။ ကိုယ့်ဆွေမျိုးသားချင်း အဒေါ်တစ်ယောက်လို သဘောထားပါကွယ်။ ဝသန့်ကိုလေ ဒေါ်ဦး သနားတယ်သိလား"

"ဗျာ"

"ခြောက် . . . ဒီလိုပါ။ မင်းမျက်နှာလေးကို မြင်လိုက်ကတည်းက ခင်မင်စိတ်ဖြစ်မိတာ။ အဲဒါကို ပြောတာပါ ဝသန်ရဲ့"

"ခြောက်"

သနားတယ်ဆိုတဲ့ စကားကို မချင့်ပေမယ့် ကိုယ်က တကယ် ကိုသနားစရာ သတ္တဝါတစ်ကောင်လို ဖြစ်နေခဲ့တာကိုလေ။ ရင်ထဲက ခံစားချက်တွေကို စာအုပ်တစ်အုပ်လို ဖွင့်ဖတ်လို့မရပေမယ့် အမိုး အမြွက်တော့ သိနေကြဟာပါ။





ဝသန် . . . ထမင်းကြော်ကို တိတ်ဆိတ်စွာ စားနေစဉ် ခြေသံ ကြားလို့ လှည့်ကြည့်လိုက်တော့ သူ့ဆီကိုလျှောက်လာတာ အမေ။ နားကိုရောက်တော့ ထိုင်ခုံတစ်လုံးကို ဆွဲယူထိုင်လိုက်ပြီး . . .

"ဝသန်"

"ဗျာ . . . အမေ"

"နင့်ကို ငါပြောစရာရှိတယ်"

"ဟုတ်ကဲ့ . . . ပြောပါအမေ"

ဘယ်လိုစကားလုံးလဲ တိတိကျကျ မသိပေမယ့် အမေ့ မျက် ဝန်းက အကြည့်တွေကြောင့် ပြောလာမယ့်စကားလုံးတွေက ကိုယ့်ရင် ကိုလာစိုက်မယ့် မြားတွေဆိုတာ ဝသန် ကြိုသိပါတယ်လေ။

"အမေ သားကိုသားအရင်း မဟုတ်ပေမယ့် သားအရင်းလို မွေးခဲ့ပါတယ်။ အဲဒါကို သားယုံရဲ့လား"

နွံမယ့်ဆဲဆဲ ထမင်းလုပ်ကို ဝသန်မခွံသေးဘဲ ပြန်ချလိုက် ရင်း ဒီလိုစကားဆိုလိုက်ပြီ ဆိုကတည်းက ကျေးဇူးတရားဆိုတဲ့ ကြိုးက သားဆီမှာ တင်းခနဲနှင့် ရစ်ပတ်တုတ်နှောင်လိုက်တာ တင်းတင်း ကျပ်ကျပ်ပါ။

"သား . . . ယုံပါတယ် အမေ"

"သားကရော . . ."

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့ကို အမေရင်းလိုပဲ ချစ်တာ မဟုတ်လား"

"သားဘဝမှာ အမေအရင်းဆိုတာ ဖြူသလား၊ မည်းသလား သဲသဲကွဲကွဲ မသိခဲ့ရပါဘူး။ ဒါကြောင့် သားရဲ့အမေဟာ ဒေါ်ခင်ခင်နဲ့ တစ်ယောက်တည်းပါ။ အမေ့ကို သားအရမ်းချစ်တယ်"

"ဟုတ်တယ်။ အမေကလည်း သားကိုသားအရင်းလို ချစ်တာ"

ဝသန် လွှန့်ခနဲပြုံးပြီး ခေါင်းညိတ်လိုက်မိ၏။ ဒီစကားက ချည်ပြီးတုတ်ပြီးသား ကြိုးလေး။ အမေ ပြောတဲ့စကားကို မကြားခဲ့ဖူးဘူးဆိုရင်တော့ အတွေးချော်ချင် ချော်မိမှာပေါ့။ သားတစ်ယောက် လိုပဲချစ်တယ်။ သမီးဘဝအတွက် သားမက်တစ်ယောက်အဖြစ် အား မကိုးနိုင်ဘူးဆိုတဲ့စကားကို ကိုယ့်နားနဲ့ဆတ်ဆတ် ကြားခဲ့ဖူးတော့–

"စိတ်ချပါအမေ။ သားက အမေ့ရဲ့ ထာဝရသားပဲ လုပ်မှာပါ"

"အမေ ပြောချင်တာကို ငါ့သားသဘောပေါက်ပြီလား"

"သဘောပေါက်ပါတယ် အမေ။ နောင်ကြိုးနဲ့ပတ်သက်ပြီး ကိုကြီးကသာ အမေ့အတွက် သားမက်တို့ဂုဏ်လက္ခဏာနဲ့ ပြည့်စုံသူပါ။ အမေစိတ်ချပါ သား နောင်ကြိုးအပေါ် စိတ်ပူတာ၊ စိုးရိမ်တာ အားလုံးက အစ်ကိုတစ်ယောက်က ညီမလေးကို ချစ်တဲ့အချစ်မျိုးနဲ့ ဘာမဆို ပူပန်ပေးတဲ့ အဖြူရောင်မေတ္တာသက်သက်ပါ"

"ဒီစကားကို ကြားရတာ အမေ ဝမ်းသာတယ် သား"

"ဒါပေမယ့် အမေ့ကို သားတစ်ခုတော့ တောင်းဆိုပါရစေ"



"ဘာများလဲ"

ဝသန် မတောင်းဆိုရဲစွာနဲ့ပဲ ဒါလေးတစ်ခုတော့ တောင်းဆို ဆုံးဖြတ်ချက်နှင့် . . .

"လက်ခံသူ့နှရအမတ်လိုတော့ သားကိုမဲဇာမဖို့ပါနဲ့နော်။ သားကို ပြည့်ဝင်ခွင့်ပေးပါ။ အဖေနဲ့အမေကို သားကျေးဇူးဆပ်ပါရစေ။ စိတ်ချမ်းသာအောင် ထားပါရစေ။ သား . . . အဖေ၊ အမေတို့နဲ့ မခွဲ ပါရစေနဲ့"

"ကောင်းပြီလေ။ မင်းမှာ အဲဒီလိုစိတ်ဓာတ်မျိုးရှိတယ်ဆိုရင် အမေ ကျေနပ်ပါတယ်။ အပြောနဲ့အလုပ် ညီပါစေ"

"စိတ်ချပါ အမေ။ သားက အရိပ်နေပြီး အခက်ချိုးတဲ့ ကောင်မဖြစ်စေရပါဘူး"

ဒေါ်ခင်ခင် ကျေနပ်ဟန်နှင့် ခေါင်းတဆတ်ဆတ် ညိတ်လေ၏။ သူမ လိုချင်တာ ဒီအဖြေမျိုးလေ။ ဝသန်အပေါ် မတရားတာ မဟုတ် ဘူး။ သမီးဘဝ ရှေ့ရေးအတွက် တရားစွာ ဆုံးဖြတ်တတ်တဲ့ မိခင် ဖြစ်ချင်တာ။

"အေးပါ ဒါဆိုလည်း ပြီးတာပါပဲ"

ဒေါ်ခင်ခင် ထရပ်လိုက်ပြီး . . .

"မိုး . . ."

"ရှင် . . . မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"သမီးကို ဆေးတိုက်ရဦးမယ်။ ကော်ဖီတစ်ခွက်လော
ဖျော်ပေးပါနော်"

"ဟုတ်ကဲ့ မမခင်"

ဝသန်ကတော့ စိတ်မပါစွာဘဲ ထမင်းကြော် ဆက်စာ
မိ၏။ ဘဝအကျိုးပေးမကောင်းလို့ မိဘရင်းတွေကို ခြွေသလား
သလား၊ သဲသဲကွဲကွဲ မသိရတဲ့ ဝသန်၏ မွေးစားမိဘတွေရဲ့
တရားကို ထပ်ပြီးအဆုံးအရှုံး မခံနိုင်ပါဘူးလေ။

● ● ●



## အခန်း ( ၂၈ )

"ဟဲ့ . . . . ဟဲ့"

"ဆောရီး . . . ဒေါ်ဦး . . . ဆောရီး"

စောင်ကိုပိုက်ပြီး ထွက်လာတဲ့ ဝသန်၏ အခန်းဝမှာ ဒေါ်ဦးနဲ့ ဆုံပြီး တိုက်မိမလို ဖြစ်သွားတာပါ။ ဒေါ်ဦးက စောင်ကိုကြည့်ပြီး မျက်နှာပိကြုတ်သွားကာ . . .

"အဲဒါ နှောင်ကြိုး ခြုံနေတဲ့ စောင်မဟုတ်လား။ ဘာလုပ်ဖို့လဲ"

"နှောင်ကြိုးလေ။ ဒီစောင်ကို မခြုံချင်တော့ဘူးတဲ့။ နေကောင်းတုန်းက ခြုံထားတော့ ဆေးစော်နံ့သလိုပဲ။ လူမမာစော်လည်း နံတယ်ဆိုလို့ လျှော်မလို့ပါ။ အဲဒီကောင်မလေးက အဲဒီလိုပဲ ဒေါ်ဦးရဲ့ အိမ်မှာတုန်းကလည်း သူနေမကောင်းရင် နေမကောင်းတုန်းက ခြုံတဲ့

www.burmeseclassic.com



စောင်ကို နေကောင်းလာရင် လျှော်မပေးလို့ကတော့ ဘယ်တော့ ပြန်မရှိဘူး။ အဲဒါကြောင့် ညကတည်းက ယူထားတာ"

"သြော် . . . ဟုတ်လား"

"ဟုတ်"

"အဲဒါ ဝသန် လျှော်စရာမလိုဘူးလေ။ ခါတိုင်းလည်း ငှာ လျှော်နေတာကို။ အဝတ်လျှော်တဲ့ လူလာမှ လျှော်လိမ့်မယ်။ ဒေ ဒေါ်ဦးကို"

"ရပါတယ် ဒေါ်ဦးရဲ့။ ကျွန်တော့် ဘာသာပဲ လျှော်ပါ့မယ် အဝတ်လျှော်တဲ့သူက အမျိုးသမီး မဟုတ်လား"

"အေး . . . ဟုတ်တယ်လေ။ ဘာဖြစ်လို့လဲ"

ဝသန်ခေါင်းခါလိုက်ပြီး . . .

"အမျိုးသမီးဆိုတော့ မနိုင်မနင်းနဲ့ လျှော်ရမှာ။ ဆပ်ပြာရည် စင်ချင်မှစင်မှာလေ။ ရပါတယ်။ ကျွန်တော်ပဲ လျှော်ပါ့မယ်"

"ကဲ . . . သဘော . . . သဘော"

ဝသန့် ဒေါ်ဦးကို ခေါင်းညိတ်ပြုံးပြီး ထွက်လာခဲ့တော့သည် ရေကန်ဘေးသို့ ရောက်တော့ စောင်ကိုချပြီး ဘောင်းဘီကိုဒူးအထ လိပ်တင်လိုက်၏။ ဒီအိမ်မှာတော့ ဘယ်လိုလျှော်ကြလဲ သူမသိဘူး အိမ်မှာဆိုရင်တော့ စောင်ကိုရေးကျွတ်အောင် ရေစိမ်ထားတာလေ ပြီးမှလျှော်တာဆိုတော့ . . .



ခုလည်း စောင်ကို ဆပ်ပြာနဲ့ရေအရင် စိမ်ထားဦးမှာပါ။ ဆပ်ပြာဆိုမှ သူ့ဆပ်ပြာကို သတိရပြီး ဘယ်မှာ ထားပါလိမ့်လို့ရှာ နေစဉ် . . .

"ဝသန်"

"ဟင်"

ဝသန် လှည့်ကြည့်လိုက်တော့ နှောင်ကြိုးက သူ့ဆီသို့ လျှောက်လာ၏။

"နှင် . . . အလုပ်သွားမှာဆို"

"အေး . . . ဟုတ်တယ်။ မျက်ရက်က များနေပြီလေ။ တော်ကြာ ကြီး"

ကိုကြီးပြန်လာရင် အဆူခံနေရမယ်လို့ ပြောမယ်လုပ်ပြီးမှ ကြီးပြောမှုတဲ့စကားကို သတိရပြီး မနည်းဘာရိုတ်အုပ် လိုက်ရ၏။ ကြီးက မှာထားသည်လေ။ ဝသန် သူ့ကုမ္ပဏီမှာ အလုပ်ဝင်နေတာ ကို နှောင်ကြိုးမသိပါစေနဲ့။

သိရင်လာတွေ့မှာ စိုးလို့ထင်ပါရဲ့။ အခုတော့ တွေ့နေရတာ လေ။ ခုလို ဝသန် ဒီအိမ်မှာလာနေပေးရတာကို ကိုကြီးသိရင် ဘာ ပြောဦးမလဲ။

"ကိုကြီး ဘာဖြစ်လဲ ဆက်ပြောလေ"

"ဘာမှမဖြစ်ပါဘူး။ တော်ကြာ ကိုကြီးလည်း ပြန်လာတော့ ဒါလည်းအိမ်ပြန်တော့မယ်လို့ ပြောမလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ဩော်ဆိုတဲ့ အသံကတိုးတိုးလျလျရယ်သာ။ ဝသန်
နောင်ကြိုး နေမကောင်းလို့သာ ဒီမှာလာနေပေးတာပေါ့။ နေမကော
တိုင်းသာ ဒီလိုအနားမှာ နေပေးနိုင်မယ်ဆိုရင် ငါအမြဲတမ်း နေမကော
ဖြစ်နေချင်လိုက်တာ ဝသန်ရယ်။ ဆေးခန်းလည်း မသွားဘူး။ ဆေး
လည်း မသောက်ဘဲ နေချင်လိုက်တာ။

ဒါပေမယ့် အမေက နောင်ကြိုးကို ကိုကြီးနဲ့ လက်ထပ်
လို့ အတိအလင်း အမိန့်ချလိုက်ပြီလေ။ ဝသန်ကသာ ချစ်တယ်
ပြောရင် နောင်ကြိုးမှာ စွန့်စားရဲတဲ့ ခွန်အားတွေ အများကြီး ရှိ
တာပါ။ ခုတော့. . .

"ဒီနေ့ အိပ်ယာက နိုးတာ စောပါလား။ ဘာစား ပြီးပြီ

"ဘာမှ မစားရသေးဘူး။ မျက်နှာတောင် မသစ်ရသေး
တာကို"

"ဒါဆို သွားတိုက်လေ။ တစ်ညလုံး မထွေးဘဲထား
တံတွေးတွေက ပုပ်ပြီး အာပုပ်ရည်တွေနဲ့ စကားပြောနေတာ မွှ
လား။ ဒီဘက်တောင် အနံ့ထွက်လာသလိုပဲ ဟွန်း"

"ဝသန် နော်"

ဝသန်က နှာခေါင်းရှုံ့ပြီး လက်နှင့်ယပ်ခတ်ကာ စလေ
နောင်ကြိုး နှုတ်ခမ်းလေး စူလေသည်။ တကယ်က ဒီစကားကြေ
သီးသန့်စုတဲ့ နှုတ်ခမ်းမဟုတ်ပါဘူး။ ဝသန် အိမ်ပြန်မယ်ဆိုတာ
မပြန်စေချင်သေးဘူးလေ။





"သွားလေ မျက်နှာသွားသစ်ပါဆို။ ပြီးရင် ကော်ဖီနဲ့မုန့်ပဲ
သုံးဆောင်မလား။ ငါကိုယ်တိုင် ပြင်ထားလိုက်မယ်"

"နေပါစေ ခေါ်ဦးရှိတာပဲ ဥစ္စာ"

"ငါလုပ်ပေးချင်လို့ပါ"

"စောင်က အခုလျှော်မှာလား"

"စိမ်ထားဦးမှာလေ။ အခုမှ ခြောက်နာရီတောင် မထိုးသေး
ဘူး။ အလုပ်က ရှစ်နာရီမှသွားမှာ။ မသွားခင် လျှော်ခဲ့မှာပါ"

"ရှစ်နာရီဆို နောက်ကျမှာပေါ့"

"ရပါတယ်။ နောက်ကျလည်း မသကာ အလုပ်ပြုတ်ရုံပေါ့"

"ဟင်"

နောင်ကြိုး အံ့ဩသလိုလေး ဝသန်ကို ကြည့်နေမိ၏။
ဝသန်က အမြဲတမ်း အလုပ်ကြိုးစားပြီး အချိန်ကိုတိကျလေးစားသူ
လေ။ အခု ဒီစကားပြောတယ်ဆိုတော့ အခု အလုပ်ကအဆင်မပြေ
ဘူးလား။ အလုပ်က ကိုကြီးကရှာပြီး သွင်းပေးထားတဲ့ အလုပ်လေ။
အလုပ်လုပ်တာမှ မကြာသေးဘူး ဒီစကားသံထွက်လာတော့. . .

"အလုပ်က အဆင်မပြေဘူးလား ဝသန်"

"ပြေပါတယ်"

"ပြေရဲ့သားနဲ့များ"



www.burmeseclassic.com

www.burmeseclassic.com



ဝသန် ဘာမှဆက်မပြောဘဲ ထွက်လာခဲ့တော့၏။ တကယ်တော့ပြောချင်တာက နောင်ကြိုးထက်ပိုပြီး အရေးကြီးတာ ဘာမှမရှိဘူးလို့လေ။ ဒါပေမယ့် ငါ့မှာပြောခွင့်မရှိပါဘူး နောင်ကြိုးရယ်။ ငါ ငါ့စိတ်ကို ကာလာပြောင်းနိုင်အောင် ကြိုးစားရဦးမယ်။ အဖြူရောင်ကာလာပေါ့။

"ဆပ်ပြာရည် စိမ်ခဲ့တာလား"

ဒေါ်ဦးက မေးလေလျှင် . . .

"ရေတော့ စိမ်ခဲ့တယ် ဒေါ်ဦး။ ဆပ်ပြာမှုန့်က ဘယ်မှာထားမှန်းမသိလို့ လာမေးတာ"

"နေဦး . . . နေဦး ဒေါ်ဦးယူပေးမယ်"

ဒေါ်ဦးက ဆပ်ပြာမှုန့် ယူပေးပြီးလေလျှင် . . .

"စိမ်ထားခဲ့ပြီး ညနေပြန်လာမှ လျှော်မှာလား"

"မဟုတ်ဘူး ဒေါ်ဦး။ ကျွန်တော် သွားကာနီးလျှော်ခဲ့မှာပါ။ ညနေကျရင် ဒီကိုပြန်မလာတော့ဘူး။ အိမ်ကိုပဲ ပြန်တော့မှာ"

"ဩော်"

ဒေါ်ဦး စိတ်မကောင်း ဖြစ်သွားရ၏။ ဝသန် ပြန်တော့မယ်ဆိုလို့လေ သူရောက်လာတဲ့ အချိန်လေးမှာ ဒေါ်ဦးကို ဟိုကူဒီကူလုပ်ရင်း စကားတွေပြောဖြစ်ကြတော့ သံယောဇဉ်က ရှိနေမိပြီ။ မမြင်ရတဲ့ကြိုးဆိုတာပဲပေါ့။ အတူတူ အကြာကြီးနေလာကြတဲ့ သူတွေဆိုရင်ဘယ်မျှလဲပေါ့နော်။





"အေးလေ . . . . အချိန်တန်ရင် အိမ်ပြန်ရမှာပဲပေါ့"

"အား"

"ဟင်"

"နောင်ကြိုး"

အားခနဲ အော်သံကြားတော့ နောင်ကြိုးအသံမို့ ဝသန် အသံကြားရာဆီသို့ တစ်ချိုးတည်းပြေးလေတော့၏။ ဒေါ်ဦးလည်း နောက်ကလိုက်ခဲ့ရသည်ပေါ့လေ။

"နောင်ကြိုး"

"........."

"နောင်ကြိုး"

"အား . . . ကျွတ် . . . ကျွတ်"

"ဘာဖြစ်တာလဲ နောင်ကြိုး"

ဝသန် ရောက်လာတော့ နောင်ကြိုးမျက်နှာလေး ရှုံ့ရှုံ့မဲ့မဲ့နှင့် ခေါင်းရဲ့ညာဘက်နား အထက်နေရာကို လက်နှင့်အုပ်ကိုင်ထားပြီး . . .

"အဟင့် . . . အဟင့် ချော်လဲတာ။ နံရံနဲ့ဆောင့်မိပြီး ခေါင်းကွဲသွားပြီထင်တယ်"

"ဟင်"

ဝသန် နောင်ကြိုးလက်ကို အတင်းဖယ်လိုက်မိ၏။ လက်ချောင်းတွေမှာ သွေးတွေက ပေနေတာမြင်တော့ မတိုးရိမ်တဲ့ ရှိမလား။



www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီး ဘာဖြစ်တာလဲ ဝသန်"

"ချော်လဲတာတဲ့။ သွေးတွေထွက်နေတယ်။ မဖြစ်ဘူး ဆေးခန်းသွားမှပဲ"

"ဒေါ်ဦး ဘာလုပ်ပေးရမလဲ ဝသန်"

"အမေ့ကို သွားပြောပေးလေ။ ကျွန်တော် တက်စီ သွားငှား လိုက်ဦးမယ်"

"အေး . . . အေး"

ဒေါ်ဦးက ဒေါ်ခင်ခင်ကို ခေါ်ဖို့ထွက်သွားသလို ဝသန်ကလည်း တက်စီငှားဖို့ထွက်သွားတာ အပြေးအလွှားပါ။ အိမ်မှာကားတစ်စီးရှိ သေးပေမယ့် မောင်းမယ့်သူမရှိပဲလေ။ ဝသန်က ကားမှမမောင်းတတ် တာ။ ကိုကြီးက သူစီးနေကျကားကို ယူသွားတာဖြစ်ပြီး နောင်ကြီးကို ကျောင်းပို့ကျောင်းကြို လုပ်သည့်ကားက ရှိသည်လေ။

နောင်ကြီး ကျောင်းတက်ဖို့က . . . ဂုဏ်ထိမ်နေရာ ကိုကျော် ဦးက တာဝန်ယူထားတာ။ နောင်ကြီး နေမကောင်းတော့ မလာနဲ့ တော့ ကျောင်းတက်နိုင်တဲ့နေ့မှ ဖုန်းဆက်ခေါ်မယ်လို့ ပြောထားတာပါ။

နောင်ကြီး လွန့်ခနဲ ပြုံးလိုက်မိ၏။

ခေါင်းက ဒဏ်ရာနာတာထက် ဝသန်ပျာယာခတ်နေတာကို ကြည့်ပြီး ကိုယ့်ရဲ့လုပ်ရပ်ကို ကျေနပ်မိလို့လေ။ တကယ်တော့ နောင် ကြီး တမင်ချော်လဲချင်ယောင်ဆောင်ပြီး နံရံကို ခေါင်းနဲ့ဆောင့်လိုက် တာပါ။ ဒီလုပ်ရပ်အတွက် မိုက်မဲတယ်ဆိုရင်လည်း နောင်ကြီးက



အမိုက်မပဲပေါ့။ နောင်ကြီး တစ်ခုခုဖြစ်မှ ဝသန် ဒီအိမ်မှာ ဆက်နေဦး မှာမဟုတ်လားလေ။

ငါ့ကို ခွင့်လွှတ်ပါ ဝသန်ရယ်။ အတူနေရမယ့် ရက်ကလေး တွေ ရှည်စေချင်လို့ ငါဒီလိုလုပ်လိုက်မိတာပါ။ ငါ နှင်နဲ့စက္ကန့်လေးပဲ ဖြစ်ဖြစ်၊ မိနစ်လေးပဲဖြစ်ဖြစ် အတူတူနေရမယ့် အချိန်တွေကို ပိုလိုချင် လို့ပါ။ အဲဒါ ဘာကြောင့်လဲဆိုရင် နှင့်ကိုသိပ်ချစ်လို့ပေါ့ ဝသန်။ နှင်က မစွန့်စားရဲပေမယ့် ငါကတော့ အသားအနာခံပြီး စွန့်စားမိလိုက်ပါပြီ။

"မမခင် . . . မမခင်"

". . . . . . ."

"မမခင်"

အပေါ်ထပ်က ဆင်းလာတဲ့ ဒေါ်ခင်ခင်နဲ့ ဒေါ်ဦး လှေကား ထိပ်မှာ ဆုံကြလေလျှင် . . .

"ဟဲ့ . . . မဦး ဘယ်လိုဖြစ်လာတာလဲ"

"နောင်ကြီး . . . နောင်ကြီး"

"သမီး ဘာဖြစ်လို့လဲ ငါရင်ထိတ်လိုက်တာဟယ်။ မြန်မြန် ပြောစမ်းပါ မဦးရဲ့"

"နောင်ကြီး ရေချိုးခန်းထဲမှာ ချော်လဲပြီး နံရံနဲ့ဆောင့်မိလို့ မမခင်"

"ဟင် ဟုတ်လား။ ဘာဖြစ်သွားသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းပေါက်သွားတယ် မမခင်"

"သမီး"

ဒေါ်ခင်ခင် သမီးဆီသို့ အပြေးအလွှား သွားခဲ့ပြီး . . .

"ဟယ် . . . အမလေး သွေးတွေ။ လုပ်ကြပါဦး။ ဝသန် . . . ဝသန် ဘယ်ရောက်သွားလဲ။ လုပ်ပါဦး"

"ဝသန် တက္ကစီ သွားငှားတယ် မမခင်။ ဟော . . . ဟိုမှာ ပြန်လာပြီ"

"နောင်ကြိုး"

ဝသန် ပြန်ရောက်လာပြီး နောင်ကြိုးကို ပွေ့ချီပြီး ထွက်ခဲ့လေလျှင် . . .

"ဝသန် . . . အမေ့ကို ခဏစောင့်ဦး"

ဒေါ်ခင်ခင် ပိုက်ဆံအိတ် သွားယူတာပါလေ။ ရှိန်ဝါက သုံးဖို့ပိုက်ဆံတွေ အပိုပေးခဲ့လို့ တော်သေးတာပေါ့။

နောင်ကြိုးကတော့ . . . အကျေနပ်ကြီး ကျေနပ်နေသည်သာကဲ . . . ဘယ်လိုလဲ နင် ညနေအိမ်ပြန်လို့ ရပြီးမှာလား ဝသန်။

● ● ●





## အခန်း (၂၉)

"တောက် . . . အဲဒီလိုမှန်းသိရင် ဦးခင်မောင်ကို ခေါ်မသွားဘဲထားခဲ့ပါတယ်။ ခုတော့ ဝသန့်ကို အတူတူနေကြတော့လို့ နောင်ကြိုးနဲ့အတူနေခွင့် ပေးလိုက်သလိုပဲ။ ကျွန်တော် နောက်ခိုင်းကတည်းက ဒီကောင်က အိမ်ရောက်နေတာပေါ့ ဟုတ်လား ဒေါ်ဦး"

"အိမ်မှာက အရေးအကြောင်းဆို အားကိုးစရာ ယောကျ်ားသားမှမရှိဘဲ မောင်ရှိန်ဝါရယ်"

ဒေါ်ဦး မရဲတရဲနှင့်ပဲ ပြောရတာဖြစ်၏။ ဒါအမှန်တရားပဲလေ။ ရှိန်ဝါ ခရီးထွက်သွားကတည်းက နောင်ကြိုးက အပြင်းဖျားတာ။ အရေးအကြောင်းဆို ယောကျ်ားသားရှိနေဖို့ မလိုဘူးလား။ ဒါကြောင့် ဝသန့်ကလာနေပေးတာလေ။ ဒီအကြောင်းပြောပြလိုက်တာနှင့် ရှိန်ဝါက ဒေါသထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာတတ်နိုင်မှာလဲ။ ဒေါ်ခင်ခင်ကိုကျတော့ မပြောရဲဘဲနဲ့ ဒေါ်ဦးကိုပဲ မဲနေတာ။

"အဟွန်း . . . ကျွန်တော်မရှိတဲ့ အချိန်မှာ သူတို့နှစ်ယောက် ကတော့ သိပ်ဟုတ်နေကြမှာပေါ့။ အတူမရှိစေချင်လို့ ခွဲထုတ်ထားပြီး မှပဲ ပိုပြီးနီးစပ်ဖို့အကြောင်းက ဖြစ်လာရတယ်လို့"

"သူတို့နှစ်ယောက် ကြည့်ရတာ ရိုးရိုးသားသားပါ မောင်ရှိန် ပါရဲ့"

"ဘာ . . . ရိုးရိုးသားသား ဟုတ်လား"

"ဟုတ်တယ်လေ။ မရိုးသားတဲ့ အရိပ်အယောင်မှ မတွေ့တာ ပြီးတော့ မမခင်လည်း ရှိနေတာပဲ ဉစ္စာ"

"ဒေါ်ဦး မသိတဲ့အကြောင်းတွေ အများကြီးပါ"

ဒါပဲပြောပြီး ရှိန်ဝါအပြင်သို့ ပြန်ထွက်လာခဲ့တော့၏။ ဒီပွဲမှာ ကိုယ်က ရာမ နေရာမကရဘဲ ဒဿဂီရိလူးလုပ်ရတော့မယ် ထင်ပါရဲ့။ သူညည့်ခန်းထဲကိုရောက်တော့ အမေနဲ့ ဝသန်က ထိုင်နေသည်။ နောင်ကြီးက ဘယ်မှာလဲ။ အခု ကိုယ်ပြန်ရောက်မှ အခန်းအောင်းနေ ပြီလား။ ရှိန်ဝါဆိုတဲ့ကောင်က ပြောရင် အားမနာတတ်သူပီပီ . . .

"ဝသန်"

"ရှာ"

"မင်း ဘယ်တော့ပြန်မှာလဲ"





"အခုပဲ ပြန်တော့မလို့ပါ ကိုကြီး။ ကိုကြီးကို နှုတ်ဆက်မလို့ စောင့်နေတာပါ"

"တကယ်ဆို နှုတ်ဆက်စရာမလိုဘူး။ မင်းနဲ့ငါ ကုမ္ပဏီမှာ အမြဲတမ်းတွေ့နေရမှာ"

"ဟုတ်ကဲ့ ဒါဆို ကျွန်တော် ပြန်တော့မယ် ကိုကြီး"

ဝသန့်ကို ကြည့်လိုက်တဲ့ မျက်လုံးတွေက သွားသင့်တာ ကြာပြီလို့ပြောနေသလိုပါ။

"သားကြီး စိတ်ထဲမှာ အထင်လွဲမှုတွေနဲ့ စနိုးစနောင့် ဖြစ် မနေနဲ့နော်သားကြီး။ သူတို့နှစ်ယောက်စလုံးကို အမေ ပြောပြထားပြီး သားပါ။ သမီးကို သားကြီးနဲ့ပဲ လက်ထပ်ရမယ်လို့"

"အဲဒီတော့ နောင်ကြီးက ဘာပြောလဲ"

ဒေါ်ခင်ခင် ချက်ခြင်းပြန်မဖြေနိုင်ပေ။ နောင်ကြီးက လက်မခံ ချင်ဘူးလေ။ ကိုယ်ကသာ တစ်ဖက်သတ် ဒါပဲလို့ အမိန့်ချခဲ့တာ။ ဝသန့်အဖြေကတော့ သိပြီးပါပြီ။ အမေ စိတ်ချမ်းသာရင် ပြီးရောတဲ့။

"အမေ ချက်ခြင်း ပြန်မဖြေနိုင်ဘူး မဟုတ်လား။ ကျွန်တော် သိပါတယ်။ သူ့ရင်ထဲမှာ ကျွန်တော် မရှိဘူးဆိုတာ"

"အဲဒီလိုတော့ . . ."

"ကျွန်တော် ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောမယ်ဆိုတာနှင့် ခေါ်ခင်ခင် စကားကိုရှေ့မဆော
နိုင်တော့ပေ။

"ဝသန်"

"ရှာ"

"မင်း . . . . ဖိုကိုချစ်သလား"

"ဟုတ်ကဲ့ ကိုကြီးက ထာဝရ ကျွန်တော့်ရဲ့ အစ်ကိုအရင်း"

"ဒါဆို အစ်ကိုတစ်ယောက်အနေနဲ့ မင်းဘဝရှေ့ရေးတွေ
ငါပြောတာကို မင်းလက်ခံနိုင်မလား"

"ဟုတ်ကဲ့ ပြောပါ"

"ငါ . . . နှောင်ကြိုးနဲ့ လက်ထပ်ပြီးတာနဲ့ အဖေနဲ့အမေ
ဒီမှာပဲ ခေါ်ထားတော့မှာ။ အခု အမေတို့ပိုင်တဲ့ ပိုင်ဆိုင်မှုတွေကို မ
အကုန်ယူ။ ခြံနဲ့အိမ်ကိုရောင်းပြီးရင် မင်း ဒီမိသားစုနဲ့ဝေးရာကို သွား
ပြီး မင်းဘဝကို ရှေ့ဆက်ပါ"

"ရှာ"

"မင်း အခုရမယ့် ပိုင်ဆိုင်မှုကလည်း မနည်းပါဘူး။ န
တွေမှာဆို သူဌေးကြီး မဟုတ်ပေမယ့် သူဌေးလေးပေါ့။ အဲ့ဒ
တွေနဲ့အတူ ဝသန် ကိုကြီးကို တွေတွေလေး စိုက်ကြည့်နေမိသ

ပြောရက်လိုက်တာ။ နှောင်ကြိုးကို စွန့်လွှတ်ဖို့ထက် ထော





အဖေနဲ့အမေကို မခွဲနိုင်ဘူးလေ။ ဒါကို ထပ်ခွဲရဦးမှာလား။ အရွှံပေး
နေတာတောင် ဘာလို့လက်နက်ချခိုင်းရတာလဲ။ ဒူးထောက်ပါတယ်
ဆိုမှဘာလို့ လက်ပါမြှောက်ခိုင်းနေရတာလဲ။

"အဲဒါ မလုံလောက်သေးဘူးဆိုရင် မင်းကို ငါ အရင်းအနှီး
ထုတ်ပေးလိုက်ဦးမယ်"

"ကိုကြီး"

"......"

"မေတ္တာတရားကို ငွေပေါ်တိုင်းငွေနဲ့ တန်ဖိုးမဖြတ်ပါနဲ့ ကိုကြီး။
ကျွန်တော် နှောင်ကြိုး နေမကောင်းလို့ လာပြီးပြုစုပေးတာ အစ်ကိုတစ်
ယောက်က ညီမတစ်ယောက်အပေါ်ထားတဲ့ မေတ္တာတရားနဲ့ စိုးရိမ်
ပူပန်မှုတွေကြောင့်ပါ။ ကျွန်တော်က တစ်ကောင်ကြွက်။ အဖေနဲ့အမေ
ရဲ့ မေတ္တာရိပ်မှာ ခိုလှုံကြီးပြင်းလာခဲ့ရလို့ လူတစ်လုံး သူတစ်လုံးဖြစ်
ခဲ့ရတဲ့ဘဝပါ။ အဖေနဲ့ အမေတို့နဲ့တော့ ကျွန်တော့်ကို ထပ်မခွဲပါနဲ့။
ကျွန်တော့်အတွက် ဘာပိုင်ဆိုင်မှုမှ မလိုဘူး"

ဝသန် ပြောပြီး ကိုယ့်အဝတ်အိတ်ကလေးကို ကိုင်ကာထရပ်
လိုက်၏။ ရင်ထဲမှာ ပြောချင်တဲ့စကားတွေ အများကြီးပေမယ့် မပြော
သာပါဘူး။ ပါးစပ်က ပြောလိုက်တာထက် လက်တွေ့ပြချင်တာလေ။
အဖေနဲ့ အမေကို သူကျေးဇူးဆပ်ဦးမှာဆိုတာ . . .

"မင်းကလည်း အလကြီးပါလား"

"ဘာမဆို ငွေ့ရှိ္ဒြဖြစ်တယ်လို့ မထင်နဲ့ ကိုကြီး။ ငွေနဲ့ဝယ်



www.burmeseclassic.com

www.burmeseclassic.com



လို့မရနိုင်တာတွေ အများကြီးပဲ။ ကိုကြီးတို့ လက်ထပ်ရင် ကျွန်တော် အစအဆုံး ကျွန်လိုနိုင်းတာ မှန်သမျှ ကျွန်တော် လုပ်ပေးမယ်။ အဒေ အမေတို့နဲ့ ခွဲဖို့တော့ ထပ်မပြောပါနဲ့"

ပြောပြီး ဝသန်ထွက်လာခဲ့တော့၏။ သူဘယ်လို ကျန်ခဲ့ဖေ စိတ်မဝင်စားပါဘူး။ ကိုယ့်ရင်ထဲမှာတော့ နွေဆယ်နွေပါ။

● ● ●



# အခန်း (၃၀)

နှောင်ကြိုးရဲ့ အပြာရောင်စာအုပ်ကလေးထဲမှာ ကိုယ့်ရင်ထဲက စကားချက်တွေကို ဝန်ခံဖွင့်ဟလိုက်၏။ သူမ ပြောပြရင် နားထောင်ပေးနိုင်သူမှမရှိပဲလေ။ ဒါကြောင့် ဒီစာအုပ်ကလေးကိုပဲ ပြောပြလိုက်ခြင်းပေါ့။ ကိုကြီး ပြန်ရောက်လာပြီဆိုတော့ ဝသန်က ပြန်တော့မှာလေ။ ခေါင်းကွဲတာပဲ အဖတ်တင်တာပေါ့။

လက်ချောင်းလေးတွေက ခေါင်းကဒတ်ရာကို စမ်းမိသွား၏။ အကယ်တော့ ရင်ထဲကဒဏ်ရာကပိုပြီး နာကျင်နေတာပါ။ စာကြောင်းလေးတွေကိုရေးပြီး စာအုပ်ကိုပိတ်လိုက်ပြီးနောက် သိမ်းထားခဲ့တဲ့ စာရွက်ကလေးကို ထုတ်ယူလိုက်၏။ ကဗျာကလေးလေး။ ဝသန့် လက်ရေးဝိုင်းဝိုင်းလေးနဲ့ ရေးထားတဲ့ စာရွက်ကဗျာလေးပါ။

"လျှို့ဝှက်အချစ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကမျာလေးကိုဖတ်ရင်း မျက်ရည်က ပေါက်ခနဲ ကျသွားတော့ စာရွက်ကလေးပေါ်ကိုပါ။

ဩော်. . . ထသန်ရယ်။

နောင်ကြိုး စာရွက်ကလေးကိုကိုင်ပြီး ဝရန်တာသို့ထွက်လာခဲ့မိသည်။ စိတ်တွေ မွန်းကျပ်နေလို့ ဝရန်တာမှာထွက်ပြီး ဒီကမျာလေးကိုအလွတ်ကျက်မယ်လေ။ နှလုံးသားထဲမှာတော့ ကူးယူမှတ်တေးလိုက်ခြင်းပဲပေါ့။ ဝရန်တာကို ရောက်တော့. . .

"နောင်ကြိုး"

"ဟင်"

နောက်ကနေ လိုက်လာသူက ကိုကြီးပါ။ ရောက်. . . ရောက်ချင်း ဘာမှမပြောပေ။ နောက်မှ. . .

"ဒဏ်ရာ သက်သာရဲ့လား"

"ဟုတ်. . . . သက်သာပါတယ်"

"နောက်ဆိုရင် ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ။ အခု မင်းဖြစ်လိုက်သမျှက နမော်နမဲ့နိုင်လို့ ဖြစ်တာချည်းပဲ။ မိုးမိလို့ ဖျားတာရော၊ ချော်လဲတာရောပဲ"

"......"

"အမေက မင်းကို ပြောပြီးပြီဆို ဟုတ်လား"

နောင်ကြိုး ခေါင်းညိတ်လိုက်မိ၏။



"လက်ထပ်ပြီးမှပဲ ကျောင်းဆက်တက်ပေါ့"

"......"

"မင်း ဘာဖြစ်ချင်လဲ။ ငါ့ဆီက ဘာတောင်းဆိုချင်လဲ။ ပြောစရာရှိရင်ပြောနော် အားမနာနဲ့"

"......"

"လက်ထပ်ပြီးရင် အဖေနဲ့အမေကို ဒီမှာခေါ်ထားလိုက်တော့မယ်။ အသက်တွေက ရနေပြီဆိုတော့ အလုပ်မလုပ် စေချင်တော့ [illegible]လေ"

"......"

ခေါင်းကိုသာ ငုံ့ထားပြီး နောင်ကြိုး ဘာမှပြန်မဖြေလေတော့။ [illegible] မျက်မှောင်ကြုတ်သွားကာ. . .

"နောင်ကြိုး"

"......"

ခေါ်လိုက်တော့ ခေါင်းပဲ မော့လာလေသည်။ ဒီလိုမေးတော့လည်း ခေါင်းခါရုံသာ. . .

"ပြောစရာ မရှိတာတော့ မဖြစ်နိုင်ပါဘူး။ လူတွေက ပြောစရာမရှိတာထက် ပြောစရာတွေ များလွန်းလာပြီး မျိုသိပ်ရတဲ့အခါ တိတ်ဆိတ်သွားတတ်ကြတယ်။ ငါသိတယ် နောင်ကြိုး။ မင်း မျိုသိပ်ရလွန်းလို့ တိတ်ဆိတ်နေတာပါ။ ပြောကြည့်လေ ဖြစ်နိုင်မယ်ထင်တာတွေပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလို့လည်း ထူးမယ် မထင်ပါဘူး"

"ဘာ"

ဟုတ်တာပေါ့။ နှောင်ကြိုး ဘာမှမပြောတော့တာ ပြောခွင့်မရှိလို့ပေါ့လေ။ မျှသိပ်ရလွန်းလို့တော့ မပြောချင်တော့ပါဘူး။ ကိုယ်ပြောချင်တဲ့ စကားတွေက သူတို့လက်မခံနိုင်စရာတွေပဲ ဖြစ်နေလို့ပါ။ ငြင်းဆန်ခွင့်မရှိအောင် တစ်ချက်လွှတ် အမိန့်တော်ချမှတ်ပြီးပြီ ဆိုတော့ . . .

ကိုယ့်ဆန္ဒဆိုတာတွေ ဘာတွေများ တင်ပြပြီး အယူခံဝင်နေရဦးမှာလဲ။

"နှောင်ကြိုး"

". . . . . ."

"နင် မဖြစ်နိုင်တာကို မျှော်လင့်မနေနဲ့နော်။ မဖြစ်နိုင်တော့ဘူးဆိုတာကို သိနေရင် ဖြစ်သင့်တာကိုပဲ လုပ်ရမှာ။ စိတ်ကူးနဲ့ရေပေါ်အရုပ်ဆွဲနေရင်တော့ နင်တို့အနာဂတ် လှမှာမဟုတ်ဘူး။ ငါက ဒါလုပ်ရမယ်လို့ ဆုံးဖြတ်ပြီးရင် မဖြစ်ဖြစ်အောင် လုပ်တတ်တဲ့ကောင်။ နင် ဟိုကောင်ကို လွမ်းပြနေလို့ ငါနောက်ဆုတ်လိမ့်မယ်လို့ မထင်နဲ့"

"သိပါတယ်။ သိလို့ နှောင်ကြိုးမှာ ပြောစရာစကား မရှိတာပါ"

"ရှိတော့ရှိနေတယ်မို့လား။ မပြောတာ"

"အမှန်ကို ပြောရမလား"





"ပြော . . ."

"ဟုတ်တယ် နှောင်ကြိုးမှာ ပြောစရာစကားတွေ ရင်ထဲမှာ အပြည့်ပဲ။ ဒါပေမယ့် ပြောလိုက်ရင် လက်ခံကြမှာမှ မဟုတ်တာ။ အဲဒါကြောင့် ဘာမှမပြောဘူး"

"ထင်ပါတယ်"

ဝသန်က ငါ့ထက် ဘာတွေသာနေသလဲလို့ မေးချင်လိုက်တာ။ ဒါပေမယ့် အဲဒီလို မေးလိုက်ရင် လူကြီးမဆန်ရာကျနေမှာမို့ မေးတော့ပါဘူး။ ဖွင့်မပြောကြပေမယ့် သူတို့ရင်ကိုယ်စီမှာ ဘာတွေခိုင်ကိုန်းအောင်းနေသလဲ ရိပ်မိတာပေါ့။ တစ်ယောက်က ကိုယ့်အိမ်ကိုရောက်ကတည်းက တမှိုင်မှိုင် တငွေငွေလေ။

ဟိုတစ်ယောက်ကလည်း နှောင်ကြိုး နေမကောင်းဘူးဆိုတာနဲ့ပဲ အလုပ်မဆင်းဘဲ လာပြုစုပေးတာကိုပဲ ကြည့်ပေါ့။ အဲဒီသံယောဇဉ်ဆိုတဲ့ ကြိုးကိုဖြတ်တောက်ပစ်နိုင်တဲ့ လက်နက်ကောင်းတစ်ခု လိုချင်လိုက်တာ။ သူတို့နှစ်ယောက်ရဲ့ သံယောဇဉ်ကြိုးကို ဖြတ်ချင်လို့ပဲပေါ့။

"နှောင်ကြိုးက ကျေးဇူးတရားဆိုတဲ့ ကြိုးနဲ့အတုပ်နှောင်ခံလိုက်ရပြီးပြီလေ။ ကျေးဇူးဆက်တက်မိတာကို မှားတာ။ ဒါပေမယ့် အဲဒါလည်း နှောင်ကြိုး ဆန္ဒမပါခဲ့ပါဘူး။ အမေနဲ့ ကိုကြီးတို့ရဲ့ အပြန်အလှန် ကျေးဇူးတွေကြားမှာ နှောင်ကြိုးက ကျေးဇူးဆပ်ကန်တော့ခဲ့တဲ့ ပစ္စည်းတစ်ခုပေါ့။ လုပ်ကြပါ။ နှောင်ကြိုး ပြန်တုံ့ပြန်ဖို့အတွက် အခွင့်အရေးဆိုတာလည်း ရှိလာဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီး"

"ဟင်"

"ဟင်"ဆိုတာ နောင်ကြီး ထူးလိုက်တာ မဟုတ်ပါ။ ဝရန်တာကနေ အောက်ကိုဘာရယ်မဟုတ် ငုံ့အကြည့်မှာ အဝတ်အိတ်နဲ့ ထွက်သွားတဲ့ ဝသန့်ကို မြင်လိုက်လို့ပါ။

"ဝသန်"

နောင်ကြီး စောစောက ဝှက်ထားတဲ့ လက်ကိုအထုတ်မှာ နောင်ကြီးလက်ထဲက စာရွက်ကို ရှိန်ဝါမြင်သွားလေလျှင် . . .

"နောင်ကြီး"

". . . . . . ."

"အဲဒါ ဘာစာရွက်လဲ ပေးစမ်း"

နောင်ကြီး သတိရပြီး လက်ကိုပြန်ဝှက်လိုက်ပေမယ့် မရတော့ပေ။ စာရွက်ကလေးက ရှိန်ဝါ့လက်ထဲရောက်သွားပြီ။ ကဗျာကို တစ်ပိုဒ်တစ်စပဲဖတ်ပြီးနောက် . . .

"တောက်"

စာရွက် လွှင့်ပစ်လိုက်လေလျှင် . . .

"ဝသန်"

ဝသန်လို့ ခေါ်သံကြားလို့ ဝရန်တာကို မော့ကြည့်လိုက်တဲ့ ဝသန် စာရွက်ကလေး လွှင့်လာတာကို မြင်လေလျှင် လိုက်ကြည့်နေမိ၏။ ဘာစာရွက်လဲ။ ဘယ်နေရာမှာ ကျမလဲလို့ ကြည့်နေမိရင်း စာရွက်က ပန်းအိုးတွေကြားသို့ ကျသွားလေ၏။ ဘာစာရွက်လဲလို့ စိတ်ဝင်စားချင်းက ခြေလှမ်းတွေက ထိုနေရာဆီသို့ ဦးတည်စေပြီး စာရွက်ကလေးကို ကောက်ယူဖတ်မိလိုက်စဉ် . . .





"ဟင်"

ဒီကဗျာစာရွက်ကလေးကို နောင်ကြီး ဘယ်ကနေရပါလိမ့်။ ကိုယ်ကတော့ ထွက်ကျပြီး ပျောက်သွားတယ်လို့ပဲ ထင်ခဲ့တာ။ လက်စသတ်တော့ နောင်ကြီးလက်ထဲ ရောက်နေခဲ့တာကိုး။ အလွတ်ရနေပြီဖြစ်တဲ့ ကဗျာလေးကို စိတ်ထဲကရွတ်မိရင်း ခြေလှမ်းတွေက နှေးကွေးလေလို့ပါ . . .။

ကဗျာတစ်ကြောင်း ရွတ်မိတိုင်း . . . ရင်ထဲမှာ နင့်ခနဲ နင့်ခနဲပါပဲ။ သူထွက်လာကာနီး အမေမှာတဲ့ စကားကလည်း . . .

"အမေတို့ရဲ့ ကျေးကျေးဇူးကို ဆပ်ချင်တယ်ဆိုရင် သားအစ်ကိုပြောသလိုပဲ သူ့စကားကို နာခံလိုက်ပါသားရဲ့"တဲ့။ တွေးမိတော့ မျက်ရည်က ပေါက်ခနဲကျသွားလေ၏။ စိတ်ချပါ အမေရယ်။ အမေတို့ စိတ်ချမ်းသာဖို့အတွက် ဘာပိုင်ဆိုင်မှုကိုမှမယူဘဲ အမေတို့နဲ့ ဝေးရာကိုသား ထွက်သွားပေးပါ့မယ်။

"ဝသန်"

". . . . . . ."

"ဝသန်"



www.burmeseclassic.com

www.burmeseclassic.com



နေရစ်ခဲ့တော့ နှောင်ကြိုးရေ . . .။ နင်နဲ့ငါ နှောင်အချိန်မှာ ပြန်ဆုံဖြစ်ခဲ့ရင်တောင် မခေါ်မပြောဘဲ နေကြရမယ့်အဖြစ်ပါ။ ငါ . . သွားပြီ နှောင်ကြိုး။ ငါ့ကို နင်မေ့နိုင်အောင် ကြိုးစားပါ ညီမလေးရယ်။ ငါကတော့ ဒီတစ်သက် နင့်ကိုမေ့လို့ရမှာ မဟုတ်တော့ဘူး ဆိုတာ ငါပဲ အသိဆုံးပါ။

"ဝသန်"

"နှောင်ကြိုး၊ ဘယ်လိုဖြစ်နေတာလဲ"

ဝသန်နောက်ကို ပြေးလိုက်ဖို့ ကြိုးစားနေတဲ့ နှောင်ကြိုး လက်တွေကို ရှိန်ဝါ ချုပ်ထားပေမယ့် . . .

"နှောင်ကြိုးကို လွှတ်ပါ၊ ဖယ်ပါ။ နှောင်ကြိုး တောင်းပန် ပါတယ် ကိုကြီးရယ်။ ဝသန်ကို နှောင်ကြိုး နှုတ်ဆက်ပါရစေ။ ခဏ လေးပါ"

"ကျွတ်"

"ဝသန်"

"နှောင်ကြိုး"

"နှောင်ကြိုး သူနဲ့ခဏလေး တွေ့ပါရစေ ကိုကြီးရယ်နော်။ ပြီးရင် ကိုကြီးတို့ ကြိုက်သလို စီစဉ်ပါ"

အတင်းရုန်းနေတဲ့ နှောင်ကြိုးကို ရှိန်ဝါ ရှိပါစေတော့ဟု လွှတ် ပေးလိုက်တာနှင့် နှောင်ကြိုး ပြေးထွက်သွားလေတော့သည်။ လှေကား ထိပ်ကိုအရောက်မှာတော့ . . .





"သမီး"

"......"

အခန်းထဲကနေ ထွက်လာပြီး ခေါ်လိုက်တာက အမေပါ။

"ဒါက ဘယ်ကိုလဲ"

နှောင်ကြိုး ပြန်မဖြေတော့ဘဲ ခြေလှမ်းကို ကမန်းကတန်း စတင်လိုက်စဉ် လှေကားထစ်ကို ချော်နင်းမိပြီး မြှုတ်ကျသွားလေတော့–

"သမီး"

"နှောင်ကြိုး"

နောက်ကနေ လိုက်လာတဲ့ ရှိန်ဝါရော၊ ဒေါ်ခင်ခင်ပါ အသံ ကုန်အော်ပြီး လှေကားထစ်တွေကို ပြေးဆင်းမိကြတာ အထစ်စေ့နင်း မိရဲ့လားတော့ မသိပေ။

"နှောင်ကြိုး"

"သမီးလေး"

● ● ●

www.burmeseclassic.com



## အခန်း (၃၁)

"ခင်ခင်. . ."

"ကိုဇော်. . ."

ဒေါ်ခင်ခင် ခင်ပွန်းသည်ကိုမြင်တော့ ပြေးမဖက်ရုံ တမယ် ပါပဲ။ သမီးရဲ့ဘေးမှာတော့ ရှိန်ဝါနှင့် ဝသန်တို့ရှိနေသည်လေ။ ဒါကြောင့် သူမ အပြင်ထွက်လာခဲ့တာပါ။ ကိုဇော်ကို ဖြစ်ဖြစ်ချင်းပဲ သမီးအကြောင်း ဖုန်းဆက်ထားခဲ့တာ။ ဆေးရုံရောက်တော့ မစိုးရိမ်ရတဲ့ အကြောင်း တစ်ခါထပ်ဆက် ဖြစ်ခဲ့သည်လေ။ ဒါပေမယ့်. . .

"ကိုဇော်ကလည်း ကိုယ့်သမီး ဆေးရုံတက်နေရတာတော့ လာတာနောက်ကျလိုက်တာ"

"ရှိန်ဝါတို့ အိမ်ကို ခဏသွားနေလို့ပါ"

"ဘာ သွားလုပ်တာလဲ"





"ခင်ခင်. . ."

"ရှင်. . ."

ဦးဇော်ဦး ဖန်းနားမည်ကို ခေါ်မိပြီး လက်ကလည်း လွယ်အိတ် ထဲက အရာတစ်ခုကို နှိုက်ယူလိုက်ကာ. . .

"မင်းကို ကိုယ်ပြောစရာရှိတယ်"

"ဘာများလဲ ကိုဇော်"

ဆေးရုံ မရောက်ခင်အထိ ကတော့ ဒေါ်ခင်ခင်မှာ သမီး အတွက် စိုးရိမ်လွန်းလို့ ငိုလိုက်ရတာ မပြောပါနှင့်တော့။ ဆေးရုံရောက် တော့ မစိုးရိမ်ရဘူးဆိုလို့သာ ခုလို ပေါ့ပေါ့ပါးပါး စကားပြောနိုင်တာပါ။

"မင်း. . . သမီးရေးရေးအတွက်ဆိုပြီး အတွေ့တွေဆက်ကြီး နေရင် ရှေ့ရေးကနောက်မှ သမီး အသက်ကို မင်းအရင်ဆုံးရှုံးသွား သိမှာမယ် ခင်ခင်။ အခုတလော သမီးတစ်ခုပြီးတစ်ခု ဖြစ်နေတာ သမား နိုင်ကျပါသလို တမင်တကာ လုပ်တာတွေလည်း ပါတယ် ခင်ခင်"

"ရှင်"

"မင်းရဲ့လုပ်ရပ်တွေ ရှေ့ဆက်နေရင် သမီး သူ့ကိုယ်သူ သေ ကြောင်းမကြံဘူးလို့ ပြောလို့မရဘူး။ သံဓယာဇဉ်ဆိုတာ ဘာနဲ့မှဖြတ် လို့မရတဲ့အရာပါ။ သားကြီးနဲ့ လက်ထပ်ဖို့ကိစ္စ သမီးဆန္ဒမပါဘဲ မစီ စဉ်ပါနဲ့"

"နေစမ်းပါဦး။ ရှင်က ဒီလိုပြောရအောင် ဘာတွေသိသွား လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်ဦး သက်ပြင်းချလိုက်မိ၏။ ဝသန်နဲ့နှောင်ကြိုးတို့နဲ့ သံယောဇဉ်က ဘယ်လောက်ခိုင်မာတယ်ဆိုတာကို အရင်ကတည်းက သိပြီးသားပေမယ့် အခုက စိုးရိမ်ရေမှတ်တစ်ခုကို တွေ့ရှိလိုက်ရသည်။ ဒီအရွယ်တွေက မိုက်ရူးရဲအရွယ်တွေဆိုတော့ သမီးလေး သူ့အသက် သူပြန်ပြီး ရန်မရှာဘူးလို့ ပြောနိုင်မလား။

ဒါကြောင့် . . . မတားဘူးလို့နေခဲ့ပေမယ့် အခုတော့မှ [illegible] တော့မည်လေ။ လူငယ်မပြောနဲ့ အချို့လူကြီးတွေတောင် အချစ်ကြောင့် မိုက်မှားတာတွေ ရှိခဲ့ဖူးကြသည် မဟုတ်လား။

"ရော . . . ခင်ခင်။ ဒီစာအုပ်ထဲက စာတွေကို မင်းဖတ်ကြည့်လိုက်ပါ"

ကိုဇော်ပေးတဲ့ စာအုပ်ကို ဒေါ်ခင်ခင် ယူလိုက်ပြီး စာအုပ်ကို ဖွင့်ဖတ်လိုက်တော့ ပထမဆုံး စာမျက်နှာမှာပဲ . . .

***ဝသန် . .***

နင့်ကို ငါသိပ်ချစ်တယ် ဝသန်ရယ်။ နင်လည်း ငါ့ကိုချစ်မှန်း ငါသိပါတယ်ဟာ။ ချစ်နေလျှက်နဲ့ နင်ဘာလို့ ဖွင့်မပြောတာလဲ ဆိုတာ ငါသိပါတယ်။ ဒါပေမယ့် သိအောင်တော့ နင်ဖွင့်ပြောသင့်တာ ပေါ့။ ခုတော့ ငါက မိန်းကလေးလေ။ နင်သာ ချစ်တယ်လို့ ဖွင့်ပြော ရင် ဘာပဲဖြစ်နေဖြစ်နေ ငါစွန့်စားရဲတယ် ဝသန်။

ငါလေ . . . နင့်ကို ဘယ်လောက်ချစ်သလဲဆိုရင် နင်နဲ့ [illegible] အရမ်းကြောက်နေမိတယ်။ နင်နဲ့ဝေးကွာနဲ့ မိနစ်လေးပဲဖြစ်ဖြစ် [illegible] တွေကို ပိုရှည်စေချင်ပြီး အတူနေခွင့်ရချင်တယ်။ အဲဒီလိုအချိန် [illegible]





အတွက် ငါဘာမဆိုလုပ်ရဲတယ် ဝသန်။ နင် အိမ်ကိုပြန်တော့မယ် ဆိုတော့ ငါအရမ်း ခံစားရတယ်ဟာ။

ငါသာ တစ်ခုခုဖြစ်ခဲ့ရင် နင်အိမ်ပြန်မှာ မဟုတ်သေးဘူးဆို တာ ငါသိတယ်။ ဒါကြောင့် ငါရော်လဲတယ်ဆိုတာ မတော်တဆ မဟုတ်ဘူး ဝသန်။ နင်နဲ့အတူနေခွင့်လေး ပိုရဖို့အတွက် ငါ့အသား အနာခံပြီး ငါတမင်လုပ်ခဲ့တာပါ။ အဲဒီအတွက် ငါ့ကိုခွင့်လွှတ်ပေးပါ ဝသန်ရယ်။ ငါရူးခဲ့တယ် မိုက်ခဲ့တယ်ဆိုရင် နင့်ကိုချစ်တဲ့စိတ်နဲ့ ရူးခဲ့ မိုက်ခဲ့မိတာပါ။

နင်သိရင် ငါ့ကို စိတ်ဆိုးမှာပဲနော်။ အဲဒီအတွက် နင့်ကို ငါ တောင်းပန်ပါတယ်။ ငါ့ကို စိတ်မဆိုးပါနဲ့ဟာ . . . .

***ဝသန့်ကိုချစ်တဲ့ . . . နှောင်ကြိုး***

ရေးထားတာက စာမျက်နှာသုံးမျက်နှာပါ။ ဒါကိုဖတ်ပြီး ဒေါ်ခင်ခင် ရင်ဘတ်ဖိလေတော့၏။

"ဘုရား . . . ဘုရား"

"ဒီကိစ္စက ဘုရားတရုံနဲ့ ပြီးမသွားဘူး ခင်ခင်။ မင်း ဘယ် လိုလုပ်မလဲ။ ရှေ့ဆက်တိုးမလား။ နောက်ဆုတ်မလား။ အခု လောကား [illegible] ဖြတ်ကျတဲ့ကိစ္စလည်း မတော်တဆလား။ တမင်လုပ်တာလား [illegible] မသိနိုင်သေးဘူး။ လူ့စိတ်ဆိုတာ ခန့်မှန်းကြည့်လို့ပဲရတာ [illegible] မြင်ရတာမှ မဟုတ်ဘူးလေ။ ရှေ့ဆက် ဘာတွေလုပ်ဦး [illegible] တာ. . .



www.burmeseclassic.com

www.burmeseclassic.com



"တော် . . . . တော်ပါတော့ ကိုဇော်ရယ်။ ခင်ခင် ထပ်ကြေကွဲပါရစေနဲ့တော့"

ဒေါ်ခင်ခင် နားနှစ်ဖက်ကို ယောင်ယမ်းပိတ်မိမလိုဖြစ်ပြီး ပိတ်လည်း မပိတ်မိပေ။ ရှိန်ဝါနဲ့ လက်ထပ်ပေးဖို့ စီစဉ်တာ တကယ်တော့ သမီးလေးဘဝ အမြင့်မှာတင့်တယ်လှပဖို့ပါ။ ကိုယ့်အတွက် ဆိုပြီး တစ်ပြားတစ်ချပ်မှ မျှော်လင့်ချက်မရှိခဲ့ဘူးလေ။

သူဇီလိုလုပ်တယ်ဆိုတော့ . . . လူ့ဘဝမှာ အသက်ထက် အရေးကြီးတာ ဘာရှိသေးလို့လဲ။ ကိုယ့်သမီးလေး အသက်ကိုတော့ အဆုံးအရှုံးမခံနိုင်ပေ။

"မင်း စဉ်းစားကြည့်စမ်းပါ ခင်ခင်ရယ်။ မင်းနဲ့ငါလည်း ချစ်လို့မှ ယူခဲ့ကြတာမဟုတ်လား။ တစ်ကိုယ်လုံး စိန်စီပေးထားပါစေ စိတ်ချမ်းသာမှုမရှိရင် ကျောက်ခဲလောက်တောင် တန်ဖိုးရှိမှာ မဟုတ်ဘူး။ အဓိကက ကိုယ်ချမ်းသာဖို့ထက်၊ စိတ်ချမ်းသာဖို့လိုတယ်။ စီးပွားကောင်းတော့ ကိုယ်ကြေတဲ့။ ပစ္စည်းဥစ္စာဆိုတာ လူရှာလို့ဖြစ်လာတာတွေပါ"

"ကျွန်မ သဘောပေါက်ပြီ ကိုဇော်"

ဒေါ်ခင်ခင် စာအုပ်ကိုကိုင်လျက်မှ သမီးရှိရာသို့ ခြေလှမ်းကျဲကျဲများနှင့်လာခဲ့တော့သည်။ သမီးရဲ့ဘေးမှာ ရှိန်ဝါနှင့်ဝသန်တို့ ရှိနေသည်လေ။ သမီးမျက်နှာလေးကို ကြည့်လိုက်တော့ မျက်ရည်တွေနှင့်ပါလား မငိုပါနဲ့တော့ သမီးရယ်။ အဲဒီမျက်ရည်တွေကို သုတ်ပြီး အမေအပြုံးတွေဖန်ဆင်းပေးပါတော့မယ်ကွယ်။





"သားကြီး"

ရှိန်ဝါက လှည့်ကြည့်လေတော့ . . .

"အမေ . . . သားကြီးကို ပြောစရာရှိတယ်။ အမေနဲ့ အပြင်ခဏလိုက်ခဲ့ပေးပါနော်"

ရှိန်ဝါ ခေါင်းညိတ်ပြီး လိုက်သွားလေတော့ . . .

"ဝသန်"

"ဟင် . . . ပြောလေ နောင်ကြီး"

"ငါ . . . နင့်ဆီမှာ တစ်ခုလောက် တောင်းဆိုပါရစေ"

"ဘာများလဲ"

နောင်ကြီး ဝသန့်လက်ကို ဆုပ်ကိုင်လိုက်ပြီး မျက်ရည်တွေ လည်း ကျကာ . . .

"ငါ . . . ဆေးရုံက မဆင်းခင်အထိ ရသလောက်အချိန်လေးမှာ နင် ငါ့အနားမှာ နေပေးပါနော်။ ငါ လက်ထပ်ပြီးရင် နင်နဲ့တွေ့ရဖို့ မလွယ်တော့လို့ပါ။ ထာဝရ ခွဲခွာခြင်းမဟုတ်ပေမယ့် နင်နဲ့ငါ ဝေးရတော့မှာ . . ."

ဝသန့်ရင်ထဲမှာ အူတွေအသည်းတွေ ဆွဲထုတ်ခံလိုက်ရသလိုပါပဲ။ နောင်ကြီး လက်ကိုပြန်လည်ဆုပ်ကိုင်လိုက်ပြီး မျက်ရည်က စေ့စေ့ပါ။ နောင်ကြီး သိထားတဲ့ ဝေးကွာခြင်းထက် ကိုယ်သိထားတဲ့ ဝေးကွာခြင်းက ပြန်ဆုံနိုင်ရန် ခက်ခဲလှစွာ။ ဝသန် ဒီမိသားစုရဲ့ဝေးရာကို ထွက်သွားဖို့ ဆုံးဖြတ်ပြီးပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို အလိုမရှိတော့တဲ့အရပ်မှာ တွယ်ကပ်နေခွင့်လေး တောင်မပေးချင်ကြတော့ ရင်နာစွာနဲ့ ထွက်ခွာသွားရဦးမှာပါ။ ခွဲခွာ ကြဖို့ ဆုံးဖြတ်စည်းဖြစ်ခဲ့ကြတာဆိုရင် အစကတည်းက ဆုံစည်းခွင့်မပေး ပါနဲ့လား ကံကြမ္မာရယ်။ ခုတော့ ရက်စက်လိုက်ကြတာ။ ကျေးဇူး တရားကြီးနဲ့ တုပ်နှောင်ခံရမယ့်အစား အရှင်လတ်လတ် မြေမြှုပ် အသတ်ခံလိုက်ရတာမှ ကောင်းပါသေးတယ်လေ။

"ဝသန်"

"......"

"ငါ ပြောတာကြားရဲ့လား"

"ကြားရင် တစ်ခုခု ပြန်မပြောဦးလေ။ ငါ့ အနားမှာ နှင်နေ ပေးမယ် မဟုတ်လားဟင်"

"အေး...အေးပါဟာ"

ဒီတော့ နှောင်ကြိုးရဲ့ နှုတ်ခမ်းလေးပေါ်မှာ မပီမပြင် အပြုံး ကလေးတစ်ပွင့် ခိုကပ်လို့ ...

"နှင် သိလား ဝသန်"

"ဟင်"

"နှင့် ခံစားမှုထက် မချစ်မနှစ်သက်တဲ့ သူကိုလက်ထပ်ရမယ့် ငါ့ခံစားမှုက ပိုပြီးလေးနက်ပုလောင်တယ်"

"ငါ သိပါတယ်"



"နှင့်ဆီက ငါအကြားချင်ဆုံး စကားတစ်ခွန်းရှိတယ်"

"ဟင်"

"ဝသန်"

"....."

"နှင် ငါ့ကို ချစ်တယ်မဟုတ်လားဟင်"

ဝသန် အံ့အားသင့်စွာ ပါးစပ်အဟောင်းသား ဖြစ်သွားလေ သည်။ ဒီမေးခွန်းကို မေးလိမ့်မယ်လို့မှ ထင်မထားတာ။ မေးပြီဆိုတော့ လည်း မမေးနဲ့ နှင်အဲဒီလို မမေးပါနဲ့ နှောင်ကြိုးရယ်။ ငါ့မှာ ဖြေခွင့် မရှိလို့ပါ။

"ဖြေလေ..."

အင်အားမဲ့စွာ ခေါင်းညိတ်ပြလိုက်တော့...

"ငါ ကျေနပ်ပါတယ်"

"အဟမ်း"

"ဟင်"

"အဖေ"

ဦးဇော်ဦး ချောင်းသံပေးလိုက်တော့ ဆုပ်ကိုင်ထားတဲ့လက် တွေကို ကမန်းကတန်း လွှတ်လိုက်ကြ၏။ ဦးဇော်ဦး မျက်နှာက ပြုံး တုံ့မို့ ဘာမှမသိလို့ ပြုံးနိုင်တာလို့ တွေးထင်ကြမလားတော့ အသိပေး တယ်တော့ သိလို့ပဲ ပြုံးနိုင်ခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . သွားနဲ့သမီး"

"ဗျာ"

"ရှင်"

"အဖေ သတင်းကောင်းလေး လာပေးတာ။ သေသေချာချာ နားထောင်ကြ"

အဖေပြောတော့ နှစ်ယောက်စလုံးပဲ ကြောင်စီစီနှင့် ကြည့်နေကြလေလျှင် . . .

"အခု သမီးနဲ့ရှိန်ဝါ လက်ထပ်ဖို့ကိစ္စ ပျက်သွားပြီ။ စိတ်အေးအေးသာထားပေတော့"

"ဗျာ"

"ရှင်"

"တကယ်တော့ အချစ်ဆိုတာ ဆုံးရှုံးစွန့်လွှတ်ခြင်း၊ ရယူပိုင်ဆိုင်ခြင်းဆိုတာတွေ အားလုံးချစ်တဲ့သူရဲ့ ခံယူချက်ပေါ်မှာ မူတည်ပြီး အဓိပ္ပာယ်ကွဲလွဲသွားကြတာပါ။ သမီးရဲ့ဒိုင်ယာရီ စာအုပ်ကလေးကြောင့် သမီးမေမေလည်း နားလည်သွားပါပြီ။ ရှိန်ဝါရောပေါ့"

"ဒါဆို"

"သမီးနဲ့ ဝသန် ဘယ်တော့မှမခွဲရတော့ပါဘူး။ အဲဒါကို အဖေလာပြောတာ"

"အဖေ . . . အဖေ တကယ်ပြောတာလား ဟင်"





ဗျာဗျာသလဲ မေးလိုက်သူက ဝသန်ပါ။ ဦးဇော်ဦးက ခေါင်းညိတ်ပြပြီး ပြန်ထွက်သွားလေလျှင် . . .

"နောင်ကြိုး"

"ဝသန်"

တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်လိုက်ကြတာ တင်းတင်းကျပ်ကျပ်ပါ။

"ဒါဆို တို့မခွဲရတော့ဘူးပေါ့နော်"

"ဒါပေါ့ဟာ"

ခုတော့ နှစ်ယောက်စလုံး ပြုံးနိုင်ကြပြီပေါ့လေ။ ရင်ထဲက နင့်သီးမှုတွေလည်း ဖြုတ်ချလိုက်သလို ပြုတ်ကျသွားခဲ့ပြီ။ လွတ်လပ်သွားပါပြီ။ ဝသန်က . . . နောင်ကြိုး မျက်ရည်တွေကို သုတ်ပေးလိုက်ပြီ . . .

"မငိုနဲ့တော့လေဟာ"

"ဝါ . . . ဝါ ဝမ်းသာလွန်းလို့ပါ"

"ဝမ်းသာရင်လည်း ငိုတာပဲလား"

နောင်ကြိုးက မျက်ရည်တွေ သုတ်ပေးနေတဲ့ ဝသန့်လက်ကို ဆွဲယူလိုက်ပြီ . . .

"နင် မတရားဘူး သိလား"

"ဟင်. . . . . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မေးတော့ နောင်ကြီးက နှုတ်ခမ်းစူပြီး မျက်စောင်းလည်း ထိုးကာ . . .

"နင် အခုထိ ငါ့ကို ချစ်တယ်လို့ မပြောသေးဘူးလေ။ ငါ စောစောက မေးတာတောင် ခေါင်းပဲညိတ်ပြတာ။ ပါးစပ်က ဖြေလို့လား။ ဒီကပဲ မိန်းကလေးဖြစ်ပြီး အရှက်မရှိ မေးနေရတယ် မကျေနပ်ဘူး"

နောင်ကြီးစကားကြောင့် ဝသန့်ရယ်လိုက်မိ၏။ ဟုတ်တာပေါ့ ဝသန့်။ အခုထိ သူ့ကိုချစ်တယ်လို့ ဖွင့်မပြောရသေးဘူးလေ။ ဒါပေမယ့် ပါးစပ်က ဖွင့်ဟပြောမှ အချစ်လို့ခေါ်ဆိုနိုင်တာမှ မဟုတ်ဘဲလေ။ ရင်ထဲမှာ မျိုသိပ်ထားတဲ့ အချစ်တွေက ရင်နဲ့မဆန့်အောင်ပဲဆိုတာ။

"ပြောပြမှ သိမှာလား ကောင်မလေးရဲ့။ နင့်ကို ငါချစ်တာ ရင်နဲ့မဆန့်အောင်ပဲ။ ဖွင့်မပြောတာက ပြောခွင့်မရှိလို့လေ။ အခု ပြောခွင့်ရှိပြီဆိုတော့ . . ."

ဝသန့်က နောင်ကြီးရဲ့ လက်ခုံလေးကို နမ်းလိုက်ကာ . . .

"နင့်ကို ငါ အရမ်းချစ်တယ်"

"တကယ်"

"ဘုရားရှူး . . . မိုးကြိုးပစ်"

နောင်ကြီး ဝသန့်လက်မောင်းကို ထုလိုက်ပြီး . . .

"ဝသန်နော် ကောင်းကောင်း မပြောဘူး"





"ငါက ချစ်လို့စတာပါ။ ကဲ . . . ပြော ဘယ်လိုကန်တော့ရမလဲ ဘုရား"

"ဝသန့်"

နောင်ကြီး ဝသန့်နှုတ်ခမ်းကို သူ့လက်ချောင်းလေးများနှင့်လှမ်းပိတ်လိုက်၏။

"ကျိန်စရာ မလိုပါဘူး ဝသန့်ရယ်။ နင့်ကို ငါယုံပြီးသားပါ"

ဝသန့်ရင်ထဲမှာ သိုသိပ်ထားခဲ့ရသမျှ ခုတော့ လွတ်လပ်စွာ ချစ်ခွင့်ရပြီမို့ နောင်ကြီးရဲ့ နဖူးကိုဖွဖွလေး နမ်းလိုက်မိသည်။ ကြည်နူး ရောကောင်းလိုက်ပါဘိ။ တစ်ခါတစ်လေ လူတွေရဲ့ဘဝအချို့က ဝတ္ထုဇာတ်လမ်းတွေထက်ပင် ဆန်းကျယ်ပါသည်လေ။

ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ ထင်ထားခဲ့တာ အခုဖြစ်နိုင်စရာ ရှိလာခဲ့ပြီမို့။

ဝသန့်နဲ့နောင်ကြီးလိုပဲ အခက်အခဲတွေ ဘယ်လောက်ပဲရှိရှိ ချစ်တဲ့သူတိုင်း ပေါင်းစည်းခွင့် ကြုံကြပါစေလို့ ဆုတောင်းရင်း . . .

"နင့်ကို ငါ အရမ်းချစ်တယ် နောင်ကြီး"

"ငါလည်း နင်နဲ့ထပ်တူထပ်မျှပါ ဝသန့်ရယ်"

ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ။

အလင်းသစ်

(၄-၈-၂၀၁၅)



www.burmeseclassic.com

www.burmeseclassic.com



## • "သခင်စေရာ"

အကြည့်တစ်ချက်တည်းနဲ့တင်
ကိုယ့်ရဲ့ရင်ခွင်ကို လာငြိတဲ့
မင်းရဲ့ မျက်ဝန်းက . . .
ကိုယ့်အတွက် သခင်တစ်ပါးပါပဲ။

အပြုံးတစ်ပွင့်နဲ့တင်
ကိုယ့်ရင်ဘတ်တံခါးကို ဖွင့်စေခဲ့တဲ့
မင်းရဲ့အပြုံးက
ကိုယ့်အတွက် ထာဝရ အားဆေးပါပဲ။

မင်းလက်ညှိုးညွှန်ရာမှာ
ပန်းတွေပွင့်စေဖို့အတွက်
ငါကြိုးစားပေးမယ် ချစ်သူ . . .
ယုံကြည်မှုရှိရင်
ဘဝ တစ်ခုလုံး
ငါ့အပေါ် ပုံလိုက်ပါ။
အလိုရှိ အချိန်တိုင်း ငါဟာ . . .
နင့်ရဲ့သက်တော်စောင့်လေး ဖြစ်နေပေးမယ် . . .။

"လျှို့ဝှက်အချစ်"ကဗျာကို ပေးပို့လာပါသော ညီမလေး နှင်းနွယ်(ကလေး)နှင့် "သခင်စေရာ"ကဗျာကို ပေးပို့လာသော မောင်လေး ဆန်းလင်း(မြိတ်)တို့အား အထူးကျေးဇူးတင်ပါသည်။



www.burmeseclassic.com